ကြေးမုံ
The Mirror
Established in 1957
၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့ (23-1-2014) (၇၇၃၄)

ထူးခြားသည့်ညအပူချိန်များ

လွိုင်လင်	၁ ဒီဂရီစင်တီဂရိတ်
ဟားခါး	၁ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၃ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၄ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၅ ဒီဂရီစင်တီဂရိတ်

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Vijay Nambiar အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Vijay Nambiar အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဥပဒေကြမ်းများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဝင်ငွေခွန်ကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသိမှတ်ဖွယ်ရာ သမိုင်းဘာသာရပ်သင်ခန်းစာ ပါရှိပါသည်။

မော်လမြိုင်လေဆိပ်အား ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ ငှားရမ်းလုပ်ကိုင်ခွင့်ပြုတော့မည်

နေပြည်တော် ဇန်နဝါရီ ၂၂

မွန်ပြည်နယ်ရှိ မော်လမြိုင်လေဆိပ်ကို အဆင့်မြှင့်တင်ရန်အတွက် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များအား ငှားရမ်းအသုံးပြုခွင့်တင်ဒါပေးရေးလုပ်ငန်းညှိနှိုင်းဆောင်ရွက်ရန် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်သည် ဇန်နဝါရီ ၁၆ ရက်က မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်း၊ အစိုးရအဖွဲ့ရုံးအတွင်းရေးမှူး ဦးဇော်လင်းထွန်းတို့နှင့် တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီး ဦးဇင်ယော်က မော်လမြိုင်လေဆိပ်ကို ပြည်တွင်းလုပ်ငန်းရှင်များအား ငှားရမ်းလုပ်ကိုင်ရန် တင်ဒါခေါ်ယူ၍ ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပြုတော့မည်ဖြစ်ကြောင်း၊ လေဆိပ်အဆင့်မြှင့်တင်ရန်အတွက် အပန်းဖြေအနားယူစခန်း၊ စားသောက်ဆိုင်၊ စတိုးဆိုင်များနှင့် နိုင်ငံခြားငွေလဲကောင်တာများ ထားရှိသွားမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်လုပ်ကိုင်ပြီး တင်ဒါပိတ်ရက်ကို ဇန်နဝါရီ ၃၁ ရက် သတ်မှတ်ထားကြောင်း ပြောကြားသည်။ ထို့ပြင် ဒုတိယဝန်ကြီးက ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးနှင့် ပတ်သက်၍ မော်လမြိုင်ရှိဆိပ်ကမ်းများသည် ယခင်က နိုင်ငံခြားသင်္ဘောကြီးများ အချိန်မရွေး ဆိုက်ကပ်နိုင်သော်လည်း ယခုအခါ ဆိုက်ကပ်၍ မရတော့ကြောင်း၊ နိုင်ငံခြားသင်္ဘောကြီးများ ပြန်လည်ဆိုက်ကပ်နိုင်ရန်အတွက် ဆိပ်ကမ်းများကို ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပြောကြားသည်။

သတင်းနှင့်ဓာတ်ပုံ - အောင်နေမင်း

ကြေးမုံ စာတည်းရှုထောင့် **၂၃-၁-၂၀၁၄၊ ကြာသပတေးနေ့**

နှစ်ဆန်းမင်္ဂလာ

မိမိတို့နိုင်ငံတွင်မင်္ဂလာနှစ်ဆန်းနှစ်ကြိမ်ရှိသည်။ နိုင်ငံတကာနှင့်တန်းတူ နှစ်ဆန်းမင်္ဂလာ ဇန်နဝါရီနှင့် မိမိတို့နိုင်ငံ၏ ခါနွေတပေါင်းလနှောင်းကုန်လို့ တန်ခူးလအခါသမယကို နှစ်ဆန်းရက်မြတ်မင်္ဂလာဟူ၍ သတ်မှတ်ကြသည်။

မိမိတို့နိုင်ငံ၏ အအေးဆုံးကာလဖြစ်သည့် ဇန်နဝါရီနှစ်ဆန်းကို လှုပ်လှုပ်ရှားရှားပျော်ပျော်ပါးပါးနှင့် ကြိုကြသလို ဥတုရာသီရဲ့ ပူပြင်းသည့်နွေကာလ နှစ်ဆန်းရက်မြတ်ကိုလည်း ရေသဘင်ပွဲဆင်နွှဲကြရင်း မြူးထူးပျော်ရွှင်စွာ ကြိုကြသည်။ နှစ်ဆန်းမှာ မင်္ဂလာယူ ကုသိုလ်ကောင်းမှုပြုတတ်ကြသည်မှာလည်း မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ ထုံးဝလေ့တစ်ရပ် ဖြစ်ပါသည်။

မိမိတို့နိုင်ငံ၏ နှစ်ဆန်းသည့် မင်္ဂလာမှာ မင်္ဂလာထပ်သည်ဟု ဆိုရပါမည်။ နှစ်ဆန်း ဇန်နဝါရီလ ၄ ရက်နေ့သည် မိမိတို့နိုင်ငံ၏ အမှောင်ထဲမှ လွတ်ကင်း၊ အလင်းရွှေရည်ဝင်းပသည့်နေ့၊ အနှောင်အဖွဲ့မှ လွတ်ကင်း၊ ခပင်းပြည်သူ အပျော်ရွှင်ဆုံးနေ့၊ တစ်နည်း ကျွန်ပြုခံရမှုမှ လွတ်မြောက်ကာ “ဒါ ဒို့ပြည် ဒါ ဒို့မြေ ဒို့ပိုင်တဲ့မြေ” ကိုယ့်ပြည်ကိုယ့်မြေကို ပိုင်စိုးနိုင်ခဲ့သည့်နေ့။ ဤကဲ့သို့ ဂုဏ်ထူးဝိသေသများပြည့်စုံသည့် ထူးမြတ်သော မင်္ဂလာနေ့ တစ်နေ့ဖြစ်နေ၍ ဖြစ်ပါသည်။

ယခုနှစ်ဆန်းမှာ ပို၍ထူးသည့် မင်္ဂလာစကား ထပ်လောင်းကြားလာရပြန်ပါသည်။ ယင်းမှာ လာမည့်ဘဏ္ဍာရေးနှစ်တွင် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်၊ ပင်စင်လစာနှင့် ဆုကြေးငွေများ တိုးမြှင့်ပေးရေးဆောင်ရွက်မည်ဟု နှစ်ထောင်းအားရစရာ နှစ်ဟောင်းကုန် နှစ်ဆန်းမှာ သုတိသြဘာမင်္ဂလာစကားကို နိုင်ငံတော်သမ္မတကြီးက မိန့်ကြားခဲ့ပါသည်။

မိမိတို့မြန်မာလူမျိုးတို့သည် နှစ်သစ်တွင် ကောင်းသောအမှုကို ပြုလုပ်ကြစမြဲဖြစ်သည်။ အလားတူ နိုင်ငံတော်ကလည်း ပြုလုပ်ခဲ့ခြင်းပင်ဖြစ်ပါသည်။ ထို့အတူ မိမိတို့နိုင်ငံ၏ ကုန်သည်ကြီးများဘက်မှလည်း နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင် ကုသိုလ်ယူနိုင်ကြပါစေဟု ဆုတောင်းမိပါသည်။ အကြောင်းရင်းမှာ မိမိတို့နိုင်ငံတွင် နိုင်ငံတော်မှ နိုင်ငံ့ဝန်ထမ်းများအား လစာတိုးပေးတိုင်း တိုးပေးမည်ဟုဆိုသည့် နေ့မှစ၍ အခြေခံစားကုန်ကအစ ဈေးနှုန်းတက်ဖို့ ခြေလှမ်းပြင်နေကြသည့် အကျင့်လည်း အစဉ်အလာတစ်ရပ်လိုဖြစ်နေခဲ့၍ ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် ၂၀၁၁ ခုနှစ် သက်တမ်းအစမှ ယခုတစ်ကြိမ်နှင့်ဆိုပါလျှင် နိုင်ငံ့ဝန်ထမ်းနှင့် ပင်စင်စားများအပေါ် လစာတိုးမြှင့်ခံစားခွင့်ပြုလာခဲ့သည်မှာ သုံးကြိမ်တိတိရှိလာခဲ့ပါပြီ။ တိုးလာသည့် လစာနှင့်အတူ ကုန်ဈေးနှုန်းကလည်း အမီလိုက်ပါလာလေ့ရှိသည်။ ဝန်ထမ်းများမှာ တိုးသည့်လစာအချိန်ကြာကြာ ဝမ်းသာချိန်မရလိုက်ပါ။ လိုက်ပါလာသော ကုန်ဈေးနှုန်းကြောင့် ပျက်ပြယ်သွားခဲ့ရသည်ချည်းပင်ဖြစ်သည်။ ယခင်နှင့်မကွာခြားဖြစ်သွားတတ်သည်။

ယခု တတိယအကြိမ်မြောက် နိုင်ငံတော်၏ စေတနာကို ကြေညာလိုက်ပြီနောက် တရားဝင်ခံစားကြရမည်ဟု ယုံကြည်မျှော်လင့်ကြပါသည်။ ထို့အတူ ပြည်သူတို့၏ စားဝတ်နေရေးကို ဖြည့်ဆည်းထောက်ကူအကျိုးဆောင်ပေးနေကြသော ကုန်သည်ကြီးများဘက်မှလည်း နိုင်ငံတော်နှင့်ထပ်တူ မင်္ဂလာယူနိုင်ကြပါစေကြောင်း နှစ်ဆန်းမှာ ဆုတောင်းမင်္ဂလာ ပြုလိုက်ရပါသည်။ ။

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သို့ တက်ရောက်သတင်းယူမည့်သတင်းထောက်များ သတင်းထောက်ကတ်လျှောက်ထားနိုင်

နေပြည်တော် ဇန်နဝါရီ ၂၂

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းစင်တာ(MICC)၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ကျင်းပရာတွင် သတင်းရယူကြမည့် ပြည်တွင်းသတင်းထောက်များအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦး ဖုန်း၀၁-၅၄၄၅၈၂ နှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်း ဖုန်း ၀၁-၅၄၄၅၈၃ တို့သို့ဆက်သွယ်၍လည်းကောင်း၊ ပြည်ပသတင်းထောက်များနှင့် နိုင်ငံခြားသတင်းထောက်များအသင်း (Foreign Correspondents' Club)အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ဦးလှိုင်ဝင်း (စာတည်းမှူး) ဖုန်း ၀၆၇-၄၁၂၁၁၈၊ ဦးဇော်နိုင်ဦး(စာတည်းမှူး) ဖုန်း ၀၉-၄၉၀၃၂၉၉၇၊ ၀၁-၂၀၁၅၉၂ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်) ရန်ကုန်သို့လည်းကောင်း ဆက်သွယ်၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၄ ရက်တွင် နောက်ဆုံးထားအမည်စာရင်းပေးပို့ကြရမည်ဖြစ်ပြီး ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီမှစတင်၍ နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သတင်းထောက်ကတ်များထုတ်ပေးမည်ဖြစ်သည်။ သတင်းဌာန (ဂျာနယ်) တစ်ခုလျှင် သတင်းထောက်တစ်ဦးနှင့် ဓာတ်ပုံသမားတစ်ဦး စုစုပေါင်းနှစ်ဦး လျှောက်ထားနိုင်သည်။

ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် သတင်းရယူမည့်ပြည်တွင်းနှင့် နိုင်ငံခြားသတင်းထောက်များအနေဖြင့် သတင်းထောက်ကတ်လျှောက်ထားရာတွင် မိမိတို့၏ သတင်းဌာန(ဂျာနယ်)အမည်၊ သတင်းထောက်အမည်၊ ရာထူးနှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ဖြင့် ပြည့်စုံစွာ တင်ပြလျှောက်ထားရမည်ဖြစ်သည်။

အဆိုပါ ဒုတိယအကြိမ် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်သတင်းထောက်ကတ်ရရှိရေးနှင့် ပတ်သက်၍သိရှိလိုပါက ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းဌာန ဖုန်း-၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၁၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ဇန်နဝါရီ ၂၂

ရန်ကုန် ရွှေဈေး	၆၅၈၉၀၀	- ၆၅၉၇၀၀
မန္တလေး ရွှေဈေး	၆၅၈၈၀၀	- ၆၅၉၆၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ)	အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ)	အောက်တိန်း92	တစ်လီတာ	၉၂၀	ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၈၇. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၃၉. ၃
(ဂ)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၂. ၇၅
(ဃ)	တရုတ်	တစ်ယွမ်	= ၁၆၃. ၁၃
(င)	ထိုင်း	တစ်ဘတ်	= ၂၉. ၉၉၁
(စ)	မလေးရှား	တစ်ရင်းဂစ်	= ၂၉၆. ၂၂
(ဆ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၉၄၉
(ဇ)	ဂျပန်	တစ်ရာယန်း	= ၉၄၆. ၉၄
(ဈ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၃၂၅
(ည)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၇၄. ၅၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

သန်းခေါင်စာရင်းဟောပြောပွဲနှင့် မှတ်ပုံတင်နေ့ချင်းပြီးပြုလုပ်ပေး

နေပြည်တော် ဇန်နဝါရီ ၂၂

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဦးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ပျဉ်းမနားမြို့နယ် အရှေ့ခြမ်း တောင်ပေါ်ဒေသရှိ ဘန့်ဘားကျေးရွာအုပ်စု အောင်ဘိတ်သိပ်ကျေးရွာ၊ သံဖရဲကျေးရွာ၊ လှံ့ကတောင်ကျေးရွာ၊ ဆိတ်ဖူးတောင်ကျေးရွာတို့မှ ကရင်တိုင်းရင်းသားများအား ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာများကို ရှင်းလင်းဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်အတူ ရုံးဝန်ထမ်းများက ကရင်တိုင်းရင်းသား ၉၂ ဦးကို နေ့ချင်းပြီး နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်လင်းနှင့် ရပ်မိရပ်ဖ ဦးစောပီတာနှင့်အတူ ကျေးရွာ အထောက်အကူပြုအဖွဲ့ဝင်များ တောင်ပေါ်ကရင်တိုင်းရင်းသား ၂၀၀ ကျော်တက်ရောက်ကြောင်း သိရသည်။

ဦးကျော်(ပျဉ်းမနား)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E. Mr. Roland KOBIA အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော် တက်ရောက်သည်။

ထိုသို့ တွေ့ဆုံရာတွင် ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများနှင့် မြန်မာ့နိုင်ငံရေးဖြစ်စဉ်များကို ပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ်ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့တွင် ဇန်နဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက မြို့တော်ဂေါက်ကွင်း Club House အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို နေပြည်တော် မြို့တော်ဂေါက်ကွင်းနှင့် ရေပြာဂေါက်ကွင်းတို့တွင် စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားရှိပေးထားသည့် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဆပ်ကော်မတီအသီးသီးမှ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ အချိန်မီပြီးစီးရေးအတွက် သက်ဆိုင်ရာကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရေး အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသည့် ဆပ်ကော်မတီများအလိုက် ပေါင်းစပ်ညှိနှိုင်းပေးရမည့်အချက်များ ရှင်းလင်းတင်ပြရာ အတွဲရေးဆွဲရေးနှင့် တာလွှတ်ရေးဆိုင်ရာများ၊ ရိုက်ချက်တွက်ချက်ခြင်းနှင့် မှတ်တမ်းတင်ခြင်းဆိုင်ရာများ၊ ကြိုဆိုနေရာချထားရေးနှင့် ပို့ဆောင်ရေးဆိုင်ရာများ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးဆိုင်ရာများ၊ အခမ်းအနားပြင်ဆင်ရေးဆိုင်ရာများနှင့် ကယ်ဒီကြီးကြပ်ရေးဆိုင်ရာများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ဆောင်ရွက်မှုနှင့် ပြောင်းလဲတိုးတက်မှုအခြေအနေများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာလုပ်ငန်းစဉ်(၄)ရပ်အနက် ပုဂ္ဂလိကကဏ္ဍနှင့်စပ်လျဉ်း၍ ပြုပြင်ဆောင်ရွက်မှုအခြေအနေများ၊ ပြောင်းလဲတိုးတက်မှုအခြေအနေများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနာယက သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ Delivery Units များမှ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဒေါ်ခင်စန်းရီ၊ ဦးစိုးတင့်၊ ဒေါက်တာမောင်မောင်သိမ်း၊ ဒေါက်တာလင်းအောင်၊ ဒေါက်တာပွင့်ဆန်းနှင့် ဦးမျိုးအောင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဆပ်ကော်မတီနာယက၊ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်၏စီးပွားရေးလုပ်ငန်းများ သိသာစွာဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ Delivery Units များအနေဖြင့် မိမိဆပ်ကော်မတီအလိုက် ဒေသအသီးသီးတွင် ပြည်သူများနှင့် ကွင်းဆင်းထိတွေ့ဖြေရှင်း၍ ဆောင်ရွက်မှုများကြောင့် တိုးတက်မှုများရှိပါကြောင်း၊ ထို့အပြင် ပညာရှင်များ၊ လုပ်ငန်းကျွမ်းကျင်မှုရှိသူများနှင့် ပူးပေါင်းပြီး ဆွေးနွေးပွဲများကျင်းပ၍ အရေးပါသည့် ဖော်ထုတ်ချက်များရရှိအောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ လုပ်ငန်းကဏ္ဍတစ်ခုချင်း စီမံချက်များရေးဆွဲ၍ အကောင်အထည်ဖော်သွားရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ ပြည်တွင်းပြည်ပတွင်ဖြစ်ပေါ်နေမှုအခြေအနေများ၊ အချိန်ကာလအလိုက် ပြောင်းလဲဖြစ်ပေါ်နေမှု အခြေအနေများအရ ပြဋ္ဌာန်းထားသည့် စီးပွားရေး၊ ဘဏ္ဍာရေးနှင့် ငွေ၊ ကြေးဆိုင်ရာဥပဒေ၊ နည်းဥပဒေများအား လိုအပ်သလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများကို သက်ဆိုင်ရာပညာရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ လက်ရှိတွေ့ကြုံနေရသည့် ငွေရေးကြေးရေးပိုင်းဆိုင်ရာကိစ္စများ၊ အခွန်အကောက်ဆိုင်ရာကိစ္စများ၊ သယ်ယူပို့ဆောင်မှုပိုင်းဆိုင်ရာကိစ္စများအပေါ် Delivery Units အချင်းချင်း ပေါင်းစပ်ညှိနှိုင်းခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသွားကြရန် ပြောကြားသည်။

ဆက်လက်၍ Delivery Units ဥက္ကဋ္ဌဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစည်းအဝေးတက်ရောက်သူများက လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းများဆောင်ရွက်ရာတွင် အတားအဆီးအဟန့်အတား ဖြစ်ပေါ်နေသည်များအပေါ် ဖြေရှင်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း၊ ဆပ်ကော်မတီများမှ ကွင်းဆင်းဆောင်ရွက်ရာတွင် တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆောင်ရွက်ပေးခဲ့မှုများကိုလည်းကောင်း ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား မစ္စတာနမ်ဘီးယားနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

ယနေ့မွန်းတည့် ၁၂ နာရီတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာနမ်ဘီးယားနှင့် အဖွဲ့သည် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အပြည်ပြည်ဆိုင်ရာ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းရေးရာကိစ္စရပ်များတွင် ဥပဒေအခန်းကဏ္ဍအား ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

အငယ်တန်းသတင်းထောက်နှင့် စာပေလက်ထောက် (၂) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲဖြေဆိုမည့်သူများ သတင်းပို့ရန်အကြောင်းကြားခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့် မြန်မာ့သတင်းစဉ်(နိုင်ငံခြား)တို့တွင် တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက်(လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး (၁၀)နေရာနှင့် စာပေလက်ထောက် (၂) (လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀) ရာထူး (၆) နေရာတို့အတွက် ဖြေဆိုရန် အကြောင်းကြားပြီးဖြစ်ပါသည်။

စာမေးပွဲဖြေဆိုခွင့်ရသူများသည် ၂၅-၁-၂၀၁၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အထက(၁၄) နေပြည်တော်နှင့် ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)တို့၌ သတင်းစာပညာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာပညာရပ်များကို ဖြေဆိုရမည်ဖြစ်ပါသည်။ ထို့ကြောင့် ဖြေဆိုရန် လျှောက်ထားခဲ့ကြသူများသည် ၂၄-၁-၂၀၁၄ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဖြေဆိုခွင့်ရရှိမှုနှင့် ဖြေဆိုခွင့်ကတ်ပြား ရရှိရေးအတွက် နေပြည်တော် ရုံးအမှတ်(၇) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စီမံရေးရာဌာန ဖုန်း-၀၆၇-၄၁၂၁၂၃၊ သတင်းဌာန ဖုန်း-၀၆၇-၄၁၂၁၂၅ နှင့် ရန်ကုန်မြို့ ကမ်းနားလမ်း The New Light of Myanmar၊ မြန်မာ့သတင်းစဉ်(ပြည်တွင်း) ၀၁-၂၉၄၃၀၀ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းသတင်းပေးပို့ကြရန် အကြောင်းကြားပါသည်။

ထိုင်းရှပ်နီခေါင်းဆောင် သေနတ်ပစ်ခံရ

ဗန်ကောက် ဇန်နဝါရီ ၂၂

ထိုင်းနိုင်ငံတွင် မြို့တော်ဗန်ကောက်နှင့် ပတ်ဝန်းကျင်ပြည်နယ်များ၌ ရက်ပေါင်း ၆၀ကြာ အရေးပေါ်အခြေအနေ ကြေညာခဲ့စဉ်မှာ အစိုးရအဖွဲ့ကို ထောက်ခံသော ရှပ်နီအုပ်စုခေါင်းဆောင်တစ်ဦး သေနတ်ပစ်ခံရကြောင်း ဗုဒ္ဓဟူးနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

၂၀၁၀ခုနှစ် ဗန်ကောက်မြို့ ဆန္ဒပြပွဲတွင် အရေးပါသောအခန်းကဏ္ဍမှ လှုပ်ရှားခဲ့သော ဒေသဆိုင်ရာရေဒီယို အစီအစဉ်တင်ဆက်သူ ကွမ်ချိုင်းပရာအီပါနာသည် ၎င်း၏ နေအိမ်မှာပင် သေနတ်ဖြင့်ပစ်ခြင်းခံခဲ့ရသည်။

အစိုးရကိုဆန့်ကျင်သည့် ဆန္ဒပြသူများက ဝန်ကြီးချုပ် နုတ်ထွက်ပေးရန် ဖိအားပေးသည့်အနေဖြင့် ဗန်ကောက်မြို့ကို ဆက်လက်ပိတ်ဆို့ထားကြစဉ် ဤသို့သေနတ်ပစ်ခတ်မှု ဖြစ်ပွားခြင်းဖြစ်သည်။ အရေးပေါ်အခြေအနေ ကြေညာခြင်းက အစိုးရကိုလုပ်ကိုင်ခွင့် အာဏာများ ကျယ်ပြန့်စွာရရှိစေခဲ့သည်။ လူစုလူဝေးကို ထိန်းချုပ်ရန်၊ မီဒီယာများကို ဆင်ဆာလုပ်ရန် လုပ်ပိုင်ခွင့်များ ရရှိလာပြီဖြစ်သည်။

အင်္ဂါနေ့နှောင်းပိုင်း၌ ကြေညာခဲ့သော အရေးပေါ်အခြေအနေတွင် ဗန်ကောက်မြို့နှင့်ပတ်ဝန်းကျင်မှ ပြည်နယ်သုံးပြည်နယ်တို့ ပါဝင်သည်။

ဘီဘီစီ။

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၌ ရှပ်နီအုပ်စုဝင်များကို တွေ့ရစဉ်။

အိမ်အကူနှိပ်စက်ခံရမှု အင်ဒိုနီးရှားသမ္မတက စိုးရိမ်ပူပန်ဟုဆို

ဂျကာတာ ဇန်နဝါရီ ၂၂

အင်ဒိုနီးရှားနိုင်ငံသမ္မတ ဆူစီလိုဗန်ဘန်းယူဒိုယိုနိုက ၎င်း၏နိုင်ငံသား အိမ်အကူအမျိုးသမီးတစ်ဦးကို သူမ၏ အိမ်ရှင်က ညှဉ်းပန်းနှိပ်စက်သည်ဟူသော သတင်းများကြားရသဖြင့် စိတ်ဆိုးဒေါသထွက်ကာ စိုးရိမ်ပူပန်ကြောင်း ပြောကြားခဲ့သည်ဟု အင်္ဂါနေ့ ဝါရှင်တန်ပို့(စ်)တွင် ဖော်ပြထားသည်။ အိမ်အကူ အာဝီယာနာဆူလစ်ယာနင်ဆစ်နှင့် ၎င်း၏ ဖခင် ရို့မက်ဆာပူတြာတို့ကို ဖုန်းဆက်သွယ်မေးမြန်းခဲ့ရာတွင် နိုင်ငံ့ခေါင်းဆောင်ကြီးက ၎င်းတို့နှစ်ဦးကို အကူအညီပေးမည်ဟု ကတိပြုကြောင်း ပြောသည်။

ဆန္ဒပြကန့်ကွက်

တနင်္လာနေ့တွင် အဆိုပါနှိပ်စက်ညှဉ်းပန်းသည့်အမှုနှင့် ပတ်သက်၍ မိသားစုအမည် လောပါသော အသက် (၄၄) နှစ်ရှိ အမျိုးသမီးတစ်ဦးကို ဟောင်ကောင်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ တနင်္ဂနွေနေ့တွင် ထောင်ပေါင်းများစွာသော အိမ်အကူများနှင့် ၎င်းတို့ကိုထောက်ခံကြသူများက အဆိုပါအမှုနှင့်စပ်လျဉ်း၍ ဟောင်ကောင်တွင် ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။

သမ္မတကြီးက ၎င်းသည် အင်ဒိုနီးရှားအလုပ်သမားများ လုပ်ငန်းခွင်သာယာမှု အာမခံချက်ရရှိရန် ဟောင်ကောင် ခေါင်းဆောင်များနှင့် အကြိမ်ကြိမ်ဆက်သွယ်မှု ပြုလုပ်ခဲ့ကြောင်း ပြောကြားသည်။

အေပီ။

တောင်အာဖရိကတွင် ရှားပါးအပြာရောင်စိန်တုံး တူးဖော်ရရှိ

ပရီတိုးရီးယား ဇန်နဝါရီ ၂၂

တောင်အာဖရိကနိုင်ငံ ပရီတိုးရီးယားမြို့၏ အရှေ့မြောက်ဘက် ၂၅မိုင်ခန့်အကွာရှိ ကူလီနန်သတ္တုတွင်းမှ ၂၉ဒသမ ၆ကာရက်ရှိ အပြာရောင်စိန်တုံးတစ်တုံးကို ပီထရာဒိုင်းမွန်းကုမ္ပဏီက တူးဖော်ရရှိခဲ့ကြောင်း အင်္ဂါနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

တောင်အာဖရိကနိုင်ငံရှိ ကူလီနန်သတ္တုတွင်းကို တွေ့ရစဉ်။

အဆိုပါစိန်တုံးသည် ကူလီနန်၌ ပီထရာက တူးဖော်နေစဉ်ကာလအတွင်း တူးဖော်ရရှိခဲ့သော အပြစ်အနာအဆာကင်းစင်သည့် စိန်တုံးများအနက် တစ်တုံးအပါအဝင်ဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားသည်။

၂၀၁၃ခုနှစ်၌ ပီထရာက ၂၅ ဒသမ ၅ ကာရက်ရှိသည့် အပြာရောင်စိန်တုံးတစ်တုံးကို တူးဖော်ရရှိခဲ့ပြီး အမေရိကန် ဒေါ်လာ ၁၆ ဒသမ ၉ သန်းဖြင့် ရောင်းချခဲ့သည်။

ယခုနောက်ဆုံးတွေ့ရှိခဲ့သည့် စိန်တုံးကြီးကိုလည်း တန်ဖိုးကြီးမြင့်စွာဖြင့် ရောင်းချမည်ဟု မျှော်လင့်ရသည်။

ကူလီနန်သတ္တုတွင်းသည် ကြီးမားသောစိန်တုံးရာပေါင်းများစွာ ထုတ်လုပ်ပေးခဲ့ပြီး ယင်းတို့အနက် ဆွဲဆောင်မှု အရှိဆုံး၊ အရှားပါးဆုံး စိန်ပြာများကြောင့် အထူးပင်ကျော်ကြားသည်။

ဘော့ဆွာနာ၊ တန်ဇန်းနီးယားနိုင်ငံတို့၌ စိန်တူးဖော်ခြင်းလုပ်ငန်း လုပ်ကိုင်နေသည့် ပီထရာဒိုင်းမွန်းက ယင်းစိန်တွင်းကို ၂၀၀၈ ခုနှစ်တွင် ရယူခဲ့ခြင်းဖြစ်သည်။

၂၀၀၉ခုနှစ်၊ မေလတွင် အလားတူ ၂၆ဒသမ ၆ကာရက်ရှိ စိန်ပြာတစ်တုံးကို တူးဖော်ရရှိ၍ အပြစ်ဆိုစရာ မရှိအောင် သွေးပြီး ဆိုသီဘီလေလံပွဲတွင် ရောင်းချရာ ဒေါ်လာ ၁၀သန်းနီးပါး ရရှိခဲ့သည်။ ၂၀၁၂ခုနှစ်၌ နောက်ထပ်အပြာစစ်စစ် စိန်တစ်တုံး ရရှိခဲ့ပြီး ဒေါ်လာ၁၀ဒသမ၈သန်းဖြင့် လေလံတင်ရောင်းချခဲ့ရာ တစ်ကာရက်ဈေးနှုန်းမှာ ကမ္ဘာ့စံချိန်တင်ဈေးနှုန်းဖြစ်ခဲ့သည်။

ဘီဘီစီ။

ခရစ်ယာန်သာသနာပြုပုဂ္ဂိုလ် ပြန်လည်လွတ်မြောက်ရေး အထူးသံတမန်တစ်ဦးကို အမေရိကန် စေလွှတ်မည်

ဝါရှင်တန် ဇန်နဝါရီ ၂၂

မြောက်ကိုရီးယားနိုင်ငံ၌ ထိန်းသိမ်းခံထားရသော ကိုရီးယားနွယ်ဖွား အမေရိကန်နိုင်ငံသား ခရစ်ယာန်သာသနာပြုပုဂ္ဂိုလ်တစ်ဦး ပြန်လည်လွတ်မြောက်ရေးအတွက် အမေရိကန်အစိုးရက အထူးသံတမန်တစ်ဦးကို စေလွှတ်ရန် အသင့်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၂၂ရက်တွင် သတင်းထုတ်ပြန်သည်။

ကင်းနက်ဘေး အမည်ရှိ ခရစ်ယာန်သာသနာပြုပုဂ္ဂိုလ်သည် ၂၀၁၂ခုနှစ် နိုဝင်ဘာလအတွင်း အဖမ်းခံခဲ့ရပြီး ထောင်ဒဏ် ၁၅နှစ်ကျခံရန် ပြစ်ဒဏ်စီရင်ချက် ချမှတ်ခံခဲ့ရသည်။

ကင်းနက်ဘေး၏ ကျန်းမာရေးနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မိကြောင်း၊ ၎င်းပြန်လည်လွတ်မြောက် လာရေးအတွက် မိမိတို့ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျင်းပီဆာကီးက ပြောကြားသည်။

မြောက်ကိုရီးယား လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်အထူးသံတမန် ရောဘတ်ကင်းသည် ကင်းနက်ဘေး ပြန်လည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပီတီအိုင်။

မြောက်ကိုရီးယားနိုင်ငံ၌ ထောင်ဒဏ်ကျခံနေရသော အမေရိကန်သာသနာပြုပုဂ္ဂိုလ်အား တွေ့ရစဉ်။

ဗဟိုအာဖရိကသမ္မတနိုင်ငံသို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်

ဘရပ်ဆယ် ဇန်နဝါရီ ၂၂။ ဗဟိုအာဖရိကသမ္မတနိုင်ငံသို့ လုံခြုံရေး တပ်ဖွဲ့ဝင်ရာပေါင်းများစွာကို စေလွှတ်ရန် ဥရောပသမဂ္ဂ(အီးယူ)က သဘော တူညီလိုက်ပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၂၂ရက်တွင် သတင်းထုတ်ပြန်သည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံ၌ ဂိုဏ်းဂဏတိုက်ခိုက်မှုများ လပေါင်းအတန်ကြာမျှ ဖြစ်ပွားခဲ့ပြီး လုံခြုံရေးအခြေအနေ ဆိုးရွားနေမှုနှင့် ပတ်သက်၍ ဥရောပသမဂ္ဂက စိုးရိမ်မကင်းဖြစ်မိကြောင်း ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး ကားလ်ဘစ်က ပြောကြားသည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံသို့ လျှပ်တပြက် တုံ့ပြန်တိုက်ခိုက်ရေးတပ်ဖွဲ့ဝင် ၄၀၀မှ ၆၀၀ အကြား စေလွှတ်ဖွယ်ရှိကြောင်း ၎င်းက ပြောကြားသည်။

ပီတီအိုင်။

မိုင်းရှင်းလင်းရေး အလုပ်သမားများ ပြန်ပေးဆွဲခံရ

ကဘူး ဇန်နဝါရီ ၂၂။ အာဖဂန်နစ္စတန်နိုင်ငံ၌ မြေမြှုပ်မိုင်းဗုံး ရှင်းလင်းရေး ပရဟိတအဖွဲ့အစည်းတစ်ရပ်မှ အလုပ်သမား ၅၀ကျော်ကို လက်နက်ကိုင်တာလီဘန်တိုက်ခိုက်ရေးသမားများက ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ကြောင်း၊ ရဲတပ်ဖွဲ့က ၎င်းတို့လွတ်မြောက်ရေးအတွက် စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့ရကြောင်း တာဝန်ရှိသူများက ဇန်နဝါရီ ၂၂ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ ဟီရတ်ပြည်နယ်ရှိ ဒေသတစ်နေရာ၌ မြေမြှုပ်မိုင်းဗုံး ရှင်းလင်းရန် ထရပ်ကားများဖြင့် လိုက်ပါလာသော အလုပ်သမားများကို တာလီဘန်တို့က ဇန်နဝါရီ ၂၂ရက် အရုဏ်တက်ချိန်တွင် ပြန်ပေးဆွဲခဲ့ကြောင်း၊ မိမိတို့က စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲခဲ့ရာ ပြန်ပေးဆွဲခံရသူများအားလုံး ပြန်လည်လွတ်မြောက်လာကြောင်း ဟီရတ်ပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။

ပီတီအိုင်။

ပိုလီယိုဆေးတိုက်ကျွေးသည့် အလုပ်သမားများ ပစ်သတ်ခံရ

ပက်ရှ်ဝါ ဇန်နဝါရီ ၂၂။ ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါတိုက်ဖျက်ရေး လုပ်ငန်း၌ ပါဝင်ဆောင်ရွက်လျက်ရှိကြသော အလုပ်သမားသုံးဦး သေနတ်ဖြင့် ပစ်ခတ်ခံရကာ သေဆုံးခဲ့ရပြီး လေးဦးမှာ သေနတ်ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ အလုပ်သမားအချို့ကိုလည်း ပြန်ပေးဆွဲခေါ်ဆောင်သွားသည်ဟု ယူဆရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၂၂ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ကရာချိမြို့ရှိ ကွေယမ်အာဘတ်ရပ်ကွက်တွင် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသည့်လုပ်ငန်း၌ ပါဝင်ဆောင်ရွက်နေသော အလုပ်သမားများကို တာဘီဘန်စစ်သွေးကြွများက သေနတ်ဖြင့်ပစ်ခတ်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ပီတီအိုင်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဥရောပသမဂ္ဂ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဥရောပသမဂ္ဂ သံအမတ်ကြီး H.E.Mr.Roland KOBIA အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး H.E.Mr.Roland KOBIA နှင့်အတူ Political Officer Mrs. Isabell Poppelbaum တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ၊ နိုင်ငံ၏သမိုင်းကြောင်းနှင့်ယှဉ်သော တပ်မတော်၏ လုပ်ဆောင်ချက်များနှင့် ရပ်တည်မှုသဘောထား၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စရပ်များ၊ ဥရောပသမဂ္ဂနှင့် နယ်ပယ်အစုံတွင် ဆက်ဆံရေး၊ တပ်မတော်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(မြဝတီ)

နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၂၂

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ပြည်သူ့လွှတ်တော်၊ အားကစား၊ ယဉ်ကျေးမှုနှင့် လူမှုဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့်အတူ ဇန်နဝါရီ ၁၄ ရက် နံနက် ၁၁ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် ဒုံဟီးမြို့နယ်ခွဲခန်းမ၌ ဒေသခံ နာဂတိုင်းရင်းသားပြည်သူများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ဥက္ကဋ္ဌ သူရဦးအေးမြင့်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည့် အခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရက နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဖွံ့ဖြိုးတိုးတက်မှု နောက်မကျစေရန်အတွက် စေတနာထားဆောင်ရွက်လျက်ရှိကြောင်း၊ နာဂဒေသကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွင်းရှိ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များနှင့် ဆွမ္မရာ၊ ဒုံဟီး၊ ပန်ဆောင်မြို့နယ်ခွဲများသည် ယခင်က ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ရာ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လဟယ်-ဒုံဟီး-နန်းယွန်း ကားလမ်းတစ်လျှောက်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံ နာဂတိုင်းရင်းသားများ၏ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ဖြည့်ဆည်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ်လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျေးလက်မီးလင်းရေးစသည့် ကဏ္ဍများအား ချက်ချင်းဖြည့်ဆည်းပေးမည် ဖြစ်ကြောင်း။

ထို့ပြင် နာဂတိုင်းရင်းသားများ အနေဖြင့် မိရိုးဖလာ တောင်ယာစိုက်ပျိုးရေး လုပ်ကိုင်ခြင်းမှလျှော့ကာ ထစ်စနစ်ဖြင့် လယ်ယာစိုက်ပျိုးရေး လုပ်ကိုင်နိုင်ရန်အတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နွားနောက်မွေးမြူရေးလုပ်ငန်းအား လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူခြင်းမှမျိုးကောင်းမျိုးသန့်နွားများနှင့် သားစပ်ကာ နွားမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ တိရစ္ဆာန် အစာကုန်ကြမ်းအတွက် ပြောင်းစိုက်ပျိုးရေး လုပ်ငန်းအား စိုက်ပျိုးဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး ပညာရေး၊ ကျန်းမာရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်မီးလင်းရေး လုပ်ငန်းများကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၃ ရက်တွင် လဟယ်-ဒုံဟီးကားလမ်းအနီး လဟယ်မြို့နယ်ရှိ မကျန်၊ စံတုန်နှင့်ရောင်ကွန်ကျေးရွာ၊ ဒုံဟီးမြို့နယ်ခွဲရှိ ကျားဝမ်ကျေးရွာများနှင့် ဇန်နဝါရီ ၁၄ ရက်တွင် ဒုံဟီးမြို့နယ်ခွဲရှိ တုံကီ၊ ရန်စီ၊ ဂဟား(ဟာလွန်း)၊ ဟာရှီး(တောဘို)၊ ချန်ဖန်၊ ဟာခီး၊ ဟာခုန်း၊ လားမား၊ လာနူး၊ ဟာမန်း၊ ကကြီးခြံဖြူ၊ စန်တီး၊ လျှောက်ထား၊ မီသဲနှင့်ဖာချက်ကျေးရွာများအတွက် ကျောင်းသုံးခုံနှင့် စားပွဲများ၊ ကျေးရွာဆေးပေးခန်းများအတွက် ခုတင်များ၊ ဗီရိုများပြုလုပ်ရန်နှင့် လမ်းများဖောက်လုပ်ရန်အတွက် ထောက်ပံ့ငွေများ၊ သောက်သုံးရေကန်များဆောက်လုပ်ရန် ရေပိုက်နှင့်ဘိလပ်မြေအိတ်များ၊ အားကစားပစ္စည်းများ၊ ပြက္ခဒိန်များ၊ အဝတ်အထည်များ၊ ဆိုလာမီးအိမ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုဘိုင်းစာကြည့်တိုက်များ ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၂

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မေသန္တာနှင့် ဝန်ထမ်းများက ယနေ့နံနက် ၁၀ နာရီတွင်ကြားတောရ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထံ စာအုပ်စာစောင်များ လှူဒါန်းခြင်း၊ အုပ်ချုပ်ရေးမှူးရုံးခန်း၌ Mobile Library ဖွင့်လှစ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ အလားတူ မွန်းတည့် ၁၂ နာရီတွင် ရွှေနံ့သာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်း၌ Mobile Library ဖွင့်လှစ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းထံ စာအုပ်စာစောင်များ လှူဒါန်းပြီး ရပ်ကွက်နေပြည်သူများ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရန် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(သန္တာမေ)

Facebook ပုံတူပွားခြင်းအတွက် အသိပေးချက်

ကြေးမုံသတင်းစာ၏ facebook ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် www.facebook.com/themirrordaily ဟူ၍ စတင်တည်ထောင် ဖွင့်လှစ်ခဲ့ပါသည်။ စတင်တည်ထောင်စဉ်က ပင်မသတင်းစာတိုက်၏ အမှတ်တံဆိပ် Logo သတင်းစာခေါင်းစီးနှင့် The Mirror Established in 1957 ၁၉၅၇ ဧပြီတွင် စတင်တည်ထောင်သည်ဟု ဖော်ပြခဲ့ပါသည်။

ထိုအမှတ်တံဆိပ်ဖြင့်နေ့စဉ်ထုတ် ကြေးမုံသတင်းစာတိုက်သို့ ရောက်ရှိလာသော သတင်းနှင့်ဓာတ်ပုံများကို facebook စာမျက်နှာတွင် နေ့စဉ်တင်လာခဲ့ရာ ဝင်ရောက်ဆွေးနွေးသူ ၁၉၅၃ နှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့အထိ likes လုပ်သူ ၂၃၈၁၈ ဦးရှိခဲ့ပါသည်။ ထို့အပြင် ကြေးမုံသတင်းစာ၏ အမှတ်တံဆိပ် Logo ကို နိုဝင်ဘာလ ၂၈ ရက်နေ့မှစတင်၍ နေပြည်တော်ရှိ ကြေးမုံသတင်းစာတိုက်၏ ဓာတ်ပုံကို နောက်ခံထားကာ ကြေးမုံ The Mirror Daily ESTABLISH 1957 ဖြင့် အသစ်ပြောင်းလဲအသုံးပြုခဲ့ပါသည်။

ထိုသို့ အသုံးပြုလျက်ရှိရာတွင် ကြေးမုံ facebook နှင့် ဆင်တူယိုးမှား facebook အတုကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၄ ရက်နေ့မှစတင်၍ အွန်လိုင်းပေါ်တွင် ၎င်းတို့နှစ်သက်ရာသတင်းများဖြင့် တရားမဝင်တင်ထားသည်ကို တွေ့ရပါသည်။ ထို့ကြောင့် ကြေးမုံသတင်းစာတိုက်နောက်ခံပါရှိသော ကြေးမုံ facebook မှာ တရားဝင်အစစ်အမှန်မူပိုင် facebook ဖြစ်ပြီး အကောင့်အသစ်ဖြင့် ကြေးမုံသတင်းစာ facebook နှင့် ဆင်တူယိုးမှားပြုလုပ်နေသာ facebook မှာ အတုဖြစ်ပါကြောင်းနှင့် စာဖတ်ပရိသတ်များအနေဖြင့် အတုနှင့်အစစ်မှ သတင်းများတင်ပြနေမှုကို ခွဲခြားသိရှိနိုင်ပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

facebook အတုဖြင့် သတင်းတင်နေသူများအနေဖြင့် အမြန်ဆုံးပိတ်သိမ်းဆောင်ရွက်သွားပါရန် ထက်မံအသိပေးအပ်ပါသည်။

ဓာတ်ပုံ-ကြေးမုံ

ဗန္ဓုလတံတားအဆင်းတွင် ယာဉ် ၁၀ စီး ဆင့်ကဲတိုက်

ရန်ကုန် ဇန်နဝါရီ ၂၂

ဒေါပုံမြို့နယ်ရှိ မဟာဗန္ဓုလတံတားအဆင်း၌ ဇန်နဝါရီ ၂၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ကွန်တိန်နာယာဉ်တစ်စီး ဘရိတ်ပေါက်ရာမှ ယာဉ် ၁၀ စီးဆင့်တိုက်မှုဖြစ်ပွားခဲ့သည်။**(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးဝင်းတင် မောင်းနှင်လာသည့် ၆ခ/. . . . နစ်ဆန်းဒီဇယ် အမျိုးအစား ကွန်တိန်နာယာဉ်သည် မဟာဗန္ဓုလတံတားပေါ်မှ ဒေါပုံဘက်ခြမ်းအဆင်းတွင် ဘရိတ်ပေါက်ကာ ရှေ့မှ အငှားယာဉ်အား ပွတ်တိုက်မိပြီး ယာဉ် ၁၀ စီး ဆင့်ကဲတိုက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ဖြစ်စဉ်တွင်ပါဝင်သည့် ယာဉ်အချို့မှာ ဆိုးရွားစွာပျက်စီးသွားခဲ့ပြီး ဗန္ဓုလတံတားအဆင်းလမ်းတွင် အချိန် နှစ်နာရီခန့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခဲ့ကာ လူထိခိုက်ဒဏ်ရာရမှုများမရှိခဲ့ကြောင်း သိရသည်။

"ဘရိတ်ပေါက်တဲ့ကားကြီးက လမ်းပေါ်ရှိ ယာဉ်အချို့ကို တိုက်ပြီး ဒေါပုံရဲစခန်းရှေ့က ခြံစည်းရိုးနံရံနဲ့ ဓာတ်တိုင်ကိုတိုက်ကာ ရပ်သွားတယ်။ သူတိုက်မိတဲ့ ကွန်တိန်နာကားကြီးကလည်း အရှိန်မထိန်းနိုင်လို့ နောက်ကားတွေကို ထပ်တိုက်၍ တော်တော်ပျက်စီးသွားတယ်။ နောက်တိုက်ခံရတဲ့ ကားကြီးက ဘရိတ်အချိန်မီ ဖမ်းနိုင်လို့ လူတွေထိခိုက်ဒဏ်ရာမဖြစ်တာ"ဟု မျက်မြင်တွေ့ရှိသူတစ်ဦးက ပြောသည်။

(သီဟသူ)

လူမှုဖူလုံရေးဂဏ္ဍ

ပြည်သူတစ်ဦး

နှစ်သစ်ဦး ဇန်နဝါရီ ၆ ရက်တွင်ပြုလုပ်သော စီမံကိန်းကော်မရှင်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်၏ “ဂျီဒီပီ” တိုးတက်မှုနှုန်းကို ရှစ်ရာခိုင်နှုန်းရရှိအောင်ကုန်ထုတ်လုပ်မှုအား နှစ်ဆတိုးမြှင့်ထုတ်လုပ်ရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များကိုလည်း အချိုးကျတိုးတက်ရန်အတွက် လျာထားသတ်မှတ်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့ပါသည်။

နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းကျော်သော သူတို့သည် အလုပ်လုပ်နိုင်သည့် လုပ်သားထုဖြစ်သည်။ ၎င်းတို့၏ “ကာယ၊ ဉာဏ၊ တွေးခေါ်တီထွင်ဖန်တီးနိုင်မှုစွမ်းပကားများ”ဖြင့် နိုင်ငံတော်သမ္မတကြီးလမ်းညွှန်သည့်အတိုင်း ကုန်ထုတ်လုပ်မှုတိုးအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကြောင့် လုပ်ငန်းအပေါ်စိတ်ဝင်စားမှုလျော့ပါးကာ ကုန်ထုတ်လုပ်မှု မလျော့ကျစေဖို့ လိုအပ်ပါသည်။ ထို့ကြောင့် လိုအပ်သောကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုများအား စနစ်ကျနသောအစီအမံများဖြင့် ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO)၏ လမ်းညွှန်ပြဋ္ဌာန်းချက်များနှင့်အညီ ၁၉၅၄ ခုနှစ်မှစ၍ လူမှုဖူလုံရေးအဖွဲ့ (Social Security Board) ဖွဲ့စည်းနိုင်ရန်အတွက် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းခဲ့ပြီး ၁၉၅၆ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှစ၍ လူမှုဖူလုံရေးစီမံကိန်းအား စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရသည်။

တစ်နိုင်ငံလုံးတွင် မြို့နယ်ပေါင်း ၁၁၀ ၌ လူမှုဖူလုံရေးရုံးခွဲပေါင်း ၇၇ ရုံးဖွင့်လှစ်ထားပြီး အလုပ်သမားဆေးရုံ သုံးရုံနှင့် လူမှုဖူလုံရေးဆေးခန်း ၉၂ ခန်းဖြင့် အာမခံအလုပ်သမားများ၏ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုများအား ဆောင်ရွက်ပေးခဲ့သည်မှာ နှစ်ပေါင်း ၆၀ ခန့်ပင် ပြည့်မြောက်ခဲ့ပြီးဖြစ်ပါသည်။ ယနေ့အချိန်အထိ မြန်မာကျပ်ငွေဖြင့် လူမှုဖူလုံရေးအာမခံကြေးပေးသွင်းသော အာမခံအလုပ်သမား ၄၉၅၈၃၇ ဦးနှင့် နိုင်ငံခြားငွေ $ ဖြင့် ပေးသွင်းသော အာမခံလုပ်သား ၁၂၈၅၅ ဦး အာမခံကြေးပေးသွင်းမှတ်ပုံတင်ထားရှိသောကြောင့် စုစုပေါင်းတစ်နိုင်ငံလုံး လူမှုဖူလုံရေး အာမခံလုပ်သား ၆၆၉၁၂၀ ဦး ၂၀၁၃ ခုနှစ် နိုဝင်ဘာလအထိ အကျုံးဝင်မှတ်ပုံတင်ထားကြောင်း နေ့စဉ်ထုတ်ကြေးမုံသတင်းစာတွင် လူမှုဖူလုံရေးအဖွဲ့၏ ရှင်းလင်းတင်ပြမှုမှ သိရှိခဲ့ရသည်။

အစိုးရသစ်လက်ထက်တွင် အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုများအား ခေတ်နှင့်လျော်ညီစွာ ပိုမိုဆောင်ရွက်ပေးနိုင်ရန် မျှော်မှန်းရည်ရွယ်၍လည်းကောင်း၊ လူမှုဖူလုံရေးစီမံကိန်းလုပ်ငန်းစဉ်များ အထိုက်အလျောက်အောင်မြင်မှုရရှိနေသောဒေသတွင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် အာရှနိုင်ငံများတွင် ဆောင်ရွက်လျက်ရှိသော လူမှုဖူလုံရေးစီမံကိန်းများကဲ့သို့ အမီလိုက်ပါအကောင်အထည်ဖော်နိုင်ရန်အတွက်လည်းကောင်း **“လူမှုဖူလုံရေးဥပဒေသစ်”**အား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ရေးဆွဲခဲ့ပြီး ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းကာ လာမည့် **“၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်”**တွင် စတင်ကျင့်သုံးသွားမည်ဟု သိရှိရပါသည်။

လူမှုဖူလုံရေးအဖွဲ့တွင် အာမခံထားသင့်သည့် အလုပ်သမားအမျိုးအစားများအနေဖြင့် အလုပ်သမား ငါးဦးနှင့်အထက် စီးပွားရေးလုပ်ငန်းများအားလုံး၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် အစိုးရဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖြစ်ကြောင်းနှင့် ဥပဒေအသစ်တွင် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်နှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့ကိုသာ စတင်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။

အာမခံစနစ်အရ မှတ်ပုံတင်ရန် ကန့်သတ်မှုများရှိသော်လည်း **“တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံလုပ်သားအရေအတွက် ခြောက်သိန်းကျော်ခန့်မှာ”** လက်ရှိတိုင်းပြည်၏ ခန့်မှန်းလူဦးရေ၊ အလုပ်လုပ်ကိုင်နိုင်သော ရာခိုင်နှုန်းအချိုးအစားနှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးနေသောကြောင့် အကျုံးဝင်အလုပ်ဌာနများအနေဖြင့် စီမံကိန်းအပေါ် လွန်စွာ စိတ်ဝင်စားမှုအားနည်းနေကြောင်းနှင့် အကျုံးဝင်မှတ်ပုံတင်ရသောအဖွဲ့ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်များ လွန်စွာအားနည်းလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

လျော့နည်းရသော အဓိကအကြောင်းအရင်းများမှာ နှစ်(၆၀)ခန့်ကြာအောင် ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း ပြဋ္ဌာန်းထားသော ဥပဒေအရ သက်ဆိုင်ရာအဖွဲ့ဝန်ထမ်းများမှ ဥပဒေနှင့်အညီ အကျုံးဝင်မှတ်ပုံတင်ရမည်ဖြစ်သော အလုပ်ဌာနများအား အပြည့်အဝမှတ်ပုံတင်နိုင်မှုမရှိခြင်း၊ အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်ဌာနများမှ အလုပ်ရှင်များအနေဖြင့်လည်း အကျုံးဝင်အာမခံလုပ်သားအင်အား လျော့ပါးမသွားအောင် လူမှုဖူလုံရေးစီမံကိန်းအပေါ် ဆက်လက်ယုံကြည်သက်ဝင်မှုဖြစ်ပေါ်ပြီး အင်အားတိုးပွားအကျုံးဝင်မှတ်ပုံတင်နိုင်အောင် ပူးပေါင်းဆောင်ရွက်မှုအားနည်းခြင်း၊ တိကျသောလုပ်သားအင်အား (Labour task force) စာရင်းများ ပြုစုထားနိုင်မှုမရှိခြင်းတို့ကြောင့် ဤကဲ့သို့ လျော့နည်းအကျုံးဝင်မှတ်ပုံတင်ထားမှု ဖြစ်ပေါ်နေကြောင်းဟု ထင်မြင်ယူဆမိပါသည်။

အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နေသော လုပ်သားအင်အားစာရင်းအတိုင်း အနီးစပ်ဆုံး အကျုံးဝင်မှတ်ပုံတင်နိုင်ရန်အတွက် တာဝန်ရှိသောစစ်ဆေးရေးမှူးများမှ ဥပဒေနှင့်အညီ အကျုံးဝင်သော အလုပ်ဌာနများနှင့် လုပ်ငန်းများအား အခက်အခဲမရှိ မှတ်ပုံတင်နိုင်ရန် လုပ်သားအင်အားစာရင်း (Labour task force) များနှင့်စက်ရုံအလုပ်ရုံနှင့် လုပ်ငန်းခွင်များ၏ ပကတိလုပ်ကိုင်ဆောင်ရွက်မှု အခြေအနေများအား အနီးစပ်ဆုံးသိရှိနိုင်သည့် ဝန်ကြီးဌာနအောက်မှ မိတ်ဖက်ဌာနများဖြစ်သော အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့နှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်မည့်အပြင် အဖွဲ့အနေဖြင့်မှတ်ပုံတင်ရန်ဆက်သွယ်ချိတ်ဆက်ရာတွင် အခက်အခဲရှိသော အလုပ်ဌာနများအား မိတ်ဖက်ဝန်ကြီးဌာနများ၏အကူအညီများကို ရယူ၍သော်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်လည်း အကူအညီများပေးအပ်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

လူမှုဖူလုံရေးဥပဒေသစ် အကောင်အထည်ဖော်သည့်အချိန်တွင် အာမခံလုပ်သားအင်အား အလျင်အမြန်တိုးပွားလာရန်နှင့် ဥပဒေအားမျက်ကွယ်ပြုအာမခံရန်ပျက်ကွက်ခဲ့သော အလုပ်ဌာနများအား အပြည့်အဝမှတ်ပုံတင်နိုင်ရန်အတွက် ဖော်ပြပါ စက်ရုံ အလုပ်ရုံလုပ်ငန်းများအနေဖြင့် လိုအပ်သောလုပ်ငန်းလိုင်စင်နှင့် အခြားဆက်စပ်လိုင်စင်များအား အသစ်လျှောက်ထားခြင်းနှင့် ပုံမှန်သက်တမ်းတိုးကိစ္စများဆောင်ရွက်ရာတွင် စိစစ်ထောက်ခံမှုများပေးရသောကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ စက်မှုဇုန်ကော်မတီ၊ သက်ဆိုင်ရာ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၊ ခရိုင်/မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးရုံးများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများမှ “ထောက်ခံချက်တင်ပြတောင်းခံလာသော စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်း” ဌာနများမှလုပ်ငန်းရှင်များအား ၎င်းတို့လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းများမှ လုပ်သားများအား “လူမှုဖူလုံရေးအကျုံးဝင်မှတ်ပုံတင် ထားမှုရှိ/မရှိ” “မှတ်ပုံတင်ထားရှိပါကလည်း အမှန်တကယ်အလုပ်လုပ်သော အင်အားအတိုင်း အကျုံးဝင်ထားမှု ရှိ/မရှိ” အားစိစစ်ပြီးမှသာ ကျန်လုပ်ငန်းစဉ်များအားဆက်လက်ဆောင်ရွက်ပေးသင့်ပါသည်။ အဖွဲ့အနေဖြင့် ဖော်ပြပါအစီအစဉ်အား အောင်အောင်မြင်မြင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် အမြန်ဆုံးပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

လက်ရှိအခြေအနေတွင် လူမှုဖူလုံရေးအဖွဲ့ဝန်ထမ်းများဖြစ်သော စစ်ဆေးရေးအရာရှိများသည် အလုပ်ဌာနစစ်ဆေးမှုကိစ္စထက် လစဉ်လူမှုဖူလုံရေးထည့်ဝင်ပေးဆောင်နေရသော စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းဌာနအသီးသီးမှ ထည့်ဝင်ကြေးပေးသွင်းရန် ပျက်ကွက်မှုအပေါ်(ကြွေးကျန်) မဖြစ်ပေါ်စေရန်အတွက် လုပ်ငန်းဌာနအရောက် လိုက်လံကောက်ခံမှုများအား ခေတ်အဆက်ဆက်မှယနေ့အထိ ဆောင်ရွက်ပေးနေရဆဲဖြစ်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်ပေးရသောကြောင့် အဖွဲ့အပေါ် ယုံကြည်လေးစားမှုအားနည်းလာပြီး လူမှုဖူလုံရေးစီမံကိန်းအောင်မြင်ရန် အဓိကအဟန့်အတားတစ်ခုဖြစ်ခဲ့ပါသည်။

အခြေအနေအရပ်ရပ်တို့၏ပယောဂကြောင့် ခေတ်အဆက်ဆက် ဤကဲ့သို့လွဲမှားစွာဝန်ဆောင်မှုပေးနေခြင်းအား သံယောဇဉ်ဖြတ်ချိန်တန်ပြီ ဖြစ်ပါသည်။ အာမခံထည့်ဝင်ကြေးပေးသွင်းရန် ပျက်ကွက်သော လုပ်ငန်း/အလုပ်ဌာနများမှ သက်ဆိုင်ရာတာဝန်ရှိလုပ်ငန်းရှင်၊ အလုပ်ရှင်များအားလည်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန် ထိရောက်သည့်အစီအမံများပြုလုပ်ပေးသင့်ပါသည်။ ဤကဲ့သို့ တင်ပြရခြင်းမှာ အလုပ်သမားများအပေါ် မည်မျှပင်စေတနာရှိစေကာမူ “လူမှုဖူလုံရေးစီမံကိန်းရေရှည်လည်ပတ်နိုင်ရေးအတွက်”အဖွဲ့ပိုင်ငွေဖြင့် လည်ပတ်စောင့်ရှောက်ရသော လုပ်ငန်းစဉ်ဖြစ်၍ အမှန်တကယ်ရှိသော အကျုံးဝင်လုပ်သားအင်အားအတိုင်း ထည့်ဝင်ကြေးကောက်ခံရရှိမှုမှာ လွန်စွာအရေးပါလှပါသည်။

နိုင်ငံတကာ လူမှုဖူလုံရေးအဖွဲ့များအနက် မြန်မာနိုင်ငံတွင်သာ အဖွဲ့ပိုင်ဆေးရုံဆေးခန်းများဖြင့် ဝန်ဆောင်မှုပေးနေခြင်းဖြစ်ကြောင်းနှင့် အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ပုဂ္ဂလိကဆေးရုံဆေးခန်းများဖြင့်သာ စာချုပ်ချုပ်ဆိုကျန်းမာရေးဝန်ဆောင်မှုပေးလျက်ရှိကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ဤကဲ့သို့ ပုဂ္ဂလိကဆေးရုံဆေးခန်းများဖြင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများ ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိကြောင်း ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ ပြည်တွင်းရေးရာကဏ္ဍတွင် သက်ဆိုင်ရာအဖွဲ့ညွှန်ကြားရေးမှူးချုပ်မှ စေတနာထားရှင်းပြခဲ့သည့် သတင်းဆောင်းပါးအပေါ် လွန်စွာကျေးဇူးဥပကာရတင်ရှိမိပါသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိအာမခံလုပ်သားအရေအတွက် အာမခံအမျိုးအစားနှင့် ကောက်ခံရရှိသောထည့်ဝင်ကြေးပမာဏနှင့် အခြားနိုင်ငံတကာကဲ့သို့ ပုဂ္ဂလိကဆေးရုံဆေးခန်းများနှင့် စာချုပ်ချုပ်ဆိုဝန်ဆောင်မှုပေးရန် အချိန်မတိုင်သေးဟုထင်မြင်မိပါသည်။ ဤကဲ့သို့တင်ပြရခြင်းမှာ စာရေးသူတို့နိုင်ငံရှိ **“စိတ်ဓာတ်ပိုင်းဆိုင်ရာ ရင့်ကျက်ပြောင်းလဲရန် လိုအပ်ဆဲလုပ်သားများ၊ တာဝန်သိမှု၊ တာဝန်ယူမှုအားနည်းနေဆဲ အလုပ်ရှင်များနှင့် လုပ်ငန်းခွင်စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်ချက်များစွာရှိနေဆဲ အဖွဲ့ဝန်ထမ်းများ”**၏ အားနည်းချက်များကြောင့် တင်ပြရခြင်းဖြစ်ပါသည်။

လူမှုဖူလုံရေးအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဒုက္ခကြုံတွေ့ရမှုများကို ကူညီထောက်ပံ့ပေးသော အဖွဲ့အစည်းဖြစ်၍ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့်လည်း “အကျိုးခံစားခွင့်ရရှိရေးအတွက်သာ သိရှိနေသည့် အသိမျိုးမထားရှိရန်”နှင့် အဖွဲ့ဝန်ထမ်းများအနေဖြင့်လည်း “တာဝန်ထမ်းဆောင်မှုတစ်ခုထက်ပိုသော” အသိစိတ်ဓာတ်များ ရှင်သန်ရင့်ကျက်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ ကောင်းမွန်သောအသိပညာပေးမှုများအား သက်ဆိုင်ရာမှ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် လိုအပ်မည်ဟု ထင်မြင်မိပါသည်။

စာမျက်နှာ ၁၀ သို့ ❖

အခြေခံမီးသတ်သင်တန်းဖွင့်

ဇေယျာသီရိ ဇန်နဝါရီ ၂၂

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အခြေခံမီးသတ်သင်တန်း အမှတ်စဉ်(၁/၂၀၁၄)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်နံနက်တွင် ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းက ရှင်းလင်းတင်ပြခဲ့သည်။ သင်တန်းကို သင်တန်းသား ၁၀၀ ဖြင့် ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

သွေးသည် အသက်

ပြည်သူ့လွှတ်တော်အစည်းအဝေး

ပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားလာမှုအား အများဆုံး(၂၈)ရက်အတွင်း ဆောင်ရွက်ပေးရန် သတ်မှတ်ထား

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို အစီအစဉ်(၉)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်၏ **နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို စမတ်ကတ် (Smart Card)အဖြစ် ပြောင်းလဲ၍ ရက်ပေါင်း (၂၈) ရက်အစား (၁၄) ရက်အတွင်းပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက IT နည်းပညာကို အသုံးပြုကာ Identity Card, Smart Card (နိုင်ငံသားစိစစ်ရေးကတ်)များကို ပြုလုပ်သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားပြည့်ရရှိရေး၊ ဆက်သွယ်ရေးကွန်ရက် (Communication Network) ကောင်းမွန်ရေး၊ IT နည်းပညာဖြင့် ကျွမ်းကျင်စွာကိုင်တွယ် အသုံးပြုနိုင်သည့် လူ့စွမ်းအားအရင်းအမြစ် Human Resource ရရှိရေးတို့မှာ အဓိကလိုအပ်ချက်များဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနအနေဖြင့် ပြည်သူများနိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားလာမှုအား အများဆုံး (၂၈)ရက်အတွင်း ဆောင်ရွက်ပေးရန် သတ်မှတ်ညွှန်ကြားထားပါကြောင်း၊ အထောက်အထားများ ပြည့်စုံစွာတင်ပြ လျှောက်ထားလာသူများအား နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ရုံးလုပ်ငန်းအနည်းအများပေါ် မူတည်၍ တစ်ရက်၊ နှစ်ရက်၊ သုံးရက်အတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထောက်အထား

ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။ (သတင်းစဉ်)

ပြည့်စုံစွာဖြင့် ရုံးသို့လာရောက်လျှောက်ထားသူများအား ထိုကဲ့သို့ (၃-၄)ရက်အတွင်း ဆောင်ရွက်ပေးနိုင်သော်လည်း အချို့လျှောက်ထားသူများ၏ မိဘဘိုးဘွားများသည် ယခင်က အခြားမြို့နယ်များတွင်နေထိုင်ခဲ့ပြီး ထိုမြို့နယ်များတွင် အမျိုးသားမှတ်ပုံတင်သက်သေခံကတ်ပြား/ နိုင်ငံသားစိစစ်ရေးကတ်ပြား ရရှိထားသူများဖြစ်ပါက သက်ဆိုင်ရာမြို့နယ်များသို့ အထောက်အထားမှန်ကန်မှု ရှိ/မရှိ ပြန်လည်မေးမြန်းစိစစ်ပြီးမှသာ ဆောင်ရွက်ပေးရသဖြင့် (၃-၄)ရက်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မဖြစ်နိုင်ပါကြောင်း၊ သက်ဆိုင်ရာမြို့နယ်များ၏ ပြန်ကြားချက်အပေါ် မူတည်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရသဖြင့် အများဆုံး(၂၈)ရက်အတွင်း မဖြစ်မနေဆောင်ရွက်ရန် မိမိဝန်ထမ်းများအား သတ်မှတ်ညွှန်ကြားထားခြင်းသာ ဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားရာတွင် အထောက်အထားပြည့်စုံစွာ တင်ပြနိုင်သူများအား (၁၄)ရက်အတွင်းပြီးစီးအောင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ အထက်ဖော်ပြပါ အချိန်ယူဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စရပ်များအတွက် (၁၄)ရက် အချိန်သည် လုံလောက်မှုမရှိနိုင်သဖြင့် အများဆုံး(၂၈)ရက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း၏ **ကျွဲ၊ နွားများအား လက်မှုလယ်ယာဘဝ ပိုင်ဆိုင်သော လယ်သမားအကျိုးပြု "နွားဈေး"ရှိရာဒေသသို့ သယ်ဆောင်ရောင်းဝယ်မှုအား ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြို့နယ်များတွင် နွားပွဲဈေးများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ကျွဲ၊ နွား ဝယ်ယူရောင်းချရာတွင် မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စု တစ်ခုမှတစ်ခုသို့ သယ်ဆောင်ရာ၌ သက်ဆိုင်ရာ၏ အထောက်အထားဖြင့် သယ်ယူခွင့်ပြုထားပါကြောင်း။

အဆိုပါ ကျွဲ၊ နွားများအား တိုင်းဒေသကြီး/ ပြည်နယ် အတွင်းနှင့် ခရိုင်အတွင်းရှိ မြို့နယ်တစ်ခုမှ တစ်ခုသို့ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် အထက်ပါအချက်များအပြင် သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ခိုင်းကျွဲ၊ ခိုင်းနွားများ၏ ကျန်းမာကြောင်း ထောက်ခံချက်၊ လယ်ယာလုပ်ငန်းခွင်တွင် အမှန်တကယ်အသုံးပြုရန်အတွက် သယ်ဆောင်လိုခြင်းဖြစ်ကြောင်း သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲကော်မတီ၏ ထောက်ခံချက်များ ပါရှိရမည်ဖြစ်ပြီး ခရိုင်အတွင်း မြို့နယ်ကျော် ဖြတ်သန်းသယ်ဆောင်ခြင်း၊ မြို့နယ်အတွင်းသယ်ဆောင်ခြင်းတို့ကို သတ်မှတ်ချက်နှင့် ညီညွတ်မှု ရှိ/မရှိ စစ်ဆေးနိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ပါဝင်သော စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စနစ်တကျ မှတ်တမ်းတင်ပြုစု၍ လက်မှတ်ရေးထိုးပေးခြင်း၊ အဆိုပါ ကျွဲ၊ နွားတို့အား သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း၌သာ သယ်ဆောင်ခွင့်ပြုခြင်း၊ မြို့နယ်

လောက်ကိုင် မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် မေးမြန်းစဉ်။ (သတင်းစဉ်)

ကျော်၊ ခရိုင်ကျော် သယ်ဆောင်မှုများကို သက်ဆိုင်ရာမြို့နယ်နှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ စနစ်တကျ စိစစ်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့၏ ထောက်ခံညွှန်ကြားချက်ဖြင့် သယ်ယူခွင့်ပြုမိန့်လျှောက်ထားပြီး ခွင့်ပြုမိန့်ရရှိမှသာ ခွင့်ပြုကာလအတွင်း သယ်ဆောင်ရမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျွဲ၊ နွားပွဲဈေးတည်ရှိရာဒေသသို့ ကျွဲ၊ နွားများ ရောင်းချရန်အတွက် သယ်ဆောင်ရာနှင့် ကျွဲ၊ နွားပွဲဈေး တည်ရှိရာဒေသမှ ဝယ်ယူခဲ့သော ကျွဲ၊ နွားများကို မိမိဒေသသို့ သယ်ဆောင်ရာတွင် သတ်မှတ်ထားသည့် အထောက်အထားများနှင့်အညီ ပြည့်စုံမှုရှိပါက လွတ်လပ်စွာ သယ်ဆောင်ခွင့်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၏ **လယ်ယာမြေများကို လုပ်ပိုင်ခွင့်ရ လယ်သမားများက ဝင်ရောက်ထွန်ယက်ရာတွင် ဥပဒေနှင့်အညီ လုပ်ပိုင်ခွင့်မရသေးသော ကုမ္ပဏီများမှ တရားစွဲဆိုမှုများကို သင့်/မသင့်သုံးသပ်ရန်နှင့် ကာလကြာရှည်စွာ အမှုရင်ဆိုင်နေရသည့် တောင်သူလယ်သမားများအား အမြန်ပြီးပြတ်အောင် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က စွပ်စွဲခံရသူအပေါ် ပြစ်မှုနှင့်အရေးယူရန် အကြောင်းပေါ်ပေါက်ပါက စွပ်စွဲခံရသူကို ဆင့်ခေါ်ပြီး အမှုကိုဆက်လက်စစ်ဆေး၍ ဥပဒေနှင့်အညီ အမိန့်ချမှတ်ရန်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❍

အမျိုးသားလွှတ်တော်အစည်းအဝေး

မော်တော်ဆိုင်ကယ်များ ဆိုင်ကယ်တက္ကစီအဖြစ် အငှားပြေးဆွဲနေခြင်းသည် ဥပဒေအရ အငှားယာဉ်အဖြစ် ခွင့်မပြုရန် တားမြစ်ထား

နေပြည်တော် ဇန်နဝါရီ ၂၂

မော်တော်ဆိုင်ကယ်များ ဆိုင်ကယ်တက္ကစီအဖြစ် အငှားပြေးဆွဲနေခြင်းသည် ဥပဒေအရ အငှားယာဉ်အဖြစ် ခွင့်မပြုရန် တားမြစ်ထားသော်လည်း သက်ဆိုင်ရာဒေသများမှ လိုအပ်ချက်အရ ယာယီခွင့်ပြုနေခြင်းဖြစ်ပါကြောင်း၊ အခွန်အခကောက်ခံပါက

ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ဥပဒေနှင့်မညီသော လုပ်ငန်းကို တရားဝင် ခွင့်ပြုသကဲ့သို့ဖြစ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူလူထုအနေဖြင့် အခွန်ပေးဆောင်မှုအပေါ် ဝန်ပိုပိ၍ မကျေနပ်မှုများရှိလာနိုင်ပါကြောင်းဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး စတုတ္ထနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **"မြို့နယ်အသီးသီး၌ စည်ပင်သာယာရေးအဖွဲ့တွင် တရားဝင်အခွန်ပေးဆောင်ပြီး ပြေးဆွဲနေကြသော အနေ့းယာဉ်(ဆိုက်ကား) သမားများသည် စနစ်တကျစုဖွဲ့မှုရှိပြီး အသိအမှတ်ပြုနေရာများ၌ ဆိုက်ကားဂိတ်များထားရှိကာ အလှည့်ကျ ခရီးသည်ပို့ဆောင်မှု ပြုနေကြသကဲ့သို့ မော်တော်ဆိုင်ကယ်များ ကိုလည်း လိုင်စင်ပေးလိုက်ပြီးနောက် မြို့နယ်စည်ပင်သာယာနယ်နိမိတ်အတွင်း ပြေးဆွဲ ပို့ဆောင်စေခြင်းအားဖြင့် နိုင်ငံတော်အတွက် ထိုက်သင့်သော အခွန်ရရှိကာ ပဋိပက္ခများလည်း ရှောင်ရှား နိုင်စေရေးအတွက် ပြည်ထောင်စုအစိုးရမှ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ဆက်လက်၍ မော်တော်ဆိုင်ကယ်များ ဆိုင်ကယ်တက္ကစီအဖြစ် အငှားပြေးဆွဲနေခြင်းသည် နိုင်ငံတော်၏ လက်ရှိ အခြေအနေအရ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ဒေသတွင်း သယ်ယူပို့ဆောင်မှုစွမ်းအားမပြည့်စုံခြင်း၊ မော်တော်ယာဉ်များနှင့်နှိုင်းယှဉ်ပါက ယာဉ်တန်ဖိုးနှင့်ယာဉ်အသုံးပြုမှု ကုန်ကျစရိတ် နည်းပါးခြင်း၊ စီးနင်းအသုံးပြုခသက်သာပြီး မြို့နေလူတန်းစားများသာမက တောရပ်နေလူတန်းစားများပါ လိုရာခရီးသို့ လမ်းမရွေး၊ အချိန်မရွေး လွယ်ကူစွာသွားလာမောင်းနှင် အသုံးပြုနိုင်ခြင်း စသည့်အချက်များကြောင့် လိုအပ်ချက်အရ ယာယီခွင့်ပြုပေးထားခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက မော်တော်ဆိုင်ကယ်သည် ဘီးနှစ်ဘီးသာပါရှိသဖြင့် ဟန်ချက်ပျက်လွယ်ခြင်း၊ တိမ်းလွယ်၊ မှောက်လွယ်ခြင်း၊ အတွင်းခန်းသို့ဝင်၍ စီးရသည့် ယာဉ်အမျိုးအစားမဟုတ်ဘဲ အပေါ်မှခွစီးရသည့် ယာဉ်မျိုးဖြစ်သဖြင့် ရုပ်ပိုင်းဆိုင်ရာအားဖြင့် အကာအကွယ်မဲ့နေခြင်း၊ ယာဉ်မတော်တဆမှုဖြစ်ပွားပါက အလွန်အန္တရာယ်များခြင်း၊ လျင်မြန်စွာသွားလာနေသော မော်တော်ယာဉ်များ၊ ဘတ်စ်ကားများ၊ ထရပ်ကားများနှင့် ယာဉ်သွားလာမှုလမ်းကြောင်း မျှဝေသုံးစွဲရခြင်းတို့ကြောင့် ခရီးသည်အတွက် လုံခြုံမှုမရှိဘဲ အန္တရာယ်ဖြစ်နိုင်သဖြင့် အငှားယာဉ်အဖြစ် မှတ်ပုံတင်ပြောင်းလဲခွင့်မပြုခဲ့ခြင်းဖြစ်ပါကြောင်း။

တစ်နိုင်ငံလုံးအနေဖြင့် ခရီးသည်များအတွက် လုံခြုံမှုမရှိသည့် မော်တော်ဆိုင်ကယ်အငှားပြေးဆွဲမှု (မော်တော်ဆိုင်ကယ်တက္ကစီ) အားရေရှည်တွင် ခွင့်မပြုသင့်ပါကြောင်း၊ ယာယီအားဖြင့် မြို့နယ်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လုပ်ငန်းလိုင်စင် မရှိ၊ အုပ်ချုပ်ထိန်းကွပ်မှုမရှိဘဲ ခရီးသည်များအား အလုအယက်ခေါ်ယူပြေးဆွဲ နေသည့် ဆိုင်ကယ်တက္ကစီများအား သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ယာဉ်

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ မေးမြန်းစဉ်။ (သတင်းစဉ်)

စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီများမှ စနစ်တကျကြီးကြပ်၍သာ ဆောင်ရွက်သင့်ပါကြောင်း၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိသည့် မော်တော်ဆိုင်ကယ်များအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၏ **"ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်း ဈေးကြီးရှိ Super World ခန်းမ(၁)နှင့်(၂) ဆိုင်ခန်းများကို ပုဂ္ဂလိကသို့ လွှဲအပ်ရောင်းချထားခြင်း ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန

စာမျက်နှာ ၈ ကော်လံ ၅ သို့ ❖

○ **ပြည်သူ့လွှတ်တော်မှ**

ဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ နှင့် ၄၄၇ ဖြင့် အရေးယူစစ်ဆေးသည့်အမှုကို အကျဉ်းနည်း စစ်ဆေးခွင့်အာဏာအပ်နှင်းခြင်းခံရသည့် တရားသူကြီးက အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်ကြောင်း။

တရားရုံးများသည် နစ်နာသူ ကာယကံရှင်၏ တိုင်ကြားချက်အရ အမှုတစ်မှုချင်းအလိုက်စိစစ်၍ အရေးယူဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇၊ ၄၄၇ တို့အရ တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ သင့်မြတ်လျော်ကန်ခြင်း ရှိ/မရှိ စိစစ်ရန် အခွင့်အရေးရှိမည်မဟုတ်ဘဲ ဥပဒေအရသာ ဆုံးဖြတ်ခွင့်ရှိသဖြင့် ယင်းကဲ့သို့သောအမှုများ တရားစွဲဆိုခြင်းသည် သင့်/မသင့် စိစစ်ရန်မရှိပါကြောင်း။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ နှင့် ပုဒ်မ ၄၄၇အရ ပြစ်မှုများသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၅၊ ပုဒ်မခွဲ(၁)အရ နစ်နာသူတရားလိုကသာ တရားရုံးခွင့်ပြုချက်မလိုဘဲ ကျေအေးခွင့်ရှိပါကြောင်း၊ တရားလိုက အမှုကိုကျေအေးလျှင် တရားရုံးက နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ကျေအေးခွင့်ပြုမိန့်ချမှတ်ပေးရန်သာရှိကြောင်း၊ တောင်သူလယ်သမားများသည် ၎င်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ နှင့် ပုဒ်မ ၄၄၇ တို့အရ စွဲဆိုသည့်အမှုများ ကာလကြာရှည်စွာ အမှုရင်ဆိုင်ဖြေရှင်းနေရသည့် အခြေအနေမျိုးမဖြစ်ပေါ်စေရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့်မြန်မြန် စစ်ဆေးပြီးပြတ်အောင် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် တရားရေးဆိုင်ရာမေးခွန်း(၁)ခု၊ စက်မှုဆိုင်ရာ မေးခွန်း(၂)ခု၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာမေးခွန်း(၂)ခုနှင့် ပြည်ထဲရေးဆိုင်ရာ မေးခွန်း(၃)ခုတို့ကို မေးမြန်းဖြေကြားခဲ့ကြသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။ **(သတင်းစဉ်)**

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ဂျာမနီနိုင်ငံ ဘာဒန်ဝူးတမ်းဘာ့ခ်ပြည်နယ်၏ ဒုတိယပြည်နယ်ဝန်ကြီးချုပ်၊ ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီးမစ္စတာ နီးလ်စ်ရှမစ်ဒ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးလှမြင့်ဦး၊ ဦးငွေးမြင့်၊ ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်၊ ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးခင်မောင်ထွန်း၊ ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

✱ **ကျောဖုံးမှ**

ထို့နောက် ဂေါ်ဒူသာရကျေးရွာသို့ ရောက်ရှိပြီး ဒုချီးရားတန်းကျေးရွာမှ ရှောင်တိမ်းရောက်ရှိလာသည့်ကျေးရွာသားများနှင့် တွေ့ဆုံမေးမြန်းကြသည်။

ထိုသို့မေးမြန်းရာ ကျေးရွာပြည်သူများက ကလေး၊ လူကြီးများကို ရခိုင်လူမျိုးများက သတ်ဖြတ်သည်ကို မကြားသိရပါကြောင်း၊ ယင်းရွာမှ လူအချို့ အဖမ်းခံနေရပါကြောင်း ပြောကြားသဖြင့် မောင်တောဒေသတွင် တာဝန်ယူဆောင်ရွက်နေသော ရဲမှူးချုပ်တင်ကိုကိုက ၎င်းတို့အားစစ်ဆေးမေးမြန်းပြီး အပြစ်မရှိပါက ပြန်လွှတ်ပေးမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဂေါ်ဒူသာရကျေးရွာမှ မော်လဝီဆရာကလည်း လူသတ်သည်ကို မတွေ့ရပါကြောင်း ပြောဆိုခဲ့သည်။

တွေ့ဆုံမေးမြန်းရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးမင်း၊ ဒေါက်တာဘော်ရှီးအာမက်၊ UNHCR, OCHA ကိုယ်စားလှယ်တို့က ကျေးရွာပြည်သူများအား တိုက်ရိုက်မေးမြန်းခဲ့ခြင်းဖြစ်သည်။

ထိုမှဆက်လက်၍ ဒုချီးရားတန်းကျေးရွာသို့ ရောက်ရှိခဲ့ပြီး ရဲတပ်ကြပ်ကြီးနှင့်အဖွဲ့ ကင်းလှည့်ရာမှ စတင်ဖြစ်ပွားခဲ့သည့် နေရာ၊ ရဲတပ်ကြပ်ကြီး၏အဝတ်အစားများ တွေ့ရှိရာနေရာတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ညနေ ၅ နာရီခန့်တွင် မောင်တော ခရိုင် အုပ်ချုပ်ရေးမှူးရုံးခန်းတွင် ဖြစ်စဉ်နှင့်ပတ်သက်၍ UNHCR နှင့် OCHA တို့မှ ကိုယ်စားလှယ်တို့က သိလိုသည်များကိုမေးမြန်းခဲ့ရာ ရဲမှူးချုပ်တင်ကိုကို၊ ပြည်နယ်ရဲတပ်ဖွဲ့ရဲမှူးကြီး နေမျိုးတို့က ပြန်လည်ရှင်းလင်းခဲ့ကြသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ယခုဖြစ်စဉ်တွင် အဓိကကျသည့် တရားခံဖော်ထုတ်နိုင်ရေး၊ ပျောက်ဆုံး ရဲတပ်ကြပ်ကြီးနှင့် လက်နက် ပြန်လည်ရရှိရေးတို့ကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရေးနှင့် ကျေးရွာများ၏ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရင်း၊ နိုင်ငံခြားသတင်းဌာနများမှ ထုတ်လွှင့်နေသည့် ဒေသရှိကလေးနှင့် အမျိုးသမီးများကို သတ်ဖြတ်သည်ဆိုသည့်သတင်းများ လုံးဝမဟုတ်မှန်ကြောင်း သိရှိနိုင်ရန်၊ လွန်ခဲ့သည့် အပတ်က ဖြစ်ခဲ့သည့်ဖြစ်စဉ် အမှန်ကို သိရှိလို၍ရောက်ရှိလာခြင်း ဖြစ်ကြောင်း၊ ရဲတပ်ဖွဲ့ကလည်း ဒုချီးရားတန်းကျေးရွာရှိ ပစ္စည်းများ မပျောက်ပျက်စေရေးအတွက် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းပြောကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

(ပြည်နယ်ပြန်/ဆက်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်အဖွဲ့ မောင်တောမြို့နယ်သို့ သွားရောက်စစ်ဆေးစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ) (သတင်းစဉ်)

❖ **အမျိုးသားလွှတ်တော်မှ**

ဒုတိယဝန်ကြီး ဦးသန်းထွန်းက ဒဂုံမြို့နယ် သမဝါယမအသင်းစုသည် နိုင်ငံတော်အစိုးရထံမှ ဘဏ်ချေးငွေများရယူ၍ လုပ်ငန်းဆောင်ရွက်ခဲ့ရာတွင် နိုင်ငံတော်သို့ ဘဏ်ချေးငွေများပေးဆပ်ရန် ကျန်ရှိနေသဖြင့် အမြန်ဆုံးပြန်လည်ပေးဆပ်နိုင်ရေးအတွက် သမဝါယမဝန်ကြီးဌာနမှ ကြွေးမြီရှင်းလင်းရေးနှင့် ထုခွဲရောင်းချရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး အဆိုပါအဖွဲ့၏ဆုံးဖြတ်ချက်ဖြင့် Super World သမဝါယမအသင်းလီမိတက်မှ ဒါရိုက်တာများဖြစ်သည့် ဦးမောင်မောင်လွင်၊ ဒေါ်ရှုကြည်တို့ထံ Super World ခန်းမ(၁)ကို ငွေကျပ်သိန်း ၃၅၀ ဖြင့်လည်းကောင်း၊ ခန်းမ(၂)ကို ငွေကျပ် သိန်း ၁၅၀ ဖြင့်လည်းကောင်း ရောင်းချခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၀၁ ခုနှစ်တွင် အဆိုပါဆိုင်ခန်း(၂)ခန်း၏ အသိအမှတ်ပြုဆိုင်ငှားအဖြစ် Super World သမဝါယမအသင်းလီမိတက်အမည်မှ ဦးမောင်မောင်လွင်၊ ဒေါ်ရှုကြည်တို့၏အမည်ဖြင့် အသိအမှတ်ပြု ဆိုင်ငှားအဖြစ် မှတ်ပုံတင်အခကြေးငွေများ လာရောက်ပေးသွင်းရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဈေးများဌာနက ခွင့်ပြုအကြောင်းကြားခဲ့ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ရှေးဦးကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကြမ်း**နှင့် **အဆိပ်များအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** တို့ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုခဲ့ပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

လုပ်ငန်းများအချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်

စစ်တွေ ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ပြုပြင်ပြီး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ငွေလုံးငွေရင်းနှင့် သာမန်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဌာနဆိုင်ရာများအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြုပြင်ပြီး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ငွေလုံးငွေရင်းနှင့် သာမန်လုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေများဖြင့် စနစ်တကျ အပြည့်အဝသုံးစွဲပြီး ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးတို့ကို အလေးထားကြပ်မတ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ရန်ပုံငွေတွင် ပါဝင်သော ဌာနများနှင့် ပြည်ထောင်စုရန်ပုံငွေတွင်ပါဝင်သော ဌာနများက မိမိတို့ဌာနအလိုက် ငွေလုံးငွေရင်းနှင့် သာမန်လုပ်ငန်းများအတွက် ဘဏ္ဍာငွေခွင့်ပြုရရှိမှု၊ သုံးစွဲမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(ပြည်နယ်ပြန်/ဆက်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၁-၂၀၁၄ (ကြာသပတေးနေ့)

[၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)]

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၆း၁၅	မင်းကွန်းဆရာတော်ကြီး၏အရပ် ဆယ်မျက်နှာမေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၆း၃၅	ကျန်းမာဖို့အတူကစားစို့
၆း၄၅	"သမိုင်းဝင်ရှင်ကိုးရှင်ဘုရားများ"
၇း၀၀	ပြည်တွင်းသတင်း၊ မိုးလေဝသသတင်း
၇း၂၀	ပြည်သူတို့ရဲ့စကားသံများ
၇း၃၀	နှောင်းခေတ်တေးပဒေသာ
၁၀း၂၀	ရွှေရင်ခုန်သံ
၁၀း၃၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၂)
၁၂း၂၅	မြန်မာဗီဒီယိုဇာတ်လမ်း "ဟိုဘက်အိမ်ကကောင်မလေး" (အရိုင်း၊ ဖိုးဖြူ ချောရတနာ) (ဒါရိုက်တာ-သပြားသု)
၁း၄၀	အတီးပြိုင်ပွဲ
၂း၀၀	တေးဂီတအစီအစဉ်
၂း၁၀	သုခုမရင်ခွင်အငြိမ့်သဘင် "မန္တလေးစတားအငြိမ့်" (မင်းသမီး-ခင်နှင်းထိုက်၊ လူရွှင်တော်-ချစ်စရာ၊ ထင်ပေါ်၊ ပေါစိန်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၄း၁၅	ဆိုကြမယ်၊ ပျော်ကြမယ်
၈း၀၀	ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း -ညဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်

မောင်တောမြို့နယ် ခရေမြိုင်ရဲကင်းမှ နယ်မြေလုံခြုံရေးပူးပေါင်းအဖွဲ့ လှည့်ကင်းဆောင်ရွက်စဉ် ဒုချီးရားတန်းရွာ၌ ဘင်္ဂါလီများက အုပ်စုဖွဲ့ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ရဲတပ်ကြပ်ကြီး တစ်ဦး သေနတ် တစ်လက်၊ ခဲယမ်းအချို့နှင့်အတူ ပျောက်ဆုံးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခရေမြိုင်ရဲကင်းမှ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း ဦးစီးပူးပေါင်း

ဇန်နဝါရီ ၁၉ ရက်က ဇော်မတက်ကျေးရွာ မူလတန်းလွန်ကျောင်း၌ အမှတ်(၄)ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့မှူး ဦးစီး၍ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး၊ အမှတ်(၁၃) ရဲတပ်ရင်းမှူး၊ မောင်တောမြို့မရဲစခန်းမှူး၊ မောင်တောခရိုင် သာသနာရေးကောင်စီမှ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များ၊ မော်လဝီဆရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

တွင် ကျင်းပသော အာဆီယံအဖွဲ့ဝင်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၌ သတင်းထောက်များအား ယင်းသတင်းဌာနတို့၏ ဖော်ပြချက်

ဇန်နဝါရီ ၁၃ ရက် ည ၉ နာရီခန့်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် ခရေမြိုင်ရဲကင်းစခန်းမှ ရဲတပ်ကြပ်ကြီး အောင်ကျော်သိန်း ဦးစီးတပ်ဖွဲ့

ဇန်နဝါရီ ၂၀ ရက်က မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမှတ်(၄) ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူးဦးစီး၍ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မောင်တောခရိုင်အုပ်ချုပ်ရေးမှူး၊ မောင်တောမြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့်တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ မောင်တောမြို့နယ် ဘင်္ဂါလီကျေးရွာ အုပ်ချုပ်ရေးတာဝန်ခံများနှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ-ကနေဒါ နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး မစ္စတာ မက်ခ်မက်ဒိုဝဲလ်သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် မြန်မာ-ကနေဒါ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရိုမေးနီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၃

ရိုမေးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင့်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ဘူခါရက်စ်မြို့၌ ရိုမေးနီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ ထရာယန် ဘာဆက်စ်ကူထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာ မျက်နှာဖုံးနှင့် စာမျက်နှာ ၉ တွင်ပါရှိသည့် ဆောင်းပါးရှင် စောသိန်းဝင်း၏ "ရန်ကုန်မြို့၌ စီးပွားရေးမဟာဗျူဟာမြစ်ကူးတံတားတစ်စင်း ထပ်မံတည်ဆောက်မည်" ဆောင်းပါးတွင် "ဆောက်လုပ်ရေးဝန်ကြီးဌာနက ADB ချေးငွေဖြင့် အမြန်တည်ဆောက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း"အစား "ဆောက်လုပ်ရေးဝန်ကြီးဌာနက JICA ချေးငွေဖြင့် အမြန်တည်ဆောက်နိုင်ရန် စီစဉ်လျက်ရှိကြောင်း" ဟူ၍လည်းကောင်း ဖတ်ရှုပါရန်။

(စာတည်း)

စီစဉ်လုပ်ဆောင်ခဲ့သည့် ယင်းလူအုပ်စုဖွဲ့ အကြမ်းဖက်လုပ်ရပ်အပေါ် အထောက်အထားများဖြင့် ရှင်းလင်းပြသကြောင်း၊

ပစ်ခတ်တတ်အောင် သင်ကြားပေးခဲ့ကြောင်း၊ အဒူမူနာ (ဘီဒီပြေး)နှင့် မောင်တောရဲစခန်းမှ ပြစ်မှုကျူးလွန်သဖြင့် ထောင်နှစ်နှစ် ကျဖူးသ

မဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၂

သာသနာရေး ဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ၂၀၁၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်မြင်ခဲ့သော စာအောင်ပုဂ္ဂိုလ် ၅၃၁ ပါး၊ မြန်မာဂုဏ်ထူးအောင်ပုဂ္ဂိုလ် ခုနစ်ပါး၊ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ အထူးအောင် ပုဂ္ဂိုလ် ၁၄ ပါး၊ နိကာယ်စာမေးပွဲ အထူးအောင်ပုဂ္ဂိုလ် ၂၄ ပါး၊ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ တစ်နိုင်ငံလုံး၌ ပထမ၊ ဒုတိယ၊ တတိယရရှိသူ ကိုးဦးတို့အား ဘွဲ့တံဆိပ်တော်များနှင့် အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းသည့် မဟာဘွဲ့နှင်းသဘင် အခမ်းအနားကို ၁၃၇၅ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက် (၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် စနေနေ့) မွန်းတည့် ၁၂ နာရီတွင် မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည်ဖြစ်သည်။

အဆိုပါ မဟာဘွဲ့နှင်းသဘင်အခမ်းအနားသို့ ကြွရောက်ရန် သက်ဆိုင်ရာ စာအောင်ပုဂ္ဂိုလ်များနှင့် ပင့်သံဃာတော်များကို ပင့်စာများပေးပို့ဆက်ကပ်ပင့်ဆောင်ပြီးဖြစ်ရာ ပင့်စာများကို အချိန်မီမရရှိပါက ကြွရောက်တော်မူကြပါရန်နှင့် ဖေဖော်ဝါရီ ၁၄ ရက် ရုံးချိန်အတွင်း သာသနာရေးဦးစီးဌာနက ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့ရှိ စာမေးပွဲဌာနခွဲသို့ ဆက်သွယ်သတင်းပေးပို့ကြပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ နည်းစနစ်များဖြင့် ခေတ်မီရေးထုံးများ ဖော်ဆောင်မည့် သွားနှင့်ခံတွင်းဆရာဝန်ညီလာခံ

ရန်ကုန် ဇန်နဝါရီ ၂၂

သွားနှင့်ခံတွင်းဘက်ဆိုင်ရာ ဆေးပညာရပ်ပြန့်ပွားရေး၊ ဆရာဝန်အချင်းချင်းစည်းလုံးညီညွတ်ရေး၊ အပြည်ပြည်ဆိုင်ရာ နည်းစနစ်များ၊ ခေတ်မီကုထုံးများဖြင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာလောက အဆင့်အတန်းမြင့်မားရေး၊ နိုင်ငံတော်အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် (၃၄) ကြိမ်မြောက် မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်ညီလာခံကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာဦးပွင့်ဖူးက အမှာစကားပြောကြားကာ အသက် (၇၀) နှင့်အထက် သက်ကြီး သွားနှင့်ခံတွင်း ဆရာဝန်ကြီးများအား ပူဇော်ကန်တော့ကြပြီး ဂါရဝလက်ဆောင်များ ပေးအပ်ကြသည်။

ညီလာခံကို ဇန်နဝါရီ ၂၂ ရက်မှ ၂၅ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ သွားနှင့်ခံတွင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ သုတေသနစာတမ်းများ၊ ပြည်ပမှ စာတမ်းရှင် ၃၀နှင့် ပြည်တွင်းမှ စာတမ်းရှင် ၂၃ ဦးတို့က စာတမ်းများ ဖတ်ကြားကြမည်ဖြစ်သည်။

ယခုနှစ်ကျင်းပသော ညီလာခံတွင် ဆေးနှင့်ဆေးပစ္စည်း ကုမ္ပဏီများမှ ပြခန်းပေါင်း ၆၀ ကျော်တို့က သွားနှင့်ခံတွင်း ဆေးနှင့်ဆေးပစ္စည်းများကို အထူးဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိပြီး ညီလာခံအားကစားကော်မတီ အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည်ဖြစ်ရာ သွားနှင့်ခံတွင်းဆရာဝန်များအနေဖြင့် နှစ်သက်ရာ အားကစားနည်းများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် သက်ဆိုင်ရာ ဆရာဝန်ကြီးများထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ-အောင်ကျော်ဦး

◆ စာမျက်နှာ ၆ မှ

သို့ဖြစ်ပါ၍ နိုင်ငံတကာကဲ့သို့ စာချုပ်ဆေးရုံ ဆေးခန်းများဖြင့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများအား ဆောလျင်စွာ ဆောင်ရွက်ပါက လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အဖွဲ့ပိုင်လည်ပတ်နေသော ငွေကြေးအခက်အခဲ (Financial Crisis) နှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်ပါသည်။ မိမိထက်အကျိုးဝင်အာမခံလုပ်သားအင်အား၊ အာမခံအမျိုးအစားနှင့် ထည့်ဝင်ကြေးပမာဏသာလွန်များပြားသော အင်အားကြီးနိုင်ငံတချို့တွင်ပင် မကြာခဏ (Financial Crisis) နှင့် ရင်ဆိုင်ကြုံတွေ့နေရမှုများအား ကြားသိနေရပါသည်။ နိုင်ငံတကာကဲ့သို့ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အကျုံးဝင်အာမခံ လုပ်သားအင်အား ထည့်ဝင်ကြေးပမာဏနှင့် ပြန်လည်ဝန်ဆောင်မှုပေးရသော ကျန်းမာရေးစောင့်ရှောက်မှု ဆေးဖိုးပြန်အမ်းငွေနှင့် အခြားအကျိုးခံစားခွင့်များအား စနစ်တကျ စာရင်းအင်းအတတ်ပညာရှင်များဖြင့် နှစ်တို နှစ်ရှည်စီမံကိန်းများ ရေးဆွဲသုတေသနလုပ်မှုများ ပြုလုပ်သွားရန် အကြံပြုအပ်ပါသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးတွင် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြောင်းလဲကျင့်သုံးမည့် ဥပဒေသစ်တွင် အတည်တကျမရှိသော လုပ်သားများနှင့် မိမိဆန္ဒအလျောက် လူမှုဖူလုံရေးစီမံကိန်းအပေါ် စိတ်ဝင်စားသူများအားအကျုံးဝင်မှတ်ပုံတင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းမှစ၍ ကောက်ခံနိုင်ခဲ့ခြင်းမရှိသော နိုင်ငံလုံးဆိုင်ရာ လုပ်သားစာရင်းကောက်ခံမှုအား ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ခံပွဲအပြီး ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် လူမှုဖူလုံရေးဆေးရုံဆေးခန်းများအား ဆေးဝါးနှင့် ဆရာဝန်များ ဖြည့်တင်းဆောင်ရွက်ပေးမည့် **"လုပ်သားထုအတွက် မင်္ဂလာရှိသော ရှင်းလင်းတင်ပြမှုသတင်း"** အား ရုပ်မြင်သံကြားမှ ကြည့်ရှုလိုက်ရသည့်အတွက် ပြည်သူတစ်ဦးအနေဖြင့် လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိဖြစ်မိပါသည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြမှုများသည် **"တစ်မျိုးသားလုံး အကျုံးဝင်မည့် စီမံကိန်း"** ဖြစ်ပေါ်လာအောင် မလွဲမသွေ လိုအပ်နေသော အချက်များပင်ဖြစ်ပါသည်။

၁၉၆၃ ခုနှစ်က စတင်တည်ဆောက်၍ လုပ်သားထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သော **"ဉာဏဗလဆေးရုံ"**ဟူသော ဂုဏ်ပုဒ်ဖြင့် ၁၉၆၅-၁၉၇၅ ခုနှစ်အတွင်း သာလွန်ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် လူသိများခဲ့သော အလုပ်သမားဆေးရုံကြီး (ရန်ကုန်)မှာ ယခုအခါ ကျော်ကြားမှုများ တစ်စတစ်စနှင့် ဆိတ်သုဉ်းလာကာ ဆေးရုံတက်ရောက်ကုသသော လူနာအရေအတွက်မှာ များစွာလျော့နည်းလာကြောင်း လေ့လာသိရှိရပါသည်။ ဆေးရုံကြီးများတွင် တက်ရောက်ကုသရန် မလိုအပ်သော အာမခံထားရှိသည့် လုပ်သားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တစ်နိုင်ငံလုံးတွင် ဆေးခန်း ၉၂ ခန်းဖွင့်လှစ်ဆောင်ရွက်ပေးခဲ့သဖြင့် ဆေးခန်းတစ်ခန်းတွင် တာဝန်ထမ်းဆောင်သော ဆရာဝန်တစ်ဦးသည် လက်ရှိအကျုံးဝင်ထားသော အာမခံလုပ်သားခြောက်သိန်းကျော်ဖြင့် အချိုးချပါက ဆရာဝန်တစ်ဦးလျှင် အာမခံလုပ်သား ၆၀၀၀ ကျော်အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေရသည့်အပေါ် ဆရာဝန်နှင့် လူနာ **"ဝန်နှင့်အားမမျှ"** ၍လွန်စွာစာနာမိပါသည်။

နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုအတွက် အားကိုးအားထားပြုနေရသော အာမခံလုပ်သားများအား ကျန်းမာရေးဝန်ဆောင်မှုပေးနေရသောဆရာဝန်များအနေဖြင့် အလုပ်ရှင်အလုပ်သမားနှင့် လူမှုဖူလုံရေးအဖွဲ့တို့အကြား သစ္စာရှိမှု၊ တာဝန်သိမှု၊ တာဝန်ရှိမှုအပေါ်အခြေခံ၍ ပြောင်းလဲစတင်ကျင့်သုံးမည့် လူမှုဖူလုံရေးဥပဒေသစ်ဖြင့် လူမှုဖူလုံရေးစီမံကိန်း တစ်စတစ်စအောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ တစ်ချိန်ကကျော်ကြားခဲ့သော **"ဉာဏဗလဆေးရုံကြီး"**အား အသစ်တစ်ဖန်ပြန်လည်မွေးဖွားလာသော ဆေးရုံကြီးဖြစ်လာစေရန် ကောင်းမွန်သောဆေးပညာ ဝန်ဆောင်မှုများဖြင့် အလုပ်အကျွေးပြုတာဝန်ယူသင့်ပါသည်။ အုပ်ချုပ်မှုဆိုင်ရာအပိုင်းမှလည်း မလိုလားအပ်သော နှောင့်နှေးကြန့်ကြာမှုများဖြစ်စေသည့် ခေါက်ရိုးကျိုးစနစ်ဆိုးများကိုဖယ်ရှား၍ ကောင်းမွန်သန့်ရှင်းသော အစားထိုးစီမံခန့်ခွဲမှုများဖြင့် ဆောင်ရွက်ပေးစေလိုကြောင်း မွန်မြတ်သောစိတ်စေတနာဖြင့် အပြုသဘောဆောင် အကြံပြုရေးသားတင်ပြအပ်ပါသည်။

၁၅-၁-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာနှင့် ၁၄-၁-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတို့တွင် ဦးရဲဝင်း[၁၂/ကတတ(နိုင်)၀၀၀၅၅၁]၏လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးလှဦးနှင့် အထက်တန်းရှေ့နေ ဦးဆန်းမင်းထွန်းတို့၏ အများသိစေရန်ကြေညာခြင်းအပေါ် ရှင်းလင်းပြန်ကြားကြေညာခြင်း

ဒေါ်ခင်ခင်ဆွေ(စီဒီ-၀၁၅၃၅၀)ပါ (၁၁)ဦးကိုယ်စား ဦးမောင်မောင်ချစ်[၁၂/သကတ(နိုင်)၁၆၀၄၉]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃စီ⁹)၊ မြေကွက်အမှတ်(V-၃၁)၊ မြေကွက်အကျယ်အဝန်းပေ(၂၀×၃၃)ရှိသည့်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၅၉)၊ ၁၄၁ လမ်း၊ ပုဏ္ဏားကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအား ဖျက်သိမ်း၍ တိုက်သစ်ဆောက်လုပ်ရန် မြေရှင်ဒေါ်ခင်ခင်ဆွေပါ(၁၁)ဦးနှင့် ကန်ထရိုက်တာ ဦးရဲဝင်းတို့သည် ၃၀-၁၁-၉၇ ရက်က သဘောတူစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး မြေရှင်(၁၁)ဦးတွင် ကိုယ်တိုင်ပါဝင်လက်မှတ်ရေးထိုးခြင်းမရှိသူ(၅)ဦးနှင့် စာချုပ်တွင် အမည်ပါဝင်သူ(၄)ဦးတို့မှာ ကွယ်လွန်ခဲ့ပြီးဖြစ်ပါသည်။

ကန်ထရိုက်တာ ဦးရဲဝင်းသည် မြေရှင်များထံမှ မြေဂရန်မူရင်းအပါအဝင် စာရွက်စာတမ်း(၁၁)မျိုးကို ၄-၁၂-၉၇ ရက်တွင် လက်ခံရယူသွားခဲ့ပါသည်။ ထို့ပြင် အဆိုပါစာရွက်စာတမ်း(၁၁)မျိုး၌ မြေရှင်အမည်ပါ(၁၁)ဦးအနက် (၁၀)ဦးက ဦးရဲဝင်းအား အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားသော်လည်း ကျန်(၁)ဦးဖြစ်သော ဦးမောင်မောင်ချစ်က ကန်ထရိုက်တာဦးရဲဝင်းအား ကိုယ်စားလှယ်လွှဲအပ်ထား ခြင်းမရှိပါ။ အဆိုပါမြေကွက်ပေါ်တွင် သမဝါယမအဆောက်အအုံရှိနေခြင်းနှင့် ကန်ထရိုက်တာဦးရဲဝင်းသည် အမှန်တကယ်အဆောက်အအုံဆောက်လုပ်ရန် မဆောင်ရွက်ဘဲ စာချုပ်ချုပ်ဆို အမြတ်ယူပြီး တစ်ဆင့်လွှဲပြောင်းရန်ကြိုးစားအားထုတ်နေခြင်းတို့ကြောင့် စာချုပ်ကိုဖျက်သိမ်းရန်သာရှိပါသည်။ စာချုပ်ချုပ်ဆိုသည့်နေ့မှ ဦးရဲဝင်းက သတင်းစာတွင် ကြေညာသည့် ၁၄-၁-၂၀၁၄ နှင့် ၁၅-၁-၂၀၁၄ ရက်အထိ (၁၆)နှစ်ကျော်ကာလအတွင်း သဘောတူစာချုပ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန်ထရိုက်တာမှ ဆောင်ရွက်ခြင်းမရှိကြောင်း သိရှိရသည့်အပြင် သဘောတူစာချုပ်၌ မြေရှင်များအားလုံးပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသဖြင့် ယင်းစာချုပ်သည် ဥပဒေအရ တရားဝင်ရပ်တည်နိုင်မည်မဟုတ်သည့်အတွက် မြေရှင်ဘက်မှ အဆိုပါ သဘောတူစာချုပ်နှင့် ကိုယ်စားလှယ်လွှဲစာတို့ကို ဖျက်သိမ်းပြီး ကန်ထရိုက်တာ ဦးရဲဝင်းရယူထားသည့် အဆိုပါအိမ်မြေနှင့်ပတ်သက်သော စာရွက်စာတမ်း(၁၁)မျိုးကို(၇)ရက်အတွင်း မြေရှင်တို့ လက်ရောက်ပြန်လည်ပေးအပ်ပါရန်နှင့် မြေရှင်များ၏ ဥပဒေအခွင့်အရေးအပေါ်တားမြစ်ချက်မှန်သမျှကို လက်ခံနိုင်မည်မဟုတ်ပါကြောင်း အများသိစေရန် ရှင်းလင်းပြန်ကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဇော်မင်းမင်း
အထက်တန်းရှေ့နေ(စဉ်-၁၃၆၁၁)
ရုံးခန်း(၄)၊ မြို့နယ်တရားရုံးအနီး
သုမနလမ်း၊ ၅ ရပ်ကွက်၊ သာကေတမြို့နယ်
ဖုန်း-၀၉-၇၃၀၇၁၈၉၆

ဦးခင်မြင့်
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၅၀)
၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်း၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၀၁၅၈၂၉၊ ၀၁-၄၅၀၆၈၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၊ လူနေရပ်ကွက်အမှတ်-၁၊ မြေကွက်အမှတ်-၁၆၀၀-ခ၊ (အလျား ၂၀ ပေ× အနံ ၆၀ ပေ)၊ ဧရိယာ(၀. ၀၂၇)ဧက အကျယ်အဝန်းရှိ ဦးလှမြင့် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ဟုခေါ်တွင်သော ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ လမ်းသစ်(၁)လမ်း၊ အမှတ်(၁၆၀၀-ခ)မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်သန်းဝင်း[၁၂/သကတ(နိုင်)၁၆၂၇၀၁]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားများ ယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သူရ(မြောင်းမြ)
LL.B,A.G.T.I(EP), D.B.L,D.M.L
WIPO(SWITZERLAND)
တရားလွှတ်တော်ရှေ့နေ(၈၁၀၈)
ဘဏ်ရှေ့နေနှင့်ဥပဒေအကြံပေး

ဦးဇေယျာထွန်း(စဉ်-၂၅၇၈၅)
LL.B,WIPO(SWITZERLAND)
ဦးစိုးလွင်ဦး(စဉ်-၁၇၉၈၁)
LL.B, WIPO(SWITZERLAND)
အထက်တန်းရှေ့နေများ

အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၈၄၀၄၂၊ ၀၉-၃၁၁၆၇၀၈၆၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြေကွက်အမှတ်-၃၄၆ရှိ ဦးအောင်ကြည် (HZA -၁၁၉၃၂၄) အဖအမည် ဦးချန်းထွန်းပိုင်မြေကွက်အား ဒေါ်ခိုင်သီတာကြည် [၁၀/မဒန(နိုင်)၀၀၃၅၆၉] အဖအမည် ဦးကြည်မှ ဝယ်ယူမည်ဖြစ်ပါသဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို စာချုပ်ပါအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ ဒေါ်ခိုင်သီတာကြည်
[၁၀/မဒန(နိုင်)၀၀၃၅၆၉]
အမှတ်(၂၇)၊ ဓမ္မဒါနလမ်း၊ ဈေးကွက်(က)ရပ်ကွက်၊ တာမွေ။
ဖုန်း-၀၉-၄၅၀၀၆၂၇၇၅၊ ၀၉-၅၀၃၈၃၈၁

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် နန်းနိမ့်ကျေးရွာအနီးရှိ ဘိန်းချက်စခန်းနှစ်ခုမှ မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နယ်မြေခံတပ်နှင့် ပူးပေါင်း၍ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် လုံးပျဉ်ကျေးရွာအုပ်စု နန်းနိမ့်ကျေးရွာတောင်ဘက်နန်းနိမ့်ကျေးရွာနှင့် ဖယ်ခုံမြို့နယ် ခေါင်းအီကျေးရွာအုပ်စု ဘောရန်ကျေးရွာလမ်းဆုံ ခန့်မှန်းမြေပုံညွှန်း (ကေစီ၇၅၀၀၀၁၉၀) တွင် ဆိုင်ကယ်များဖြင့် ရောက်ရှိလာသူ စိုးမောင်ထံမှ ဘိန်းစိမ်း ၁၇ ကီလို၊ မောင်ကို့ထံမှ ဘိန်းစိမ်း ၁၂ ဒသမ ၃ ကီလို၊ ကိုရယ်ခဲ နှစ်ကီလို၊ ဘိန်းရည် ၂၀ လီတာ၊ အမိုနီယမ်ကလိုရိုက် ၁ ဒသမ ၆ ကီလိုနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိပြီး လုံးဟူးတောင်တန်းရှိ ဘိန်းချက်စခန်းအား ဆက်လက်ရှင်းလင်းရာ ပေ (၃၀×၄၀) ခန့်နှင့် (၁၀×၁၅) ပေခန့်ရှိ တဲနှစ်လုံးတို့အားတွေ့ရှိကာ ဘိန်းရည် ၆၀၇၀ လီတာ၊ ဘိန်းညိုခဲ ၁၀ ကီလို၊ ဘိန်းဆီခဲ ၃ ကီလို၊ အမိုနီယမ် ကလိုရိုက် ၄ ကီလို၊ ဟိုက်ဒရိုကလိုရစ်အက်စစ် ၁၂ လီတာ၊ ဆက်စပ်ပစ္စည်းများနှင့် တူမီးသေနတ် တစ်လက်တို့အား ပိုင်ရှင်မဲ့ သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ ဘိန်းချက်စခန်းများ ရှင်းလင်းဆောင်ရွက်မှုမှ ဖမ်းဆီးရမိတရားခံ စိုးမောင်ပါ ခုနစ်ဦးတို့အား မူးယစ်ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ (ကာလတန်ဖိုးငွေကျပ် ၂၀၀ ဒသမ ၇၄၂ သန်း) နှင့်အတူ ပင်လောင်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖမ်းဆီးရမိသော တရားခံ စိုးမောင်၊ မောင်ကို့၊ ကိုရယ်၊ မောင်ကို၊ မိုးမြတ်တို့ ငါးဦးအား သက်သေခံပစ္စည်းများနှင့် အတူ တွေ့ရစဉ်။ (သတင်းစဉ်)

တွင် ဘိန်းချက်စခန်းတည်ရှိကြောင်း သတင်းရရှိခဲ့သဖြင့် အဆိုပါ ဘိန်းချက်စခန်းများသို့ ဇန်နဝါရီ ၂၀ ရက်တွင် စီမံချက်ရေးဆွဲ ရှင်းလင်းဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၂၀ ရက် နံနက် ၄ နာရီတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စု (၂၅)၊ မူးယစ်တပ်ဖွဲ့စု (၂၆)တို့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်

နံနက် ၆ နာရီတွင် တောင်တန်းတစ်ခုပေါ်ရှိ ဘိန်းချက်စခန်းအား ရှင်းလင်းရာ ပေ ၂၀ ပတ်လည်ရှိ မိုးကာတဲတစ်လုံးတွင် တပေးနှင့် တနိုင်ဆိုသူတို့ နှစ်ဦးအား ဘိန်းဆီထံမှ ဘိန်းစိမ်း ၂၁ ဒသမ ၉ ကီလို၊ မောင်ကိုထံမှ ဘိန်းစိမ်း ၁၇ ဒသမ ၁ ကီလို၊ မိုးမြတ်ထံမှ ဘိန်းစိမ်း ၂၁ ဒသမ ၆ ကီလို၊ စုစုပေါင်း ဘိန်းစိမ်း ၈၉ ဒသမ ၉ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ သုခလှိုင်တိုက်၊ အခန်း (၅၂)၊ အမှတ် (၁၂၀) တွင် ပါတီရုံးချုပ်တည်ရှိသော ချင်းအမျိုးသားပါတီ (Chin National Party) သည် ၎င်းတို့၏ ပါတီအမည်အား **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)** ဟု အမည်ပြောင်းလဲခွင့်ပြုပါရန် ၁၆-၁-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလျှောက်ထားလာပါသည်။ ယင်းသို့ တင်ပြလျှောက်ထားလာသည့် **ချင်းအမျိုးသားဒီမိုကရက်တစ်ပါတီ (Chin National Democratic Party)** ဟူသည့် အမည်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်

လမ်းလယ်ကျွန်းအားတိုက်မိ၍ ယာဉ်တိမ်းမှောက်

နေပြည်တော် ဇန်နဝါရီ ၂၂

ဥတ္တရသီရိမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၈၅/၂-၃)အကြား ဇန်နဝါရီ ၂၁ ရက် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ပန်းတင်အမြန်လမ်း ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မှ ပုဂံသို့ လှိုင်သာယာမြို့နယ် (၁)ရပ်ကွက်နေ ဦးသိန်းမြင့် (၅၁)နှစ်မောင်းနှင်သော ၆ခ/. . . လိုက်ထရပ်အဖြူရောင်ယာဉ်မှာ ရှပ်တန်းကျိုးပြီး လမ်းလယ်ကျွန်း ကာရံထားသော အတားအဆီးများအား တိုက်မိကာ လမ်းပေါ်၌တိမ်းမှောက်သွားခဲ့သဖြင့် **(အောက်ဝဲပုံ)**ယာဉ်ပေါ်ပါသူ ၁၇ ဦးအနက် ဦးသိန်းမြင့်တွင် ဝဲဘက်လက်ခလယ်ပြတ်ရှဒဏ်ရာ၊ တစ်ရပ်ကွက်တည်းနေသူများဖြစ်ကြသော ဒေါ်စန်းရီ (၇၆)နှစ်ပါ ငါးဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကြပြီး ယာဉ်တိမ်းမှောက်မှုကြောင့် အဆိုပါယာဉ်မှာ ရှပ်တန်းကြိုး၊ ယာဘက်ရှေ့တံခါးပိန်ချိုင့်၊ တံခါးမှန်ကွဲတို့ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ဟသ်ာတမြို့၌ မီးလောင်မှုဖြစ်ပွား

ဟသ်ာတ ဇန်နဝါရီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ လယ်တီကွင်းရပ်ကွက် မြို့ပတ်လမ်းတွင် ဇန်နဝါရီ ၂၁ ရက် နံနက် ၂ နာရီက ဒေါ်ခင်ဦးနေအိမ်မှ ဝါယာရှော့ဖြစ်ပြီး မီးလောင်မှုဖြစ်ပွားရာ ဟသ်ာတမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်နှစ်စီး၊ လယ်တီကွင်းရပ်ကွက်မှ အရန်မီးသတ် ၂၀ ခန့်နှင့် ရပ်ကွက်ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက်၂ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ဒေါ်ခင်ဦး၏ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးကာ ကာလတန်ဖိုးငွေကျပ် ၁၀ သိန်းခန့် ဆုံးရှုံးသွားသဖြင့် သက်ဆိုင်ရာ ရဲစခန်းမှ အရေးယူဆောင်ရွက်နိုင်ရေး စီစဉ်လျက်ရှိကြောင်း သိရသည်။ **(၇၀၀)**

ကြော်ငြာစာ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနလက်အောက်ရှိ မွေးမြူရေး ခြံ/စက်ရုံလုပ်ငန်း(၄၃)ခုအနက် အောက်ဖော်ပြပါ လုပ်ငန်း(၉)ခုအား ၂၇-၁-၂၀၁၄ရက် ၁၃း၀၀ နာရီ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာ၊ ရုံးအမှတ်(၃၆)၊ အစည်းအဝေးခန်းမတွင် တင်ဒါရွေးချယ်မည်ဖြစ်ရာ အဆိုပြုလွှာတင်ထားသည့် ကုမ္ပဏီ/အဖွဲ့အစည်း/လူပုဂ္ဂိုလ်များ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အကျိုးတူဖက်စပ်**(Product Sharing)**ဆောင်ရွက်မည့်လုပ်ငန်းများ

(က) ဒည်င်းကုန်း အစာစပ်စက်ရုံ
(ခ) ပျဉ်းပင် ဗဟိုဖောက်စက်(အသစ်)
(ဂ) ပျဉ်းမပင် ဗဟိုဖောက်စက်(အဟောင်း)
(ဃ) ပျဉ်းမပင် ဝက်မွေးမြူရေးခြံ
(င) ဘုရားကြီး ကြက်မွေးမြူရေးခြံ
(စ) ဘုရားကြီး မျိုးဘဲမွေးမြူရေးခြံ
(ဆ) ဘုရားကြီး ဝက်မွေးမြူရေးခြံ
(ဇ) လှော်ကား အစာစပ်စက်ရုံ
(ဈ) ခြေမြစ်ပင် မွေးမြူရေးခြံ

၂။ ကျန်လုပ်ငန်းများကို ရွေးချယ်မည့်ရက်အား ဆက်လက်ကြော်ငြာသွားမည် ဖြစ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း ကျွန်တော် မောင်ညိုလင်းထွန်း(CDC -46073) NRC[12/UKT(N) 04 1931]၏ Result Sheet မူရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၃၀၇၀၃၂၃

ရန်ကုန်ပညာရေးတက္ကသိုလ် B.Ed (1966-1971)

နှစ်ပတ်လည်မိတ်ဆုံပွဲနှင့် မြတ်ဆရာပူဇော်ပွဲ ကျင်းပပါမည်။ ဆက်ဆက်လာရောက်တွေ့ဆုံကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက် (စနေနေ့)
နေရာ - (၁) တက္ကသိုလ်များဓမ္မာရုံ (နံနက် ၉ နာရီ)
(၂) KKS စားသောက်ဆိုင် (မွန်းတည့် ၁၂ နာရီ)
အင်းလျားလမ်း၊ ရတနာဆောင် မျက်နှာချင်းဆိုင်

ဈေးပြိုင်စနစ်ဖြင့်လေလံတင်ရောင်းချခြင်း

၁။ လှိုင်လင်မြို့နယ်၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် ထိုင်းနိုင်ငံထုတ် ဆင်နှစ်ကောင်တံဆိပ် Chang ဘီယာဗူးကို (၁၄၀)ပါကင်(၁×၂၄)အား အောက်ပါအတိုင်း လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်-

(က) လေလံတင်ရောင်းချမည့်ရက်စွဲ - ၂၉-၁-၂၀၁၄ ရက်
(ခ) လေလံတင်ရောင်းချမည့်အချိန် - နံနက် ၁၀ နာရီ
(ဂ) လေလံတင်ရောင်းချမည့်နေရာ - မြို့နယ်အကောက်ခွန် ဦးစီးဌာနမှူးရုံး၊ လှိုင်လင်မြို့။

၂။ လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက လှိုင်လင်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး ဖုန်း-၀၈၁-၃၀၀၃၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ(၂)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ဆင်ဖြူရှင်လမ်း၊ အိမ်အမှတ်-၂၈၇(ခ)၊ အလျား(၂၇)ပေ×အနံပေ(၆၀)၊ စတုရန်း ပေ(၁၆၂၀)ရှိ မြေကွက်နှင့်တကွ ယင်းမြေပေါ်ရှိ နေအိမ်၊ မီး၊ မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဦးသိန်းလွင် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်နှင့်တကွ လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ခင်အေးမူ[၁၂/ကမတ(နိုင်)၀၅၂၇၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင် ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးသီဟ(ဥပဒေဘွဲ့)
အထက်တန်းရှေ့နေ(စဉ်-၂၇၄၃၄)
စီးပွားရေး၊ တရားမကြောင်းနှင့် နိုင်ငံတကာဥပဒေကြောင်းဆိုင်ရာ ဥပဒေအကြံပေးရှေ့နေ
အမှတ်-၆၁၅(က)၊ ပိတောက်လမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၁၇၉၄၁

ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
e-Government လုပ်ငန်းအတွက် လိုအပ်သော စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအတွက် လိုအပ်သော e-Government လုပ်ငန်းသုံး စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က)	Desktop Computer i7	၉ လုံး
(ခ)	Desktop Computer i5	၆ လုံး
(ဂ)	Laptop Computer i3	၈ လုံး
(ဃ)	External H.D.D 1 TB	၁၀ လုံး
(င)	Colour Printer (Inkjet)	၃ လုံး
(စ)	Laser Printer (ဖြူ/မည်း)	၅ လုံး
(ဆ)	Scanner A4	၆ လုံး
(ဇ)	Digital Camera (still)	၄ လုံး
(ဈ)	Projector & Screen	2 Set
(ည)	Rack Type Server NEC	1Set
(ဋ)	Network Accessories	1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံကို ၂၇-၁-၂၀၁၄ရက်မှ ၃၁-၁-၂၀၁၄ရက်ထိ နေ့စဉ် ၉း၀၀နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၄-၂-၂၀၁၄ရက် ၁၁း၀၀နာရီမှ ၁၂း၀၀နာရီအတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၅)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၉- ၄၃၀ ၁၉၁၆၈နှင့် ၀၆၇-၄၀၈၄၁၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ
ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနနှင့်အမျိုးသား
ပြတိုက်ဦးစီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၉-၄၃၀၁၉၁၆၈၊ ၀၆၇-၄၀၈၄၁၈

တင်ဒါပုံစံများတင်သွင်းရန်လိပ်စာ
ယဉ်ကျေးမှုဝန်ကြီးဌာန
ရုံးအမှတ်(၃၅)၊ နေပြည်တော်
ဖုန်း-၀၉-၄၃၀၁၉၁၆၈၊ ၀၆၇-၄၀၈၄၁၈

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် နိုင်ငံတကာ နည်းပညာအကြံပေးအဖွဲ့ တတိယအကြိမ်စည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၂

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအတွက် နိုင်ငံတကာ နည်းပညာအကြံပေးအဖွဲ့ (International Technical Advisory Board -ITAB) ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ဒုတိယဝန်ကြီး ဦးဝင်းမြင့်၊ နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဆွစ်ဇာလန်နိုင်ငံ UNFPA ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr.Werner Haug နှင့် နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (ITAB)မှ အဖွဲ့ဝင်များ၊ ရန်ကုန်မြို့အခြေစိုက် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးခင်ရီက မြန်မာနိုင်ငံတွင် ယခုနှစ်မတ် ၃၀ ရက်မှဧပြီ ၁၀ ရက်အထိဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရည်အသွေးမြင့်မားသော သန်းခေါင်စာရင်းဆိုင်ရာကိန်းဂဏန်း၊ အချက်အလက်များတိကျမှန်ကန်စွာ ရရှိရေးအတွက် လုပ်ငန်းစဉ်အပေါ် ပြည်သူများ သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ သန်းခေါင်စာရင်းဆိုင်ရာ ဗဟိုကော်မရှင်နှင့် ကော်မတီအသီးသီးမှ သန်းခေါင်စာရင်းလုပ်ငန်းစဉ်အပေါ် ပြည်သူများ သိရှိနားလည်စေရေးအတွက် ရပ်ကွက်/ ကျေးရွာအဆင့်အထိ ကွင်းဆင်းကာ ရှင်းလင်းဆွေးနွေးချပြလျက်ရှိပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ တိုင်းရင်းသားငြိမ်းချမ်းရေး အဖွဲ့အစည်းများသို့လည်း လှည့်လည်သွားရောက်ကာ သန်းခေါင်စာရင်း အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းဆိုင်ရာ သင်တန်းများ အဆင့်အလိုက် ဖွင့်လှစ်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများ ကောက်ယူရေးလုပ်ငန်းစဉ်အား ပြည်သူများ သိရှိနားလည်စေရေးအတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်များမှလည်း ထုတ်လွှင့်ဖော်ပြဆောင်ရွက်လျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းမေးခွန်းများအပေါ် ပြည်သူများက မှန်မှန်ကန်ကန်ဖြေကြားနိုင်ရေးအတွက် လူထုအသိပညာပေးရေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံ၊ ကဏ္ဍစုံဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်းကို အသိပေးပြောကြားလိုပါကြောင်း၊ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် မြန်မာနိုင်ငံတွင် အကြောင်း အမျိုးမျိုးကြောင့် နှစ်ပေါင်း ၃၀ ကြာအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် မိမိတို့၏ လုပ်ဆောင်မှုများအား နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (ITAB) အဖွဲ့ဝင်များက နိုင်ငံတကာအတွေ့အကြုံများအပေါ် အခြေခံကာ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် သန်းခေါင်စာရင်း အချက်အလက်များ ရရှိနိုင်ရန် နည်းပညာအကြံဉာဏ်များ ပံ့ပိုးကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (ITAB) မှ ဒုတိယဥက္ကဋ္ဌ Mr.Werner Haug က နိုင်ငံတကာ အတွေ့အကြုံများအပေါ် အခြေခံ၍သုံးသပ်အကြံပြုဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့အင်အား ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဒေါက်တာညီညီ၊ ဒေါက်တာခိုင်ခိုင်စိုးနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ခင်ညိုတို့က ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသည့် နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (ITAB) အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေး၍ သုံးသပ်အကြံပြုဆွေးနွေးကြကြောင်းနှင့် အဆိုပါအစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက်အထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်ပွဲရ မသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၂

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့သည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အောင်ပွဲရမသန်စွမ်းအားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အားကစားရွာ၌ ကျင်းပသည်။ အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု မသန်စွမ်းအားကစားသမားများသည် ရွှေတံဆိပ် ၃၄ ခု၊ ငွေတံဆိပ် ၂၆ ခု၊ ကြေးတံဆိပ် ၃၆ ခုရရှိခဲ့ကြောင်း။

ယင်းအားကစားသမားများအနက် မိမိတို့ဝန်ကြီးဌာနမှ နိုင်ငံ့ကိုယ်စားပြုအားကစားသမားများက ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် လေးခုဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း၊ ယနေ့ချီးမြှင့်မှုသည် အနာဂတ်တွင် ဆက်လက်ကြိုးပမ်းကြရန် ခွန်အားတစ်ရပ်ဖြစ်မည်ဟုယုံကြည်ပါကြောင်း၊ အနာဂတ်ကာလတွင် မသန်စွမ်းသူများ၏ စွမ်းဆောင်နိုင်မှုကို ပြသနိုင်သူများဖြစ်စေရန်နှင့် ဘဝတူမသန်စွမ်းသူများအတွက် လေးစားအတုယူအားကျဖွယ် စံပြပုဂ္ဂိုလ်များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရွှေတံဆိပ်ဆုရရှိသူတစ်ဦးလျှင် ငွေကျပ်ငါးသိန်းစီ၊ ငွေတံဆိပ်ရရှိသူ တစ်ဦးလျှင် ငွေကျပ်လေးသိန်းစီနှင့် ကြေးတံဆိပ်ရရှိသူ တစ်ဦးလျှင် ငွေကျပ်သုံးသိန်းစီ၊ နည်းပြနှင့် ပြိုင်ပွဲဝင်အားကစားသမားတစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများအနက် ရွှေတံဆိပ်ရရှိခဲ့သည့် အားကစားသမားများအတွက် ဗီးချဲ ၄၈ လုံးနှင့် မျက်မမြင်လမ်းလျှောက်တုတ် ခြောက်ချောင်းတို့ကို ဇန်နဝါရီ ၂၀ ရက်က ကျင်းခဲ့သော (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အားကစားမောင်မယ်များနှင့် ကူညီထောက်ပံ့သည့် အဖွဲ့အစည်းများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံဂုဏ်ပြုသည့် အခမ်းအနားတွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်သူများအတွက် ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်သူများ တင်ပြလာသော လိုအပ်သောလုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များက ဖွံ့ဖြိုးရေးရန်ပုံငွေအဖြစ် စိစစ်ရွေးချယ်ပေးရာတွင် ဥပဒေနှင့်အညီ ဖြစ်စေရေး **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေ ဥပဒေကြမ်း** ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရုံး အိုင်ဆောင်အမှတ်(၂)၌ ကျင်းပရာ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ကော်မတီဝင်များ၊ ပြင်ဆင်ချက် အဆိုတင်သွင်းထားကြသော လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူများ တင်ပြလာသော လိုအပ်သောလုပ်ငန်းများကို ဥပဒေနှင့်အညီ ဖြစ်စေရေး ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက ဥပဒေကြမ်း၏ ပြင်ဆင်ချက် ပုဒ်မတစ်ခုချင်းစီအလိုက် ညှိနှိုင်းကြကာ ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် အတည်ပြုချက်ရယူနိုင်ရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့တွင် အသေးစားနှင့်အလတ်စား စက်မှုဇုန်မြေကွက်များ ဝယ်ယူနိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်တွင် အသေးစားနှင့်အလတ်စားစက်မှုဇုန်အား ဖော်ထုတ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည့်စုံလုံလောက်သော လျှပ်စစ်မီး၊ ကွန်ကရစ်လမ်းနှင့် ဆက်သွယ်ရေးကွန်ရက်စနစ်များ ပြည့်စုံစွာ ပါရှိမည်ဖြစ်ပါသည်။ အသေးစားနှင့်အလတ်စား စက်မှုဇုန်မြေကွက်များအား စိတ်ပါဝင်စားသော ကုမ္ပဏီများ၊ နိုင်ငံသားလုပ်ငန်းရှင်များ မည်သူမဆို လွတ်လပ်စွာ လျှောက်ထားဝယ်ယူနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

အသေးစားနှင့်အလတ်စားစက်မှုဇုန်
မြေနေရာချထားမှုကော်မတီ၊ နေပြည်တော်
ဆက်သွယ်ရန် ဖုန်းနံပါတ်-၀၆၇-၅၅၀၁၃၇၊ ၀၆၇-၄၃၂၁၁၄၊ ၀၆၇-၄၁၄၂၆၃

အက်ဖ်အေဖလား ရင်ခုန်သံ

ရှိုင်းမင်းမင်း

အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ်တွေကို ဇန်နဝါရီ ၂၅၊ ၂၆ ရက်တွေမှာ ကျင်းပဖို့ရှိတဲ့အနက် အသင်းကြီးတွေရဲ့ ပွဲတွေကို သုံးသပ်တင်ပြပေးလိုက်ပါတယ်။

အာဆင်နယ် - ကိုဗင်ထရီ နံနက် ၂း၁၅ (၂၅-၁-၁၄)

လိဂ်ဝမ်းကလပ် ကိုဗင်ထရီအနေနဲ့ အာဆင်နယ်ကို ယှဉ်ကစားဖို့ ခက်ပါလိမ့်မယ်။ အရန်ကစားသမားအချို့ သုံးစွဲနိုင်ဖွယ်ရှိနေပေမယ့် အိမ်ကွင်းဖြစ်နေတာကြောင့် အာဆင်နယ်အမှားခံမှာမဟုတ်ဘူး။ အာဆင်နယ်ကိုပဲ နှစ်သက်တယ်။

မန်စီးတီး - ဝက်ဖို့ဒ် ည ၉း၃၀ (၂၅-၁-၁၄)

မန်စီးတီးအနေနဲ့ အိမ်ကွင်းဖြစ်တာကြောင့် ဘလက်ဘန်းနဲ့ တုန်းကလို အမှားခံမှာမဟုတ်ဘူး။ ကစားသမားအပြောင်းအလဲတွေ ရှိလာနိုင်ပေမယ့် ဝက်ဖို့ဒ်ခြေကလည်း သာမန်သာရှိတာကြောင့် မန်စီးတီးပဲ ဂိုးပြတ်နိုင်မယ်။

ဘုန်းမောက် - လီဗာပူး ည ၇း၁၅ (၂၅-၁-၁၄)

လီဗာပူးအနေနဲ့ ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ဘူး။ ဖလားတစ်လုံးရယူနိုင်ဖို့အတွက် လိဂ်ချန်ပီယံရှစ်မှာ အဆင့် ၁၆ ရောက်နေတဲ့ ဘုန်းမောက်ကို အကောင်းဆုံး ဖိအားပေးသွားမှာပါ။ လီဗာပူးပဲ အနိုင်ရမယ်။

ဘာမင်ဂမ် - ဆွမ်ဆီး ည ၉း၃၀ (၂၅-၁-၁၄)

ဘာမင်ဂမ်က အိမ်ကွင်းအားနဲ့ ခံကစားလာမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဆွမ်ဆီးကလည်း နောက်တစ်ဆင့်တက်နိုင်ဖို့ ခြေကုန်ထုတ်လာမှာဖြစ်တယ်။ လက်ရှိစုဖွဲ့မှုလည်း ကွာဟနေလို့ အဝေးကွင်းဖြစ်ပေမယ့် ဆွမ်ဆီးနဲ့ ရပ်တည်ရမယ်။

ဆန်းဒါးလန်း - ကက်ဒါမင်စတာ ည ၉း၃၀ (၂၅-၁-၁၄)

ကက်ဒါမင်စတာဟာ ခြေစွမ်းပိုင်းအရ သာမန်သာ ရှိပါတယ်။ ဆန်းဒါးလန်းက အခုနောက်ပိုင်း ပရီမီယာလိဂ်မှာတောင် ကစားပုံကောင်းမွန်နေပါတယ်။ အိမ်ကွင်းလည်း ဖြစ်လို့ ဆန်းဒါးလန်းပဲ အနိုင်ရသွားမှာပါ။

စတီဗင်နေ့ရှ် - အဲဗာတန် နံနက် ၀၀း၀၀ (၂၆-၁-၁၄)

ပရီမီယာလိဂ်မှာတောင် ခြေအကောင်းဆုံးဖြစ်နေတဲ့ အဲဗာတန်ကို စတီဗင်နေ့ရှ်တို့ တုံ့ပြန်ကစားဖို့ဆိုတာ မလွယ်ကူပါဘူး။ စတီဗင်နေ့ရှ်ရဲ့ ကွင်းဖြစ်ပေမယ့် အဲဗာတန်ကပဲ ပွဲကိုထိန်းချုပ်ပြီး အနိုင်ယူသွားမှာပါ။

ဘော်လ်တန် - ကာဒစ်ဖ် ည ၉း၃၀ (၂၅-၁-၁၄)

ဘော်လ်တန်ဟာ အိမ်ကွင်းခြေ ကောင်းမွန်မှုရှိပါတယ်။ ကာဒစ်ဖ်က အခုနောက်ပိုင်းမှာ ခြေစွမ်းပိုင်းပြန်လည်ကျဆင်းနေတယ်။ ဒါကြောင့် ဘော်လ်တန်ရဲ့ ခံကစားအားကို ကျော်ဖြတ်ဖို့ခက်ခဲပြီး နိုင်ရင်တောင် ဂိုးမပြတ်ဘူး။

ရှက်ဖီးလ်ယူနိုက်တက် - ဖူလ်ဟမ် ည ၇း၃၀ (၂၆-၁-၁၄)

ဖူလ်ဟမ်ဟာ ပရီမီယာလိဂ်မှာ ခြေပျက်နေပေမယ့် ဒီလိုပွဲမျိုးမှာ နောက်တစ်ဆင့်တက်ဖို့ ကြိုးစားသွားမှာပါ။ ရှက်ဖီးလ်ယူနိုက်တက်ကလည်း အိမ်ကွင်းဖြစ်ပေမယ့် ခြေစွမ်းပိုင်း သာမန်သာရှိပါတယ်။ ဖူလ်ဟမ်အနိမ့်ဆုံးသရေရမယ်။

ဆောက်သမ်တန် - ယိုဗေးလ် ည ၉း၃၀ (၂၅-၁-၁၄)

ဒီလိုပွဲမျိုးမှာ ဆောက်သမ်တန်တို့ အမှားခံမှာ မဟုတ်ပါဘူး။ ယိုဗေးလ်က လိဂ်ချန်ပီယံရှစ်မှာတောင် ရုန်းကန်နေရတဲ့အသင်းပါ။ ဆောက်သမ်တန်ရဲ့ ကွင်းလည်း ဖြစ်တာကြောင့် ဆောက်သမ်တန်နဲ့ပဲ ရပ်တည်ရမယ်။

ချယ်လ်ဆီး - စတုတ် ည ၁၀း၀၀ (၂၆-၁-၁၄)

ပရီမီယာလိဂ်ရှုံးကြွေးကို ချယ်လ်ဆီးတို့ ပြန်ဆပ်ဖို့ ကြိုးစားမှာပါ။ စတုတ်က ကစားပုံမာကျောပေမယ့် တိုက်စစ်ပိုင်းအားပျော့နေသလို အဝေးကွင်းအားနည်းတယ်။ ချယ်လ်ဆီးတို့ အိမ်ကွင်းမှာ နိုင်ပွဲရယူပြီး နောက်တစ်ဆင့် တက်ရောက်နိုင်မှာပါ။

ငွေကြယ်

မန်စီးတီးအသင်း ကက်ပီတယ်ဝမ်းဖလား ဗိုလ်လုပွဲတက်ပြီ

မန်စီးတီးအသင်းသည် ကက်ပီတယ်ဝမ်းဖလား အကြိုဗိုလ်လုပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းအား နှစ်ကျော့ပေါင်း ရလဒ် ကိုးဂိုး-ဂိုးမရှိဖြင့်နိုင်ပွဲရရှိကာ ကက်ပီတယ်ဝမ်းဖလားနောက်ဆုံးဗိုလ်လုပွဲသို့ ၃၈ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် တက်လှမ်းလာနိုင်ခဲ့ပြီဖြစ်သည်။

ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်းသို့ သွားရောက်ကစားခဲ့ရသော ကက်ပီတယ်ဝမ်းဖလား အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်တွင် မန်စီးတီးအသင်းသည် အဂူရို၊ နီဂရီဒို၊ လိုပက်ဇ်၊ ဖာနန်ဒင်ဟို၊ ဂါစီယာ၊နားဇက်၊ လက်စကော့၊ ကလစ်ချီစသည့် ကစားသမားများကို ၄-၄-၂ကစားကွက်ဖြင့် ပွဲထွက်ကစားစေခဲ့ပြီး ပွဲကစားချိန် သုံးမိနစ်မှာပင် မန်စီးတီးအသင်း၏ ယခုနှစ်ရာသီ သွင်းဂိုးအများဆုံးဖြစ်သည့် တိုက်စစ်မှူး နီဂရီဒိုက အဖွင့်ဂိုးစတင်သွင်းယူပေးနိုင်ခဲ့သည်။

မန်စီးတီးအသင်းအဖွင့်ဂိုးရရှိပြီးနောက် ဝက်စ်ဟမ်းအသင်းသည် ဂျိုကိုးလ်နှင့် ကာရိုးတို့၏ တိုက်စစ်အတွဲကိုအားပြုကာ အိမ်ကွင်းတွင် နိုင်ပွဲပြန်လည်ရရှိရေး ကြိုးပမ်းခဲ့သော်လည်း ပွဲကစားချိန် ၂၄ မိနစ်တွင် မန်စီးတီးတိုက်စစ်မှူး အဂူရို၏ သွင်းဂိုးကို ထပ်မံခွင့်ပြုပေးလိုက်ရသည်။ ထို့နောက် ဒုတိယပိုင်း ၅၉ မိနစ်တွင် တိုက်စစ်မှူးနီဂရီဒိုက မန်စီးတီးအသင်းအတွက် တတိယမြောက် ဦးဆောင်ဂိုးကို သွင်းယူပေးခဲ့သဖြင့် ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့ပြီး မန်စီးတီးအသင်းက ဝက်စ်ဟမ်းအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ နှစ်ကျော့ပေါင်းရလဒ် ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရလဒ်ရယူကာ ကက်ပီတယ်ဝမ်းဖလား နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့သည်။ ထို့ကြောင့် မန်စီးတီးအသင်းသည် နောက်ဆုံးဗိုလ်လုပွဲတွင် မန်ယူအသင်း(သို့မဟုတ်) ဆန်းဒါးလန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဘောလုံးလောကသတင်းတိုများ

- ရီးယဲလ်မက်ဒရစ်အသင်းသည် မန်ယူတိုက်စစ်မှူးရွှန်းနီအား ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ခေါ်ယူရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။
- အာဆင်နယ်အသင်းသည် ဘင်ဖီကာအသင်းမှ တိုက်စစ်မှူးရိုဒရီဂိုအားခေါ်ယူရန် ပြင်ဆင်ထားသော်လည်း ယင်းကစားသမားအား ခေါ်ယူရန်အတွက် ဗလန်စီယာအသင်း၊ ဇင်းနစ်အသင်းတို့နှင့် အပြိုင်ကြိုးပမ်းနေရကြောင်းသိရသည်။
- ဘိုင်ယန်မြူးနစ်နောက်တန်းကစားသမား ဒန်တီးသည် ၎င်းအား မန်ယူအသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း ပြောကြားခဲ့သည်။
- စပို့တင်းလစ္စဘွန်းအသင်းနှင့် ဂျူဗင်တပ်အသင်းတို့သည် မန်ယူတောင်ပံကစားသမား နာနီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

Singapore နိုင်ငံတွင်'Live-In Caregiver'
အခွင့်အလမ်းကောင်း Seminar

စိုက်ပျိုးရေးနည်းပညာပြပွဲနှင့် လယ်ယာသုံးစက်ကိရိယာအရောင်းပြပွဲ ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ တောင်သူလယ်သမားအသင်းမှ စိုက်ပျိုးရေးနည်းပညာပြပွဲနှင့် လယ်ယာသုံးစက်ကိရိယာ အရောင်းပြပွဲကြီးကို ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ ၂၅-၁-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီတွင် UMFCCI၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်၊ (၉)လွှာတွင် အစည်းအဝေးပြုလုပ်မည်ဖြစ်၍ စိတ်ပါဝင်စားသည့်ကုမ္ပဏီများ တက်ရောက်နိုင်ရန် အသိပေးအပ်ပါသည်။

ဆက်သွယ်ရန်

ဖုန်း-၀၉-၄၂၈၁၈၈၂၀၅၊ ၀၉-၂၅၀၇၀၃၂၂၃

အလိုရှိသည်

JADE

ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

လားရှိုး ဇန်နဝါရီ ၂၂

မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုး-သိန်းနီ လှုပ်ရှားမှုအဖွဲ့မှ ရဲအုပ်ဇော်မျိုးနိုင် ဦးစီးအဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ သိန်းနီမြို့အထွက် ပန်လော့အေးရှားဝေါလ်တိုးဂိတ်အနီးတွင် စောင့်ဆိုင်းနေစဉ် ကောင်းခါးကျေးရွာမှ သိန်းနီမြို့ဘက်သို့ ခေါင်လွမ်းမောင်းနှင်ပြီး အေးအိုက် စီးနင်းလိုက်ပါလာသော ဆိုင်ကယ်အား သက်သေများနှင့်အတူ ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ ပလတ်စတစ်ဆပ်ပြာခွက်ဖြင့် ထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် ၁၅ ဂရမ်ခန့်စီပါသုံးခွက် စုစုပေါင်း အလေးချိန် ၄၅ ဂရမ်၊ အပြာရောင်ပလတ်စတစ် ကပ်ခွာအိတ်ဖြင့် ထည့်လျက် ၈၈နှင့် ၁ စာတန်း တစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ လေးထုပ်၊ အပြား ၁၇၀ ပါ တစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀ စုစုပေါင်း အလေးချိန် ၈၇ ဒသမ ၃ ဂရမ်တို့အား တွေ့ရှိသိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးလက်ဝယ်တွေ့ရှိပြီး သယ်ဆောင်လာသူ ခေါင်လွမ်း ၃၀ နှစ် ပိန်းဟုန်းကျေးရွာ မောက်စလေအုပ်စု သိန်းနီမြို့နယ်နေသူနှင့် အေးအိုက် (၄၆)နှစ်

မိုင်းပါးရွာ သိန်းနီမြို့နယ်နေသူတို့နှစ်ဦးအား သိန်းနီမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

(ဟန်ငွေး-Iprd)

တစ်အိမ်တည်းနေ မယားညီအစ်ကိုချင်းစကားများရာမှ ကတ်ကြေးနှင့် ထိုးသဖြင့် တစ်ဦးသေဆုံး

တောင်ငူ ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် တောင်ငူမြို့ မြို့မရဲစခန်းအပိုင် မြို့ပေါ် (၉)ရပ်ကွက်တွင် ဇန်နဝါရီ ၁၉ ရက် ညပိုင်းက မယားညီအစ်ကိုချင်းစကားများကြရာမှ လူသတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၉ ရက် ည ၈ နာရီခွဲခန့်တွင် တောင်ငူမြို့ (၉) ရပ်ကွက် နယ်မြေ (၂) ကန်ပတ်လမ်းနေ မအေးအေးခိုင်သည် ခင်ပွန်းဖြစ်သူ ကိုလင်းထွန်းအား အရက်မူးနေ၍ အိမ်ခန်းအတွင်း၌ ခြင်ထောင်ချသိပ်ခဲ့ပြီး မိခင် ဒေါ်တင်သန်းနေသည့် အိမ်ခန်းဘက်သို့ စကားသွားပြောနေခဲ့သည်ဟု ဆိုသည်။

တစ်အိမ်တည်းကပ်လျက် အခန်းတွင်နေသည့် ညီမဖြစ်သူ မယဉ်ယဉ်အေး၏ ခင်ပွန်း မောင်ဦး(ခ) သန့်ဇင်ဦးနှင့် ကိုလင်းထွန်းတို့နှစ်ဦး စကားများနေကြသည်ကို ကြားရပြီး ခဏအကြာတွင် ကိုလင်းထွန်းက "အား ငါ့ကိုဓားနဲ့ထိုးသွားပြီ" ဟု အော်သံကြားရသဖြင့် မအေးအေးခိုင်က ၎င်း၏ အိမ်ခန်းဘက်သို့ ပြေးထွက်သွားစဉ် မောင်ဦး(ခ) သန့်ဇင်ဦးမှာ သွေးများပေကျံနေသည့် ကတ်ကြေးတစ်ချောင်းကို ကိုင်လျက် ၎င်းတို့၏ အိမ်ခန်းဘက်သို့ ဝင်သွားသည်ကို တွေ့လိုက်ရသဖြင့် "မောင်ဦး ငါ့ယောကျ်ားကို ဓားနဲ့ထိုးသွားပြီ"ဟု အော်ဟစ်ခါ အိမ်ခန်းထဲသို့ဝင်ကြည့်ရာမှ ခင်ပွန်းဖြစ်သူ ကိုလင်းထွန်းမှာ အိပ်ရာထဲတွင် အကျီချွတ်လျက် ပက်လက်အနေအထားဖြင့် ရင်ညွန့်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ညာဘက်ရင်အုံတွင် ပြတ်ရှဒဏ်ရာ တစ်ချက်ဖြင့် သွေးများထွက်ကာ သေဆုံးနေသည်ကို တွေ့ရသည်။

မအေးအေးခိုင်က တောင်ငူမြို့ မြို့မရဲစခန်း၌ ယင်းနေ့ည ၁၁ နာရီတွင် သွားရောက်အမှုဖွင့်တိုင်တန်းသဖြင့် မောင်ဦး(ခ) သန့်ဇင်ဦးအား အမှုစစ်စခန်းမှူး ဒုရဲမှူးတင်ဝင်း ဦးဆောင်သောအဖွဲ့က ည ၁၁ နာရီ ၄၅ မိနစ်တွင် သက်သေခံကတ်ကြေးနှင့်အတူ ဖမ်းဆီးရမိပြီး အရေးယူထားကြောင်း သိရသည်။

ကျော်လှ (တောင်ငူ)

ပင်လည်ဘူးမြို့နယ်အတွင်း မူးယစ်ဆေးဝါးသိမ်းဆည်းရမိ

ကသာ ဇန်နဝါရီ ၂၂

ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ မူးယစ်ဆေးဝါးပပျောက်ရေး စီမံချက်အရ ကသာခရိုင် အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်အောင်ကြည်မြင့်နှင့် အဖွဲ့သည် ပင်လည်ဘူးရဲစခန်းမှ တပ်ကြပ်ကြီး တင်ထွဋ်အဖွဲ့နှင့် ပူးပေါင်းပြီး မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ပင်လည်ဘူးမြို့နယ် ကပ္ပန္တာရွာနေ စန်းလွင်၏ နေအိမ်အား ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ဝင်ရောက်ရှာဖွေရာ နေအိမ်ပေါ်တွင် စန်းလွင်နှင့်နိုင်ဝင်း တို့နှစ်ဦးအား ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် သုည ဒသမ ၀၀၁ ဂရမ်နှင့်အတူ ဘိန်းရှူရာတွင် အသုံးပြုသော ခဲပြားပေ့ါခွက်မီးလောင်ကျွမ်းထားသည့် အစသုံးစ၊ အပြာနုရောင်မီးခြစ်တစ်လုံး၊ ၁၀၀၀ ကျပ်တန်ငွေစက္ကူတစ်ရွက်၊ ၂၀၀ ကျပ်တန် ငွေစက္ကူနှစ်ရွက်တို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများနှင့် တွေ့ရှိသူ စန်းလွင်(၄၅)နှစ်နှင့် နိုင်ဝင်း(၂၁)နှစ်တို့ နှစ်ဦးအား ရဲအုပ်အောင်ကြည်မြင့်က တရားလို ပြုလုပ်တိုင်တန်းခဲ့ရာ ပင်လည်ဘူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(မိုးသောက်ကြယ်)

ကသာမြို့တွင် လောင်းကစားဝိုင်းဖမ်းဆီးရမိ

ကသာ ဇန်နဝါရီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ အမှတ်(၉)ရပ်ကွက် အပိုင်း(၁)နေ အောင်မျိုး၏နေအိမ်မှ လောင်းကစားသည့်ဖဲချပ်များနှင့်အတူ လောင်းကြေးငွေကျပ် ၈၀၆၀၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၀ ရက် ည ၁၁ နာရီက ကသာခရိုင်ရဲတပ်ဖွဲ့မှူး၏ လောင်းကစားမှုပပျောက်ရေးစီမံချက်အရ ကသာရဲစခန်းမှ ရဲအုပ်အောင်ဌေး၊ နယ်ထိန်းခေါင်းဆောင်ဒုရဲအုပ်ဌေးဝင်းနှင့်အဖွဲ့၊ ကသာခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲတပ်ကြပ်ကြီးခင်မောင်ဦးတို့ ပူးပေါင်းအဖွဲ့သည် အမှတ်(၉) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနီဝင်း၊ အရန်မီးသတ်တပ်ဖွဲ့မှ ဦးစိန်လွင်တို့ အဖွဲ့နှင့်အတူ သတင်းအရ ကသာမြို့ အမှတ်(၉) ရပ်ကွက် အပိုင်း(၁)နေ အောင်မျိုး၏နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ အောင်မျိုးနှင့်အတူ သန်းတိုးဆွေ၊ ပြည့်ဖြိုးအောင်၊ လပ်ကီး (ခ) ကျော်ကျော် တို့အား ဖဲလောင်းကစားနေသည့်ဖဲချပ်များနှင့်အတူ ငွေစက္ကူရောရာ ၈၀၆၀၀ တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မိုးသောက်ကြယ်(ကသာ)

ပဲခူးတွင် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား

ပဲခူး ဇန်နဝါရီ ၂၂

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၈) နယ်မြေ (၂) အထက် စည်တီးအနောက်ရွာလမ်းလယ်ကွင်းစပ်တွင် ဇန်နဝါရီ ၂၂ ရက်က အိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ဒေါ်အမာစိန် (၄၅)နှစ်နှင့် တစ်အိမ်သားလုံး ချင်စုအထပ်သားစက်ရုံတွင် အလုပ်လုပ်ကိုင်နေကြပြီး နေအိမ်မှာ ၂၀×၃၀ ပေ တောင်ထန်းမိုး၊ ဝါးထရံကာ ပျဉ်ခင်းဖြစ်ပြီး ယင်းနေ့မွန်းလွဲ ၁ နာရီ ၄၅မိနစ်တွင် ထင်းမီးဖိုမီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကာ မီးလောင်မှုကို ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ရဲသူရိန်လှမြင့်နှင့် ပဲခူးခရိုင်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ အေးမြင့်တို့နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်လေးဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုတွင် မီးပေါ့ဆသူ ဒေါ်အမာစိန်အား ပဲခူးမြို့နယ် အမှတ်(၃) ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကြယ်စင်သိန်း-ပဲခူး)

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် မောင်ကျော်ဇင်ထွန်း[၁၂/ကတတ(နိုင်)၀၂၅၅၄၀]၏ ဇနီးဖြစ်သူ မနှင်းလဲ့ရည်[၁၂/သခန(နိုင်)၁၁၆၆၈၁]သည် ၉-၁-၂၀၁၄ရက်တွင် ကျွန်တော်ရုံးသွားနေခိုက် လက်ဖွဲ့ပစ္စည်း စိန်၊ ရွှေ၊ လက်ဝတ်ရတနာများနှင့် အဝတ်အထည်များ အားလုံးယူပြီး မလေးရှားနိုင်ငံ Lot 1313, Jalan Bukit Kumening, Shah Alam ရှိ နေအိမ်မှ မိမိသဘောဆန္ဒဖြင့် ထွက်ခွာသွားပါ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ မနှင်းလဲ့ရည်နှင့်ပတ်သက်သောကိစ္စအဝဝသည် ကျွန်တော်နှင့် (လုံးဝ) ပတ်သက်၊ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မောင်ကျော်ဇင်ထွန်း[၁၂/ကတတ(နိုင်)၀၂၅၅၄၀]

ပြည်တွင်းရေးရာ

စစ်ကိုင်းမြစ်ဆိပ်တွင် သစ်ခေါက်ထင်း ရှားပါးမှုကြောင့် ခွာယူရောင်းချသူများ ဘဝရပ်တည်မှု မရေရာ

စစ်ကိုင်း ဇန်နဝါရီ ၂၂ - စစ်ကိုင်းဘူတာဟောင်း ဖောင်ဖွဲ့ရေးသစ်ဆိပ်အနီးရှိ သစ်လုံးပုံကြီးများ၊ သစ်လုံးတင်ရေယာဉ်ကြီးများပေါ်မှ သစ်ခေါက်များကို ရှာဖွေခွာယူကာ ထင်းအဖြစ်ရောင်းချပြီး အသက်မွေးဝမ်းကျောင်းပြုနေကြသည့် မိသားစုများစွာရှိရာ ယခုအခါ သစ်ခေါက်ထင်းများ ရှားပါးလာမှုကြောင့် အဆိုပါလုပ်ငန်းနှင့် ဆက်လက်ရပ်တည်လုပ်ကိုင်ရန် အခက်အခဲများရှိလာကြောင်း သိရသည်။

အဆိုပါ မိသားစုများသည် တကောင်းရပ်ကွက် ဘူတာဟောင်းအနီး ဧရာဝတီမြစ်ဆိပ်ကမ်းဘေးတွင် တဲထိုးနေထိုင်ကြပြီး ထင်းခေါက်ရှာဖွေရောင်းချခြင်း၊ သစ်ဖောင်ဝါးဖောင်လုပ်ကိုင်ခြင်း၊ ရေလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အဓိကအားဖြင့် စစ်ကိုင်းသစ်ဆိပ်နှင့် မြစ်တစ်ဖက်ကမ်း ရွှေကြက်ယက်သစ်ဆိပ်တို့တွင် စုပုံထားလေ့ရှိသော သစ်လုံးပုံကြီးများနှင့် သစ်တင် Barge ရေယာဉ်ကြီးများပေါ်တွင် တင်ဆောင်သယ်ယူသည့်သစ်လုံးကြီးများမှ သစ်ခေါက်များကို ရှာဖွေခွာယူကာ ထင်းအဖြစ်ရောင်းချကြသည်။ ယခင်က ဧရာဝတီမြစ်ကြောင်းမှ သစ်ဖောင်များဖြင့်လည်းကောင်း၊ မီးရထားတွဲများဖြင့် တင်ဆောင်၍လည်းကောင်း စစ်ကိုင်းသစ်ဆိပ်သို့ သစ်လုံးကြီးများ အများအပြားဝင်ရောက်လေ့ရှိရာ သစ်ခေါက်များ ပေါများစွာ ခွာယူရရှိခဲ့ကြကြောင်း၊ နောက်ပိုင်းတွင် ထင်းရှားပါးလာမှု၊ ဈေးနှုန်းကြီးမြင့်လာမှုကြောင့် ထင်းခေါက်ခွာသူ များပြားလာခဲ့ကြောင်း၊ သစ်ခေါက်ထင်းများရရှိရန် ခက်ခဲလာမှုကြောင့် အချို့က သစ်လုံးတင်မီးရထားတွဲများပေါ်အထိ လိုက်ပါကာ ထင်းခေါက်ခွာယူကြကြောင်း၊ နောက်ပိုင်းတွင် မီးရထားတွဲဆိုင်းများဖြင့် သစ်လုံးတင်ပို့မှုနည်းပါးလာခဲ့ရာ သစ်ခေါက်ထင်းရရှိရေးအတွက် စစ်ကိုင်းသစ်ဆိပ်တွင်သာမက မြစ်တစ်ဖက်ကမ်းရှိ ရွှေကြက်ယက်သစ်ဆိပ်နှင့် သစ်လုံးတင်ရေယာဉ်ကြီးများပေါ်အထိ သွားရောက်ကာ သစ်ခေါက်ထင်းခွာယူလာကြရကြောင်း သိရသည်။

သစ်ခေါက်ခွာရာတွင် သစ်လုံးပုံပြိုကျခြင်း၊ သစ်လုံးပိခြင်း၊ သစ်လုံးညပ်ခြင်းကြောင့် ကိုယ်လက်အင်္ဂါထိခိုက်ခြင်းမှ အသက်ဆုံးရှုံးရသည်အထိ အန္တရာယ်များကို ကြုံတွေ့တတ်ကြသည်။ ဖောင်ဖွဲ့ရေးလုပ်ငန်းတာဝန်ရှိသူများအနေဖြင့် သစ်လုံးပုံများမှ သစ်ခေါက်ခွာခြင်း၊ တက်ရောက်ခြင်းမပြုလုပ်ကြရန် သတိပေးတားမြစ်ထားသော်လည်း သစ်ခေါက်ထင်းခွာယူသူများမှာ စားဝတ်နေရေးအတွက် ပုန်းလျှိုးကွယ်လျှိုး လုပ်ကိုင်နေကြကြောင်း၊ ထင်းခေါက်ခွာခြင်းကို အမျိုးသမီးများနှင့်ကလေးငယ်များက အများဆုံးလုပ်ကိုင်နေကြကြောင်း စိန်ကုန်းရပ်ကွက်မှ ဦးစက်ဝင်းက ပြောပြသည်။

သစ်လုံးကြီးများမှ ခွာယူရရှိသည့်သစ်ခေါက်ထင်းများကို မြစ်ကမ်းစပ်တွင် စုပုံထားပြီး အပုံပြတ်စနစ်ဖြင့် ရောင်းချလေ့ ရှိကြသည်။ သစ်ခေါက်ထင်းမှာ အခြားထင်းများထက် မီးအားကောင်းမွန်ပြီး အရှို့ခံသဖြင့် မုန့်ဖုတ်ဖို၊ မုန့်တီဖို၊ ခေါက်ဆွဲစက်နှင့် ကြေးကျိုလုပ်ငန်းများတွင် အများဆုံးအသုံးပြုကြသည်။ သစ်ခေါက်ထင်း ထော်လာဂျီအကြီး တစ်စီးစာလျှင် ကျပ်သုံးသောင်း၊ ထော်လာဂျီအသေး တစ်စီးစာလျှင် ကျပ်တစ်သောင်းခွဲနှင့် ရောင်းချကြကြောင်း၊ လာမည့်နှစ်တွင် သစ်ထုတ်လုပ်မှု လျှော့ချတော့မည်ဖြစ်၍ သစ်ဆိပ်များသို့ သစ်လုံးများအဝင်နည်းကာ သစ်ခေါက်ထင်း ရှားပါးတော့မည်ဟု ထင်မြင်မိကြောင်း ဘူတာဟောင်းမြစ်ဆိပ်တွင် သစ်ခေါက်ထင်းရောင်းချသူ ဒေါ်တုပ်က ပြောပြသည်။

ဧရာဝတီမြစ်ကမ်းဘေးတွင်နေထိုင်၍ သစ်ခေါက်ထင်း ခွာယူရောင်းချကြသည့် မိသားစုများမှာ ငှက်လှေခတ်၍ ခရီးသည်ပို့ဆောင်ပေးခြင်း၊ တံငါလုပ်ငန်း၊ ဝါးဖောင်သစ်ဖောင်လုပ်ငန်းများကို လုပ်ကိုင်ခြင်းပြုခဲ့ကြရာမှ ငှက်လှေကူးတို့ပို့လုပ်ငန်းများ တိမ်ကောသွားခဲ့သဖြင့် ထင်းခေါက်ခွာလုပ်ငန်းဘက်သို့ ကူးပြောင်းလာခဲ့ကြခြင်းဖြစ်သည်။ နောက်ပိုင်းတွင် ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့မှု ခွင့်မပြုတော့ခြင်း၊ သစ်ထုတ်လုပ်မှုလျှော့ချခြင်းတို့ကို ဆောင်ရွက်တော့မည်ဖြစ်ရာ သစ်ခေါက်ထင်းခွာသည့်လုပ်ငန်းမှ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများသို့ ပြောင်းရွှေ့လုပ်ကိုင်ကြရဖွယ်ရှိကြောင်း တင်ပြလိုက်ရပါသည်။

(နန္ဒာမင်းလွင်)

ကျောက္ကချားကျေးရွာ အထကကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

ဟိုပုံး ဇန်နဝါရီ ၂၂ - "ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း"ကို ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း၏ ပံ့ပိုးကူညီမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပံ့ပိုးကူညီကြီးကြပ်မှုဖြင့် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဟိုပုံးမြို့နယ် ကျောက္ကချားကျေးရွာ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့) တာဝန်ခံ ဒေါ်အေးအေးသန်းက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းခြင်း ရည်ရွယ်ချက်နှင့် ဖောင်ဒေးရှင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်က ဒေသခံပြည်သူများကိုယ်စား မြန်မာ၊ ပအိုဝ်းဘာသာစကားတို့ဖြင့် ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့) တာဝန်ခံက ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေကျပ် ၅၃ သိန်းကို လည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် အလှူငွေကျပ် ၁၀ သိန်းကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း၊ ကွန်ပျူတာနှစ်စုံကို ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးက လည်းကောင်း၊ ကျောက္ကချားကျေးရွာနှင့် ပတ်ဝန်းကျင်တွင် အသုံးပြုရန်အတွက် နာရေးကူညီမှုယာဉ်နှင့် ငွေပဒေသာပင် ကျပ်တစ်သိန်းကို တောင်ကြီးမြို့ အောင်မင်္ဂလာကျောင်းတိုက် ဆရာတော်ကိုယ်စား တပည့် ဒါယကာတစ်ဦးကလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ကျောက္ကချားကျေးရွာ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ်အား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်(၂၀၁၃ စီမံကိန်းနှစ်) နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာ့အဖွဲ့)က ပံ့ပိုးငွေကျပ် ၄၂၅ သိန်းကျော် ဒေသခံပြည်သူများ ပူးပေါင်းထည့်ဝင်လှူဒါန်းငွေကျပ် ၁၄၇ သိန်းကျော် စုစုပေါင်းကုန်ကျစရိတ်ငွေကျပ် ၅၇၂ သိန်းကျော်ဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ပြီး ကျောင်းဆောင်သစ်မှာ အလျား ပေ ၇၀ × အနံ ပေ ၃၀၊ အလူမီနီယံ/ဇင့်အမိုး၊ အုတ်ကာ၊ အင်္ဂတေခင်းနှစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဌာန/စက်ရုံအသီးသီးမှ အသုံးပြု၍မရတော့သည့် တာယာအဟောင်းဆိုဒ်စုံ (၅၉၈)လုံးနှင့် ဘက်ထရီအဟောင်း မျိုးစုံ (၃၇၄) လုံးတို့ကို ကျိုက်ဝိုင်းဂိုဒေါင်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်တွင် မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံ ရောင်းချမည့်ရက်	-	၂၇-၁-၂၀၁၄ ရက်မှ ၁၇-၂-၂၀၁၄ရက်ထိ (ရုံးချိန်တွင်း)
၃။ တင်ဒါပုံစံ ရောင်းချမည့်နေရာ	-	(က)ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော်
	-	(ခ)ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
၄။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်	-	၁၈-၂-၂၀၁၄ (အင်္ဂါနေ့)
အချိန်နှင့် နေရာ	-	၁၂း၃၀ နာရီ၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်	-	၁၈-၂-၂၀၁၄ ရက်၊ ၁၃း၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂၊ ၀၆၇-၄၁၁၁၉၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်။

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကော်မတီ
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကော်မတီပိုင်တွင် အသုံးမပြုတော့သည့် မော်တော်ယာဉ် (၁) စီးကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံအသေးစိတ်အချက်အလက်များကို ၂၂-၁-၂၀၁၄ ရက်မှ ၆-၂-၂၀၁၄ ရက်ထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက် ဝယ်ယူနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံ လျှောက်လွှာများကို ၆-၂-၂၀၁၄ ရက် (၁၆း၀၀) နာရီ နောက်ဆုံးထား၍ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်တင်သွင်းရန်ဖြစ်ပြီး သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါပုံစံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။



ဦးရာလှုရမည်။

မျက်နှာစာ – 24'x အနံ – 77'၊ ကွန်ဒို (5)လွှာ၊ အောက်ကြည့်မြင်တိုင်လမ်း။

ဆက်သွယ်ရန်

ရှစ်မြို့နယ် ဝိနယဓမ္မပူဇာသဘင်

သဗ္ဗညုဘုရားရှင်၏ အဆုံးအမဖြစ်တော်မူသော ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဒဟူသည် သာသနာတော်သုံးရပ်တွင် ပဓာနဖြစ်သည် . . .

မော်ဝန်း-ဝင်းမြတ်

ကျောက်တန်းမြို့ ကျက်သရေဆောင် ကျိုက်မှော်ဝန်း ရေလယ်ဘုရား။

ပရိယတ္တိသာသနာတော်ကို မှေးမှိန်ပျောက်ကွယ်ခြင်း မရှိစေရန် ဆရာတော်သံဃာတော်အရှင်သူမြတ်များက ပိဋကသုံးပုံတို့ကို သင်အံကျက်မှတ် လေ့လာပို့ချဟောပြောရေးသားခြင်းဖြင့် ဂန္ထဓုရ ဝိပဿနာဓုရ တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်တော်မူကြသကဲ့သို့ ဒါယကာများဖြစ်ကြသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့အနေဖြင့်လည်း သာသနာ့အာဇာနည်မဟာထေရ် ဆရာတော်ကြီးများအား သာသနာနုဂ္ဂဟ ဓမ္မပူဇာတော်အဖြစ် နှစ်စဉ်သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း၊ ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းခြင်းတို့ဖြင့် ပရိယတ္တိသာသနာတော်ထွန်းကားစည်ပင်စေရန် ဆောင်ရွက်လျက်ရှိကြသည်။

ယင်းကဲ့သို့ ဆောင်ရွက်ချက်ကို ရှေးဘုရင်များ လက်ထက်ကပင် စာတော်ပြန်ပွဲဟုခေါ်ဆိုကာ ပထမပြန်စာမေးသဘင်ကို ကျင်းပလေ့ရှိကြောင်း လေ့လာသိရှိရသည်။

မြန်မာနိုင်ငံရှိ ပြည်ထောင်စုဖွား ဗုဒ္ဓဘာသာဝင်တိုင်းရင်းသားတို့သည် ရှေးအစဉ်အလာ ဘာသာဓလေ့ကို စောင့်ရှောက်သောအားဖြင့် ဓမ္မာနုဂ္ဂဟဟုခေါ်ဆိုသည့် ပရိယတ်ကျမ်းဂန်တို့ကို သင်အံကျက်မှတ်လေ့လာပို့ချဟောပြောသူ ရဟန်းသံဃာတော်အရှင်သူမြတ်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးစသည့် လှူဖွယ်ပစ္စည်းများ လှူဒါန်းပူဇော်ခြင်း ပစ္စယာနုဂ္ဂဟဖြင့် ဆရာနှင့်ဒကာ ကိုယ်စီတာဝန်ထမ်းဆောင်လျက်ရှိသည်။

လွန်ခဲ့သော ၁၉၆၅ ခုနှစ် မတ်လ ၁၇ ရက်(တပေါင်းလပြည့်နေ့)တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သာသနာ့ဥယျာဉ်မြေ၌ ကျင်းပသည့် သံဃာ့အစည်းအဝေးကြီးတွင် ဟံသာဝတီခရိုင်လုံးဆိုင်ရာ သုဓမ္မာ

> **မြို့နယ်အသီးသီးမှ သံဃာ့ကိုယ်စားလှယ် သံဃာတော်အရှင်သူမြတ် ၉၅ ပါးအပါအဝင် စာထောက်စာမဆရာတော် ၁၃၄ ပါး၊ စာတော်ပြန် ရဟန်းသာမဏေ ၄၇၇ ပါး စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၆၂၁ ပါးတို့ ကြွရောက်တော်မူကြမည်**

သံဃာတော်များ၏ ဆွေးနွေးဆုံးဖြတ်ချက်အဖြစ် ဟံသာဝတီ ခြောက်မြို့နယ်ပူးပေါင်းပြီးဝိနည်းစာပြန်ပွဲကျင်းပရေး တစ်မြို့နယ်ချင်းမှ အလှည့်ကျတာဝန်ယူကျင်းပရန် သတ်မှတ်ခဲ့ကြသည်။

ထိုဆုံးဖြတ်ချက်အရ အလှည့်ကျတာဝန်ယူရန် မဲစနစ်ဖြင့် ဆောင်ရွက်ရာ ကျောက်တန်းမြို့နယ်မှ ပထမဆုံး ကျင်းပခွင့်ရခဲ့သဖြင့် ၁၃၂၇ ခုနှစ် နတ်တော်လ (၁၉၆၅ ခုနှစ် နိုဝင်ဘာလ)တွင် ပထမအကြိမ် ဟံသာဝတီခရိုင် ခြောက်မြို့နယ် ဝိနည်းစာပြန်ပွဲတော်ကို ကျောက်တန်းမြို့နယ် အသောကာရာမ ပရိယတ္တိစာသင်တိုက်အတွင်း၌ စည်ကားသိုက်မြိုက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ဤသို့ဖြင့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ သန်လျင်ကျောက်တန်းခရမ်း၊ သုံးခွ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တိုစသည့်ရှစ်မြို့နယ်တို့တွင် သုဓမ္မာနိကာယဝိနည်းစာပြန်ပွဲတော်ကြီးကို နှစ်စဉ် အလှည့်ကျ ကျင်းပလာခဲ့ရာ ယခုအခါ (၄၉) ကြိမ်တိုင်ခဲ့ပေပြီ။

ယခုနှစ် ၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက် (ဇန်နဝါရီ ၂၇ ရက်)မှ လပြည့်ကျော် ၁၅ ရက် (ဇန်နဝါရီ၃၀ရက်)အထိ ကျင်းပမည့် ရန်ကုန်တောင်ပိုင်းခရိုင် ရှစ်မြို့နယ်လုံးဆိုင်ရာ သုဓမ္မာနိကာယ ဝိနည်းစာပြန်ပွဲတော်ကြီးသည် (၄၉)ကြိမ်မြောက်ဖြစ်ပြီး ကျောက်တန်းမြို့နယ်

စာမျက်နှာ (၁၇) သို့

အသေုံးလုံးဘိလပ်မြေစက်ရုံ အလုပ်သမားအချို့ ဝမ်းရောဂါဖြစ်

မန္တလေး ဇန်နဝါရီ ၂၂- မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် ကျွဲနဖားကျေးရွာရှိ AAA ဘိလပ်မြေစက်ရုံတွင် ဇန်နဝါရီ ၁၂ ရက်မှ စတင်ကာ ၁၉ ရက်ထိ အလုပ်သမားအချို့ ဝမ်းရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။

စက်ရုံစားဖိုဆောင်တွင် အလုပ်သမား ၅၀၆ ဦး ခန့် အမြဲထမင်းစားပြီး ဇန်နဝါရီ ၁၆ ရက်က အမျိုးသား ခုနစ်ဦး၊ ဇန်နဝါရီ ၁၇ ရက်က အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦး၊ ဇန်နဝါရီ ၁၈ ရက်က အမျိုးသား ၁၄ ဦး အမျိုးသမီး လေးဦး ဝမ်းရောဂါဖြစ်ပွားခဲ့ပြီး ဇန်နဝါရီ ၁၇ ရက်တွင် နှစ်ဦး မန္တလေးအလုပ်သမားဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့သည်။ ကျန်အလုပ်သမား ၂၈ ဦးမှာ ကျောက်မီးတိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူခဲ့ကြောင်း သိရသည်။

စက်ရုံသို့ ကျောက်မီးတိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ လာရောက်ပြီး သောက်ရေကန်များအား ကလိုရင်းပိုးသတ်ဆေးများ ခတ်ကာ သောက်သုံးရေကန်မှ ရေနှင့် ထမင်းချက်တို့အား ဓာတ်ခွဲစစ်ဆေးရာ ရေနှင့် ထမင်းချက်နှစ်ဦးတွင် ဝမ်းရောဂါပိုးစစ်ဆေးတွေ့ရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

ရေယာဉ်စီးခရီးသည်များ အခက်အခဲရှိနေ

ရန်ကုန် ဇန်နဝါရီ ၂၂-လမ်းမတော်ဆိပ်ခံတံတားအမှတ် (၂)အား ပြင်ဆင်ရန် ရှိသည်ဟုဆိုကာရေယာဉ်များ ဆိုက်ကပ်ခွင့်မပြုသည်မှာ တစ်လကျော်နေပြီဖြစ်၍ မြစ်ဝကျွန်းပေါ်သွား ပုဂ္ဂလိကရေယာဉ်စီးခရီးသည်များ၊ ကုန်တင်ပို့သူများ အခက်အခဲရှိနေကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်လျက်ရှိသော ပုဂ္ဂလိက လူစီးကုန်တင်နှစ်ထပ်ရေယာဉ်များမှာ ဇောတံတားတွင် တန်းစီဆိုက်ကပ်ထားသော ရေယာဉ်များဘေးတွင် ကပ်ရသဖြင့် ခရီးသည်များအနေဖြင့် အနိမ့်အမြင့်မတူညီသော ရေယာဉ်များပေါ်မှ ဖြတ်သန်း၍ ဆိပ်ကမ်းသို့ တက်ရောက်ရရာ အထူးသဖြင့် ကလေးသူငယ်နှင့်အမျိုးသမီးများ၊ သက်ကြီးရွယ်အိုနှင့် ဝန်ထုပ်ဝန်ပိုးပါခရီးသည်များ အခက်အခဲကြုံတွေ့ရသကဲ့သို့ကုန်တင်ပို့သူများသည်လည်း ကုန်တင်ကုန်ချပြုလုပ်ရာတွင် အခက်အခဲများရှိနေကြောင်း မြစ်ဝကျွန်းပေါ်ဒေသမှ လာရောက်သော ခရီးသွားများနှင့် ကုန်သည်များက ဆိုသည်။**(မောင်စေအောင်)**

ပြင်ဆင်ရန်ရှိ၍ သင်္ဘောဆိုက်ကပ်ခွင့်မပြုသော လမ်းမတော်ဇောတံတားအမှတ်(၂)ကြောင့် စဥ့်အိုးတန်းအမှတ်(၁)တံတားတွင် သင်္ဘောငါးစင်း တန်းစီ၍ ဆိုက်ကပ်ထားသည်ကို ဇန်နဝါရီ ၂၀ ရက်က တွေ့ရစဉ်။

[illegible]

Tools & Accessories [illegible]

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန် (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်

၁။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်၏ (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အစမ်းလေ့ကျင့်ခြင်း ၄-၃-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၉း၀၀ နာရီ

ဘွဲ့နှင်းသဘင် ၅-၃-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉း၀၀ နာရီ

၂။ (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်၏ အောက်ပါစာမေးပွဲများကို အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။

(က) သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူ (၁၂/၂၀၁၁) သင်တန်းနှင့် သွားဘက်ဆိုင်ရာ ဆေးလက်တွေ့ပါရဂူ ၁၂/၂၀၁၀သင်တန်း စာမေးပွဲအောင်မြင်သူများ။

(ခ) သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံ (၅/၂၀၁၁)သင်တန်း စာမေးပွဲအောင်မြင်သူများ

(ဂ) အထွေထွေသွားရောဂါကုဒီပလိုမာ (၁၂/၂၀၁၁)သင်တန်းနှင့် အထွေထွေသွားရောဂါကုဒီပလိုမာ (၁၂/၂၀၁၂)သင်တန်း စာမေးပွဲအောင်မြင်သူများ။

(ဃ) နောက်ဆုံးနှစ် ဘီဒီအက်စ် (၁/၂၀၁၂)သင်တန်း ပုံမှန်စာမေးပွဲနှင့် နောက်ဆုံးနှစ် ဘီဒီအက်စ်(၁/၂၀၁၂)သင်တန်း နောက်ဆက်တွဲ စာမေးပွဲ၊ နောက်ဆုံးနှစ် ဘီဒီအက်စ် (၁/၂၀၁၁) ထပ်ကျော့ စာမေးပွဲအောင်မြင်သူများ။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

တက်ရောက် - ၁၅၀၀၀/- (ကျပ်တစ်သောင်းငါးထောင်)

အဝေးရောက် - ၁၀၀၀၀/-(ကျပ်တစ်သောင်း)

၄။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဘွဲ့လွန်ဌာနစိတ်တွင် တောင်းယူဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော (၁½"×၂")အရွယ် ကာလာဓာတ်ပုံ(၃)ပုံ ပူးတွဲလျက် ၃-၂-၂၀၁၄ ရက်မှ ၁၄-၂-၂၀၁၄ ရက်အထိ တင်သွင်းကြရမည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်မော်ကွန်းထိန်း၊ ဘွဲ့နှင်းသဘင်နှင့် ဘွဲ့လွန်ဌာနစိတ် ဖုန်း-၅၇၁၂၇၁၊ ၅၇၁၂၇၃၊ ၅၆၄၆၃၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(နွယ်နွယ်ဝင်း)
မော်ကွန်းထိန်း
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ရန်ကုန်

အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)

အိမ်မဲမြို့နယ်အသင်းသည် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် (ပြည်ထောင်စုနေ့) ညနေ ၄နာရီတွင် အိမ်မဲမြို့နယ်အသင်း အသင်းတိုက်တည်ရာ အိမ်မဲကျောင်း၌ ပဓာနနာယကဆရာတော် ဦးဇာနေယျအား ဦးထိပ်ထား၍ ထမနဲထိုးလှူဒါန်းပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ ထမနဲထိုးလှူဒါန်းပွဲတွင် အသင်းဝင်များ၏ အသက်(၈၀)ပြည့် မိဘများအား ကန်တော့မည်ဖြစ်ပါသည်။ ထို့အပြင် အသင်းဝင်များ၏ သားသမီးများထဲမှ ၂၀၁၃ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသူများနှင့် တက္ကသိုလ်သို့ ရောက်ရှိပညာသင်ကြားနေသော သား သမီးများအား ပညာသင်ထောက်ပံ့ကြေး ချီးမြှင့်မည်ဖြစ်ပါသည်။

သို့ပါ၍ ကန်တော့ခံမည့် သက်ကြီးမိဘအမည်များ၊ ဂုဏ်ထူးရရှိသော သားသမီးများ၏ အမည်၊ အမှတ်စာရင်းများ၊ တက္ကသိုလ်ကျောင်းသား၏အမည်၊ တက္ကသိုလ်အမည်၊ ဘာသာရပ်၊ ပညာသင်နှစ်စသည်တို့ကို ပြည့်စုံစွာဖော်ပြ၍ **ဥက္ကဋ္ဌ၊ အိမ်မဲမြို့နယ်အသင်း၊ အိမ်မဲကျောင်း၊ (၆)ဝိုင်း၊ မြို့ဦးကျောင်းတိုက်၊ သံသုမာလမ်း၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့**သို့ ယခုလ ဇန်နဝါရီလ ၃၁ ရက် နောက်ဆုံးထားပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဤကိစ္စအတွက် ဆက်သွယ်လှူဒါန်းလိုသူများသည် အောက်ပါတယ်ဖုန်းများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖုန်း-၀၉-၅၀၁၄၉၄၃၊ ၀၁-၉၆၈၈၇၉၇၊ ၀၉-၅၀၂၈၇၆၇၊ ၀၁-၆၈၁၀၄၃၊ ၀၉၅၀၂၀၅၉၁

ဒီပဲယင်းမြို့နယ် အသင်းအစည်းအဝေး

[illegible]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ ကျောင်းလမ်း၊ တိုက်အမှတ်(၁၆)ဟုခေါ်တွင်သော (၆)ထပ်တိုက်အဆောက်အအုံ၏ မြေညီထပ်၊ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၂. ၅× ၅၀)ပေရှိသောတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင်ပါရှိသော ရေ၊ မီးအပါအဝင် ယင်းတိုက်ခန်းနှင့်တွယ်ကပ်ဆက်စပ်နေသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ဝင်း(ကန်ထရိုက်တာ)[၁၂/တမန(နိုင်)၀၈၆၉၀၂]ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်တင်စုဝေ(စဥ်-၃၂၆၉၃) (LL.B,D.B.L,D.M.L)

ဦးဝင်းထိုက်(စဥ်-၃၆၇၃၇) (LL.B,D.B.L)

အထက်တန်းရှေ့နေများ

Myanmar United Land Co.,Ltd အိမ်၊ခြံ၊မြေအကျိုးဆောင်နှင့် ဥပဒေအကြံပေး

အမှတ်-၆၆/၆၈(မြေညီထပ်)၊ စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉-၃၁၂၉၈၇၂၄၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၄၂၅၂၈၈၉၂၁

ပြည်တွင်းရေးရာ

စာမျက်နှာ (၁၆) မှ

အနေဖြင့် (၉)ကြိမ်မြောက်တာဝန်ယူကျင်းပ ပူဇော်ရသည့် စာပြန်ပွဲတော်ကြီးဖြစ်သည်။

အဆိုပါ ဝိနည်းစာပြန်ပွဲတော်ကြီးသို့ မြို့နယ်အသီးသီးမှ သံဃာ့ကိုယ်စားလှယ် သံဃာတော်အရှင်သူမြတ် ၉၅ ပါးအပါအဝင် စာထောက်စာမဆရာတော် ၁၃၄ ပါး၊ စာတော်ပြန် ရဟန်းသာမဏေ ၄၈၇ ပါး စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၆၂၁ ပါးတို့ ကြွရောက်တော်မူကြမည်ဖြစ်ပြီး ဘိက္ခုပါတိမောက်၊ ဘိက္ခုနီပါတိမောက်၊ မူလသိက္ခာ၊ ခုဒ္ဒသိက္ခာ၊ ရှင်ကျင့်ဝတ်စသည့် ဝိနည်း ငါးကျမ်းကို အာဂုံပြန်ဆိုကြမည်ဖြစ်ပါသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ရှစ်မြို့နယ်လုံးဆိုင်ရာ သုဓမ္မာနိကာယဝိနည်းစာပြန်ပွဲတော်ကြီး အောင်မြင်စွာ ဆင်ယင်ကျင်းပနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တပညာအမှူးပြုသော လုပ်ငန်းအဖွဲ့အသီးသီးမှ ဩဝါဒဆရာတော်များ၊ ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း ဦးဆောင်သော နာယကအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်း ဦးဆောင်သော ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းအဖွဲ့ ၁၃ ဖွဲ့ ဖွဲ့စည်းပြီး လုပ်ငန်းများစတင်နေပြီ ဖြစ်သကဲ့သို့ ကုန်ကျမည့် ငွေကျပ်သိန်းပေါင်း ၁၆၀ ကျော်အတွက် အလှူငွေစတင်လှူဒါန်းနေကြသည့် အလှူရှင်များကို မြင်တွေ့ရသဖြင့်လည်း ဝမ်းမြောက်နှမ်သာစုခေါ်ဆိုရပေသည်။

ဝိနည်းစာပြန်ပွဲတော်ကြီးတွင် ဂန္ထဓုရ၊ ဝိပဿနာဓုရဟု ဆိုအပ်သော ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် ထွန်းကားစည်ပင်ရေးတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်တော်မူကြသည့် ရဟန်းသံဃာတော်များအား ကြုံကြိုက်ခဲလှသော အခွင့်ထူးဖြင့် စုပေါင်းဖူးမြော်ကြည်ညိုခွင့်နှင့် ဆွမ်းခဲဖွယ်ဘောဇဉ်မှအစ လှူဖွယ်ဝတ္ထု အစုစုတို့ လှူဒါန်း၍ ကုသိုလ်ရယူနိုင်ကြမည်ဖြစ်ပါသည်။

သို့ပါ၍ သူတော်စင်ဒါယကာ၊ ဒါယိကာမအပေါင်းတို့သည် ဝိနည်းစာတော်ပြန်ရဟန်းသံဃာတော်များအား ပူဇာစပူဇနေယျာနံဟူသော တရားတော်နှင့်အညီ ပူဇော်ထိုက်သူကို ပူဇော်ခြင်း၊ ချီးမြှောက်ထိုက်သူကို ချီးမြှောက်ခြင်းဖြင့် ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာတရားကို ခံယူနိုင်ကြစေရန် စာပြန်ပွဲကျင်းပမည့် ရွှေမှော်ဝန်းသာသနာ့ဗိမာန်တော်ကြီးသို့ ကြွရောက်ကြစေကြောင်း ဖိတ်မန္တကပြုလိုက်ရပေသည်။

ဗဟုသုတဖွေရှာ

ကလေးတက္ကသိုလ်စာကြည့်တိုက်မှာ

ဂျိုးနက်

ကလေး ဇန်နဝါရီ ၂၂ - စာကြည့်တိုက်သည် လူ့လောက၊ လူ့ဘဝအတွက် ပညာအလင်းတန်းများဖြာထွက်ရာ ပြတင်းပေါက်သဖွယ် သုတစုံလင် လေညင်း ဝင်ရောက်တိုက်ခတ်ရာနေရာနှင့် အတတ်ပညာ၊ အသိပညာဟူသမျှ ပြီးပြည့်စုံစွာ ရှာဖွေနိုင်သော နေရာဖြစ်သည်နှင့်အညီ ကလေးတက္ကသိုလ်စာကြည့်တိုက်ကို ၂၀၁၃ ခုနှစ် ဇူလိုင် ၂ ရက်မှ စတင်တည်ဆောက်ကာ ယခု ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ကလေးတက္ကသိုလ် အဆင့်မြင့်စာကြည့်တိုက်ကြီး ဆောက်လုပ်ရန်အတွက်၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သန်းပေါင်း ၄၂၅ သန်းအကုန်အကျခံကာ အရှည် ပေ ၂၀၀ ၊ အကျယ်ပေ ၄၀ ရှိ RC နှစ်ထပ်ဖြင့် မိုးမြင့်အာကာကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသည်။

ကလေးတက္ကသိုလ်စာကြည့်တိုက် ဆောက်လုပ်ပြီးစီးပါက နှစ်စဉ် အဆင့်မြင့်ပညာသင်ယူဆည်းပူးသော တက္ကသိုလ်ကျောင်းသားကျောင်းသူ ၈၅၀၀ ကျော်တို့၏ ပညာရပ်အမျိုးမျိုး၊ ဗဟုသုတမျိုးစုံ ရှာဖွေလေ့လာနိုင်ရန် အထောက်အကူပြုမည်ဖြစ်သည့်အပြင် ဗဟုသုတပညာတက္ကသိုလ်၊ ပညာရတနာသိုက်တက္ကသိုလ်စာကြည့်တိုက်ကြီး ဖြစ်လာမည်ဖြစ်ပြီး ယင်းတက္ကသိုလ်စာကြည့်တိုက်ကြီးတွင်စုဆောင်းထားရှိသော စာအုပ်စာစောင်နှင့် ဘာသာရပ်စုံစာတမ်းများကို ကျောင်းသားကျောင်းသူတို့ အလွယ်တကူ ရှာဖွေဖတ်ရှုလေ့လာနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့ ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင် ဆောက်လုပ်

ဇွန်လတွင် ပြီးစီးမည်

ဂျူနိုင်း

ကလေး ဇန်နဝါရီ ၂၂ - ကလေးမြို့ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးသည် ကလေးမြို့နယ်ရှိ ပြည်သူများ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့မှ ပြည်သူများ၏ အားကိုးအားထားရာ ဆေးရုံကြီးဖြစ်သည်နှင့်အညီ လူနာပေါင်းစုံ၊ ရောဂါမျိုးစုံကို အထူးကုဆရာဝန်များစုံလင်စွာဖြင့် ဆေးကုသသည့် နေရာဖြစ်ပြီး လူနာဦးရေနှင့် ခုတင်လုံလောက်မှုတမှုမရှိပါသဖြင့် ဆေးရုံတက်ရောက်ဆေးကုသသည့် လူနာများမှာ အခက်အခဲများနှင့် ရင်ဆိုင်ရလျက်ရှိသည်။

သို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၏ စီစဉ်မှုဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့ငွေ ကျပ်သန်းပေါင်း ၄၆၉ သန်းအကုန်အကျခံကာ လက်ရှိပြည်သူ့ဆေးရုံကြီး၏တောင်ဘက်တွင် အရှည်၂၄၀ ပေ၊ အကျယ် ၅၆ ပေရှိ RC သံကူကွန်ကရစ် နှစ်ထပ်တိုးချဲ့ဆောင်ကို Alpha Wing ကုမ္ပဏီက တာဝန်ယူလျက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှစ၍ စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လတွင် ပြီးစီးနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း တည်ဆောက်လျက်ရှိကြောင်း သိရသည်။

မြေမြှုပ်ထားသော ကလေးအား အသက်ရှင်လျက်တွေ့ရှိ

မုဒုံ ဇန်နဝါရီ ၂၂ - မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ဆည်မြောင်းဝင်းအတွင်းတွင် ဇန်နဝါရီ ၁၅ ရက်က မြေမြှုပ်ထားသော မွေးကင်းစကလေးငယ်တစ်ဦးအား အသက်ရှင်လျက်တွေ့ရှိရကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် မအိမိုးသူ(၁၂)နှစ်သည် ဒန့်သလွန်သီးခူးရန် သွားရောက်စဉ် ဆည်မြောင်းဝင်းအတွင်းရှိ ဝန်ထမ်းနေအိမ် အခန်းအမှတ်(၁၀)နှင့် အခန်းအမှတ်(၁၃) နောက်ဘေးဘက် ၁၅ ပေခန့်အကွာတွင် ပီလောပီနံပင်များအကြား(ဒန့်သလွန်ပင်အနီး)၌ မွေးကင်းစကလေးတစ်ဦး၏ ငိုသံကိုကြားသဖြင့် အနီးပတ်ဝန်းကျင်ရှိ ဝန်ထမ်းတချို့အား ပြောပြပြီး သွားရောက်ကြည့်ရှုရာ ပီလောပီနံပင်အားနုတ်ပြီး အပင်ရင်းမှ မြေသားအား ခြောက်လက်မခန့် လက်ဖြင့်ယက်ကာ အဝတ်စပတ်၍ မျက်နှာဖော်လျက် မြေမြှုပ်ထားသည့် မွေးကင်းစကလေးငယ်(မိန်းကလေး)အား အသက်ရှင်လျက်တွေ့ရသဖြင့် ဆည်မြောင်းဦးစီးအရာရှိနှင့် မြို့မ(၄) အုပ်ချုပ်ရေးမှူးတို့က ရဲစခန်းသို့ အကြောင်းကြားခဲ့သည်။

မုဒုံမြို့မ ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် ဇာနည်မောင်နှင့်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုပြီးနောက် ကလေးငယ်အား ကျန်းမာရေးကောင်းစေရန် မုဒုံပြည်သူ့ဆေးရုံသို့ တင်ပို့ကုသပေးခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မွေးကင်းစ ကလေးအား သေစေရန်အကြံဖြင့် မြေမြှုပ်ခဲ့သူအား စုံစမ်းဖော်ထုတ်ကာ မမစ(မဒ)(ပ)၁၀/၂၀၁၄၊ ပြစ်မှုပုဒ်မ-၃၁၅ အရ အမှုဖွင့် အရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။ **(၆၉၄)**

အိန္ဒိယနိုင်ငံ အင်ဖားမြို့မှ ဆရာဝန်များ

ကလေးဒေသခံများကို ကျန်းမာရေးအခမဲ့စစ်ဆေးမည်

ကလေး ဇန်နဝါရီ ၂၂ - အိန္ဒိယနိုင်ငံ အင်ဖားမြို့မှ ဆရာဝန် ၄၄ ဦးပါဝင်သောအဖွဲ့သည် ဇန်နဝါရီ ၂၅ ရက်တွင် ကလေးမြို့သို့ လာရောက်ပြီး ပြည်သူများကို ဇန်နဝါရီ ၂၆ ရက်တွင် ကလေးမြို့ ပြည်သူ့ဆေးရုံ၌ ကျန်းမာရေး အခမဲ့စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ကျန်းမာရေးစစ်ဆေးရာတွင် ကင်ဆာရောဂါ၊ အသည်းရောဂါ၊ HIV ရောဂါတို့ကို အဓိက စစ်ဆေးပေးသွားမည်ဖြစ်ပြီး ခွဲစိတ်ရန်လိုအပ်မှုများကို စာရင်းမှတ်သွားကာ နောက်တစ်ကြိမ် လာရောက်ခွဲစိတ်ပေးသွားမည်ဟု သိရသည်။

ကျန်းမာရေးစစ်ဆေးမှုခံယူလိုသူများအနေဖြင့် ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်များတွင် ကလေးမြို့ ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။**(လင်းလက်ကြယ်စင်)**

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

"တယ်လီဖုန်းသုံးစွဲသူ မိတ်ပြည်သူများသို့ အသိပေးနှိုးဆော်ချက်"

ပြည်နယ်/တိုင်းဒေသအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ **၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ သုံးစွဲကာလ**အတွက် တယ်လီဖုန်းခေါ်ဆိုခများအား အောက်ပါ သတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင်ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည်ဖြစ်ပါကြောင်း မိတ်ပြည်သူများသို့ ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	တယ်လီဖုန်းအမျိုးအစား	နောက်ဆုံးအခွန်ငွေပေးသွင်းရမည့်ရက်
၁။	နေပြည်တော်၊ရန်ကုန်၊မန္တလေး စစ်ကိုင်း၊မကွေး၊ကချင်၊ကရင် ကယား၊ရောဝတီ၊မွန်၊ ပဲခူး(အရှေ့/အနောက်)	Autoနှင့် Mobileဖုန်းများ E-mail, ADSL MPT Satellite	၂၄-၁-၂၀၁၄
၂။	ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) ချင်း၊ ရခိုင်၊ တနင်္သာရီ	Autoနှင့် Mobileဖုန်းများ E-mail, ADSL MPT Satellite	၃၁-၁-၂၀၁၄

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း



စိုက်ပျိုးရေးပညာပေးစခန်းမှ စပ်မျိုးနေကြာစိုက်ခင်း အောင်မြင်ဖြစ်ထွန်း

ညောင်တုန်း ဇန်နဝါရီ ၂၂ - ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးပညာပေးစခန်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးရေးအရာရှိ ဒေါ်အေးအေးစီနှင့် ဝန်ထမ်းများသည် စပ်မျိုးနေကြာ တစ်ဧကကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်က စတင်စိုက်ပျိုးခဲ့ရာ ယခုအချိန်တွင် အပွင့်ပွင့်ပြီး စိုက်ပင်များရှင်သန်အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရှိရသည်။

ပျဉ်းမနား ရေဆင်းစပ်မျိုးနေကြာသည် သက်တမ်း ရက် ၉၀ ခန့်ရှိပြီး အဆန် တစ်တင်းလျှင် ဆီ လေးပိဿာထွက်ရှိသည်ဟု စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်အေးအေးစီထံမှ ဇန်နဝါရီ ၂၁ ရက်က ဝမ်းမြောက်ဖွယ် သတင်းစကား ကြားသိရသည်။ **(၀၇၀)**

တရားမဝင်အနှိပ်ခန်း ဖမ်းဆီး

ချမ်းအေးသာစံ ဇန်နဝါရီ ၂၂ - မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၆) လမ်း၊ လမ်း(၃၀)နှင့် (၃၁)လမ်းကြားရှိ Nawart Hair Salon တွင် တရားမဝင် အနှိပ်ခန်းဖွင့်လှစ်နေကြောင်း သတင်းအရ ဇန်နဝါရီ ၁၉ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ချမ်းအေးသာစံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ စိုးမိုးဦး(ခ) ရွှေဘနေအိမ်အား ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာတွင် အနှိပ်သမဖြစ်သော ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်နေ မကြယ်စင်သော် (၁၈)နှစ်ပါ လေးဦးအား အနှိပ်ပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ အနှိပ်ခန်းမှရရှိငွေကျပ် ၅၀၀၀၀ နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိသဖြင့် စိုးမိုးဦး(ခ)ရွှေဘနှင့် မကြယ်စင်သော်ပါ လေးဦးတို့အား ချမ်းအေးသာစံမြို့နယ် မြို့မစခန်းက (ပ)/၁/၂၀၁၄ ပြစ်မှုပုဒ်မ ၁၈၈ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ကျေးရွာများနှင့် မြို့ပြဆက် မြေသားလမ်းအား ကွန်ကရစ်ခင်း ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝမြင့်မားလာတော့မည်

ရန်ကုန် ဇန်နဝါရီ ၂၂ - ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရေး ကျေးလက်နှင့် မြို့ပြ ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုမရှိစေရေး ရည်ရွယ်လျက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ ခနောင်ကျေးရွာ ခုနစ်ရွာနှင့် ဒလမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည်လေးမိုင် (ပေ၂၂၀၀)ကျော်ရှိ မြေသားလမ်းကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးမှုကြောင့် ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြေသားလမ်းမကြီးအား ၂၀၁၀ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခင်အခါက ခနောင်ကျေးရွာ ခုနစ်ရွာရှိ ပြည်သူများမှာ ရေလမ်းခရီးကိုသာ အားထားသွားလာနေရကြောင်း သိရသည်။

ကွန်ကရစ်လမ်း ခင်းရာတွင် အကျယ် သုံးပေရှိ နှစ်လမ်းအား သုံးပေခြား၍ ခင်းပေးကြောင်း၊ သွားလာမှု အဆင်ပြေရေးအတွက် လမ်းတစ်လမ်းပြီးမှသာ ကွန်ကရစ်တင် လမ်းခင်းကြောင်း၊ ပြည်ထောင်စုနေ့အမီ ပြည်သူများ သွားလာနိုင်ရေးအတွက် လုပ်သားအင်အား ၇၀ ဖြင့် တစ်ရက်တွင် ပေ ၈၀၀ ခင်းပေးနေကြောင်း လုပ်ငန်းကြီးကြပ်သူ ဦးဇော်ဝင်းက ပြောသည်။

ခနောင်ရွာအတွက် ကွန်ကရစ်လမ်းနေရာမှ ကြားကွက်လပ်အကျယ် သုံးပေလမ်းနှင့် လမ်းကြားကို ခနောင်ကျေးရွာမှ ဦးသန်းလွင်-ဒေါ်ခင်ဌေးမိသားစုက ပေ ၂၀၀၀ ကွန်ကရစ်ခင်းလှူဒါန်းသည့်အတွက် အကျယ် ကိုးပေ၊ အရှည်ပေ ၂၀၀၀ ခင်းကျင်းပြီးဖြစ်ကြောင်း သိရသည်။

ကွန်ကရစ်လမ်းခင်းခြင်းနှင့် ပတ်သက်၍ အသက်(၉၁)နှစ်ရှိ အဘွားဒေါ်မြင့်က "အဘွားတို့ တစ်သက်လုံး ရွှံ့ဗွက်တွေနဲ့ သွားလာခဲ့ရတာ အခုလို လမ်းခင်းပေးတဲ့ အစိုးရလူကြီးတွေကို ကျေးဇူးတင်လိုက်တာ"ဟု တုန်ရင်လှိုက်လှဲစွာ ပြောသည်။

အဆိုပါ ကျေးလက်များနှင့် မြို့ပြဆက်သွယ်သည့် ကွန်ကရစ်လမ်းအား ပြည်သူများ ဆောလျင်စွာ အသုံးပြုနိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)မှ A.E ဦးမောင်မောင်လွင် ဦးဆောင်၍ ဦးဇော်ဝင်း(ဒု-ကြီးမှူး)က အနီးကပ်ကြီးကြပ်၍ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ခဲ့ရသည်။

မင်းရဲမာန်(နေပြည်တော်)

ခူကောင်များကြောင့် ဆောင်းမြေပဲစိုက်ခင်းများ ပျက်စီး

ကန့်ဘလူ ဇန်နဝါရီ ၂၂ - ကန့်ဘလူမြို့နယ် သပြေသာကျေးရွာအုပ်စု၊ ကျွန်းပင်ကုန်းအုပ်စု၊ မင်းကုန်း (က)အုပ်စု၊ ငါးရာနဲအုပ်စုတို့တွင် စိုက်ပျိုးထားရှိသော ဆောင်းမြေပဲ စိုက်ခင်းများမှာ မကြာမီနုတ်သိမ်းချိန် ရောက်ရှိတော့မည်ဖြစ်သော်လည်း စိုက်ချိန်နောက်ကျ၍ အပင်ဖြစ်ထွန်းမှုမရှိသလို မြေပဲပင်ဖျက်ပိုးများ ဖျက်ဆီးမှုဒဏ်ကိုလည်း ခံနေရသည်။

မြေပဲပင်ဖျက်ပိုးများကို ပိုးသတ်ဆေးအမျိုးမျိုးဖြင့် ပက်ဖျန်းသော်လည်း ဖျက်ပိုးများကို မနှိမ်နင်းနိုင်ဘဲဖြစ်နေကြောင်း သိရသည်။ အဆိုးရွားဆုံးမှာ ခူကောင်များ များပြားလာကာ မြေပဲစိုက်ခင်းများကို ဖျက်ဆီးစားသောက်နေခြင်းဖြစ်သည်။ ယခု ၂၀၁၄ ဇန်နဝါရီလဝက်ကျော်ခဲ့သည့်တိုင် မြေပဲပင်များမှာ တစ်ထွာခန့်သာရှိနေပြီး အပင်များဖြစ်ထွန်းမှုလည်း မရှိ၊ ခူကောင်များသာ တစ်နေ့တခြား တိုးပွားဖျက်ဆီးနေ၍ ယခုနှစ် မတ်လအတွင်း မြေပဲများ နုတ်သိမ်းချိန်တွင် မြေပဲရရန်အကြောင်းမဖန်ဖြစ်နေကြောင်း သိရသည်။

ကံတင်အောင် (ပထဝီဝင်)

ညောင်တုန်းမြို့နယ်တွင် မတ်ပဲစိုက်ဧက ၁၀၀၀ ဖြစ်ထွန်းအောင်မြင်

ညောင်တုန်း ဇန်နဝါရီ ၂၂ - ညောင်တုန်းမြို့နယ်တွင် စီမံကိန်းလျာထားချက်နှင့်အညီ မတ်ပဲစိုက်ပျိုးရာတွင် GAP သိပ္ပံနည်းကျကောင်းမွန်သော စိုက်ပျိုးရေးစနစ်နှင့် ဧက ၁၀၀၀ အား မိုးစပါးရိတ်သိမ်းပြီးနောက် ကျေးရွာပေါင်း ၁၅ ရွာမှ တောင်သူလယ်သမား ၃၅၁ဦးတို့၏လယ်များတွင် စိုက်ပျိုးရေးဝန်ထမ်းများနှင့် လယ်သမားများပူးပေါင်းဆောင်ရွက်ခဲ့ရာ ယခုအခါတွင် စိုက်ပျိုးပင်များရှင်သန်အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ရှိရသည်။**(အပေါ်ပုံ)**

ညောင်တုန်းမြို့နယ်၏ ဆောင်းသီးနှံ မတ်ပဲစိုက်ပျိုးရန်လျာထားချက် ဧကပေါင်းမှာ ၇၇၀၇၀ဧကဖြစ်သော်လည်း ၇၇၁၈၁ဧက စီမံကိန်း လျာထားချက်ကျော်လွန်၍ စိုက်ပျိုးနိုင်ခဲ့ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဒုတိယဦးစီးအရာရှိ ဦးဇင်အောင်ဦးထံမှ ဇန်နဝါရီ ၂၁ ရက်က သိရသည်။

(ဘိုရွှေ)

Grand Guardian အများပိုင်ကုမ္ပဏီ အာမခံလုပ်ငန်းများ ဝန်ဆောင်မှုပေး

ချမ်းအေးသာစံ ဇန်နဝါရီ ၂၂ - Grand Guardian Insurance Public Co.Ltd မန္တလေးရုံးခွဲ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၁ရက် နံနက်က ရုံးတည်ရှိရာ ချမ်းအေးသာစံမြို့နယ် လမ်း(၃၁)နှင့် (၈၁)လမ်းထောင့်၌ ကျင်းပခဲ့ပြီး ကုမ္ပဏီအနေဖြင့် မတည်ရင်းနှီးငွေ ၄၆ ဘီလီယံထည့်ဝင်၍ အများနှင့်သက်ဆိုင်သောကုမ္ပဏီတစ်ခုအဖြစ် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်သည်။

Grand Guardian အာမခံလုပ်ငန်းမှ အသက်အာမခံ၊ မီးအာမခံအလုံးစုံ၊ မော်တော်ယာဉ်အာမခံ၊ သမာဓိအာမခံ၊ ငွေသားလုံခြုံမှုအာမခံနှင့် ငွေသားသယ်ပို့အာမခံတို့ကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။ **သီဟကိုကို(မန္တလေး)**

နှလုံးသားဝယ် ဘုရားတည်

မြန်မာပြည်တစ်နံတစ်လျားတွင် ပရဟိတစိတ်ဖြင့် လူ့ဘောင်ကို ကူညီနေသော ဆရာတော်သံဃာတော်များအား ကြားသိမြင်တွေ့နေရသည်။ ရင်ထဲဝမ်းသာပီတိ နှိုင်းမရှိခဲ့ပါ။ ထိုအထဲတွင် မေတ္တာရှင်(ရွှေပြည်သာ) အရှင်ဇဝန ဆရာတော်၏ အရပ်ဘက်လူ့အဖွဲ့အစည်း (Civil Society)၌ ပရဟိတစိတ်စေတနာဖြင့် နှလုံးသားဝယ် ဘုရားတည်ဆိုသောစကားရပ်ကို စာရေးသူစိတ်ဝင်တစား ရှိခဲ့သည်။

ဆရာတော်က နှလုံးသားဝယ် ဘုရားတည်ခြင်းပြိုင်ပွဲကို မှော်ဘီမြို့ သုဒ္ဓဝိပဿနာရိပ်သာကျောင်းတွင် ကျင်းပမည်ဟု သိရသည်။ "ယနေ့လူငယ်နောင်ဝယ်လူကြီး" ဆိုသော စကားမှာ သွေးထွက်အောင်မှန်သည်။ ယနေ့ခေတ်သည် ဒီမိုကရေစီခေတ်သို့ရောက်ပြီဖြစ်၍ ယနေ့လူငယ်များ၏အရည်အချင်း အာဆီယံနိုင်ငံများနည်းတူ တိုးတက်ရန် လိုအပ်လာသည်။ သို့သော် မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ကိုယ်ပိုင်အတွေးအမြင်၊ ကိုယ်ပိုင်လေ့လာစုစည်းမှုများ ရှိရပါမည်။ ထင်သာမြင်သာအောင်တင်ပြရလျှင် ဆရာတော် အရှင်ဇဝန၏ ပရဟိတစိတ်ကို လေးစားကြည်ညိုမိသည်။

"နှလုံးသားဝယ်ဘုရားတည်ခြင်း" ဆိုသော ခေါင်းစဉ်နှင့်အတူ လေ့လာရန် မျက်ရည်မကျခင် သိစေချင်၊ မြန်မာတို့၏ အသက်၊ စာရိတ္တပြိုင်ပွဲ၊ လူတော်လူဆိုး စာအုပ်များကို ဆရာတော်က ဖတ်ရှုလေ့လာရန် အသိပေးထားသည်။

မေတ္တာရှင်(ရွှေပြည်သာ)ဆရာတော်၏" နှလုံးသားဝယ် ဘုရားတည်ခြင်း" စာမေးပွဲကို ၂၈-၃-၂၀၁၄ ရက် (စနေနေ့)နောက်ဆုံးထားပြီး သုဒ္ဓဝိပဿနာရိပ်သာနှင့် ရွှေပြည်သာမြို့မန္တလေးကျောင်းတိုက်များသို့ စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာထားသည်။ စာရေးသူက ဆရာတော်၏ စာမေးပွဲတွင်ဖတ်ရှုလေ့လာရန် ပေးထားသော စာအုပ်များကို လေ့လာမိသည်။

ဆရာတော်၏ (၁) မျက်ရည်မကျခင် သိစေချင်သော စာအုပ်မှာ လူဖြစ်ရသောတန်ဖိုးနှင့် ဘာသာတန်ဖိုးကို မီးမောင်းထိုးပြထားသည်။ (၂) မြန်မာတို့၏အသက် စာအုပ်က သာသနာကိုမြတ်နိုးစေချင်၍ မကွယ်စေလိုသော စေတနာ၊ (၃) စာရိတ္တပြိုင်ပွဲစာအုပ်တွင် လူဖြစ်လာလျှင် အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်ကျင့်တရားကောင်းရန် ရည်ရွယ်ချက်၊ (၄) လူတော်လူဆိုးစာအုပ်မှာ တော်ပြီးဆိုးနေလျှင် သုံး၍မရ၊ လူကြီးများက လူငယ်တွေကို ဆုံးမသွန်သင်သိစေချင်သော စာအုပ်တို့၏ စေတနာ၊ မေတ္တာ၊ ကရုဏာများကို လေ့လာသိရှိလာရသည်။ စာရေးသူအနေဖြင့် လူကြီးဘဝရောက်မည့်လူငယ်များကို ဆရာတော်သံဃာတော်များက လိမ္မာယဉ်ကျေးသင်တန်းများ၊ ဓမ္မကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌ အသိပညာပေးလျက်ရှိနေသည်။ ထိုသတင်းကို ကြားသိမြင်တွေ့နေရ၍ ဝမ်းသာပီတိဖြစ်ခဲ့ရသည်။

'ယနေ့လူငယ်နောင်ဝယ်လူကြီး' ဆိုသောစကားမှာ သွေးထွက်အောင်မှန်သည်။ ယနေ့ခေတ်သည် ဒီမိုကရေစီခေတ်သို့ရောက်ပြီဖြစ်၍ ယနေ့လူငယ်များ၏ အရည်အချင်း အာဆီယံနိုင်ငံများနည်းတူ တိုးတက်ရန်လိုအပ်လာသည်။

ထို့ပြင် ဆရာတော်မေတ္တာရှင် (ရွှေပြည်သာ)သည် မန္တလေးကျောင်း (ရွှေပြည်သာ)တွင် မျက်စိမကောင်းသူများကို အခမဲ့ကူညီခွဲစိတ်ပေးသည်ဆိုသော သတင်းကိုလည်း ကြားထားရသည်။ ကျန်းမာရေးမကောင်း၍ ချို့တဲ့နေသူများကို ဆေးဝါးများပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးနေသည်။

စာရေးသူသည် လွတ်လပ်ပွင့်လင်း ထင်သာမြင်သာရှိသည့် ယနေ့ခေတ်ကာလတွင် လူငယ်တို့၏ အခန်းကဏ္ဍကလည်း မြင့်မားလာသည်ကို သတိပြုမိသည်။ ယနေ့အချိန်တွင် ပြည်သူများအား အသိပညာပေးလုပ်ငန်းများကို အရေးတကြီးဆောင်ရွက်ရန် လိုအပ်နေသည်ဟု မိမိတို့ခံစားမိသဖြင့် ပြည်သူများနှင့် လက်လှမ်းမီနေရာများတွင် စာပေရေချမ်းစင်များဖွင့်လှစ်၍ ပြည်သူများ၏ အသိပညာရေချိန်ကို မြှင့်တင်ပေးနေခြင်းဖြစ်ပါကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ စာပေရေချမ်းစင်များ စစ်ဆေးဆောင်ရွက်ရာတွင် ပြောကြားခဲ့သည်။ သို့ပါ၍ ဆရာတော် မေတ္တာရှင်(ရွှေပြည်သာ)က ပြည်သူဗဟိုပြု အသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်နေသည်ဟု ယူဆမိပါသည်။

စာရေးသူ၏အမြင်မှာ နိုင်ငံတော်ကြီးသည် ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်လာပြီဖြစ်၍ ပြုပြင်ပြောင်းလဲမှုတွေလည်း တဖြည်းဖြည်း တိုးတက်လာချိန်ဖြစ်ပါသည်။ စာရေးသူတို့နိုင်ငံမှာ ဒီမိုကရေစီရဲ့ အသီးအပွင့်တွေကို ခံစားရမည်မှာ သေချာသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေဟာ တရားတော်အရ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေကို ဆရာတော်က စံနမူနာပြခဲ့ပါသည်။ မြတ်စွာဘုရားဟောကြားခဲ့သော ပရဟိတလုပ်ငန်းကို ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ စွမ်းအားရှိသမျှဆောင်ရွက်နေသည်ကို အတုယူသင့်ကြောင်း တင်ပြလိုက်ပါသည်။ ။

ရေးသူ – စိုးသိမ်းစိုး(ဘဂျ–ငြိမ်း)

ပြည်ထောင်စုနေ့အထိမ်းအမှတ် ဈေးရောင်းပွဲတော်ကျင်းပမည်

ချမ်းအေးသာစံ ဇန်နဝါရီ ၂၂

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် တတိယအကြိမ် တိုင်းရင်းသားလူမျိုးစုများ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၉ ရက်မှ ၁၁ ရက်ထိ နံနက် ၉ နာရီမှ ည ၁၁ နာရီအထိ ချမ်းအေးသာစံမြို့နယ် (၃၅)လမ်း (၆၆)လမ်းနှင့် (၆၇) လမ်းကြား ရှမ်းအသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

မန္တလေးမြို့တွင် အခြေချနေထိုင်ကြသော တိုင်းရင်းသားလူမှုရေးအသင်းအဖွဲ့များ (ကချင်၊ ကယန်း၊ ကရင်၊ ကိုးကန့်၊ ချင်း၊ တအာင်း(ပလောင်)၊ ပအိုဝ်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ ရှမ်းနီ၊ ဝ၊ အင်းသားစသည့်) ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးစုများ၏ ဒေသထွက်ကုန်များ၊ ရိုးရာအသုံးအဆောင်များ၊ ရိုးရာအစားအသောက်များကို တစ်နေရာတည်းတွင် တွေ့မြင်သုံးဆောင်နိုင်သည်။ တိုင်းရင်းသားလူမျိုးစုများ၏ ယဉ်ကျေးမှုပဒေသာကပွဲများဖြင့်လည်း ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

တတိယအကြိမ်မြောက် အလင်္ကာစာပေဆု ၂၀၁၃ ချီးမြှင့်မည်

၂၀၁၃ ခုနှစ်အတွင်း မြန်မာပြည်တွင်း၌ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များအနက် စာဖတ်သူများအကြိုက်ဆုံးနှင့် လူထုအား အသိပညာ/ဗဟုသုတ အပေးနိုင်ဆုံး စာအုပ်ကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်

မန္တလေး ဇန်နဝါရီ ၂၂

မန္တလေးမြို့ ရာပြည့်မန္တလေးစာအုပ်ဆိုင်၏ (၆)နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ၂၀၁၂ ခုနှစ်မှ စတင်ချီးမြှင့်ခဲ့သော "အလင်္ကာစာပေဆု"ကို ယခု ၂၀၁၄ ခုနှစ်တွင်လည်း တတိယအကြိမ်အဖြစ် "အလင်္ကာစာပေဆု ၂၀၁၃"ကို ဖေဖော်ဝါရီလအတွင်း ချီးမြှင့်မည်ဖြစ်သည်။

အလင်္ကာစာပေဆု ၂၀၁၃ကို ၂၀၁၃ခုနှစ်အတွင်း မြန်မာပြည်တွင်း၌ ထုတ်ဝေဖြန့်ချိခဲ့သော စာအုပ်များအနက် စာဖတ်သူများ အကြိုက်ဆုံးနှင့် လူထုအား အသိပညာ/ဗဟုသုတ အပေးနိုင်ဆုံးစာအုပ်ကို ရွေးချယ်ချီးမြှင့်ခြင်းဖြစ်ကြောင်း ရာပြည့်မန္တလေးစာအုပ်တိုက်မှ ကိုပုညဆွေက ပြောသည်။

ပထမအကြိမ် အလင်္ကာစာပေဆု ၂၀၁၁ အဖြစ် "အောင်ဆန်းနော်၊ ဗိုလ်ချုပ်နော်၊ တေဇနော်"စာအုပ်အား ပေးအပ်ချီးမြှင့်ခဲ့ပြီး ဒုတိယအကြိမ် အလင်္ကာစာပေဆု ၂၀၁၂အဖြစ် ဆရာမ မသီတာ (စမ်းချောင်း)ရေးသားသော "စမ်းချောင်း၊ အင်းစိန်၊ ဟားဗတ်" စာအုပ်အား ပေးအပ်ချီးမြှင့်ခဲ့သည်။

အလင်္ကာစာပေဆုအား စာဖတ်သူအကြိုက် ရွေးချယ်ခြင်းဖြစ်ရာ လူမှုကွန်ရက်ဖေ့ဘုတ်ရှိ အလင်္ကာစာပေဆု စာမျက်နှာတွင် ဝင်ရောက်ဆန္ဒမဲပေးနိုင်ပြီး စာဖတ်သူအကြိုက်အများဆုံးစာအုပ်များမှာ ဘာကြောင့် ဒီမိုကရေစီလိုချင်ရသလဲ (ဆရာ ဖေမြင့်)၊ ပြောချင်လွန်းလို့ (ဆရာ မောင်ဝံသ)၊ ဆိုင်းစုမှသည် မန်ဟိုင်းဆီသို့ (ဗိုလ်မှူးချုပ်ဟောင်း၊ ကျော်ဇော)၊ ဒေါမာန်ဟုန် ဗမာပြည် ဒီမိုကရေစီတိုက်ပွဲ (စံဝင်းမောင်နှင့် မင်းမျိုးနိုင်)၊ ဒေါ်အောင်ဆန်းစုကြည်အတွက် စာတစ်စောင် (မသီတာ-စမ်းချောင်း)တို့ ဖြစ်သည်ဟု သိရသည်။ **(၀၀၂)**



ပြင်ဆင်ဖတ်ရှုပါရန်
၂၁-၁-၂၀၁၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)ပါ YWCA မုန့်ဖုတ်အထူးသင်တန်းကြော်ငြာတွင် ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်မှ ၃၁ရက်အထိဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်မှန်
ရေးမြို့နယ်၊ အစင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်းတွင် ပညာသင်ကြားနေသော အဖ ဦးအောင်မင်း၏သမီး အမည်မှန်မှာ မခေတ်ခေတ်ဖူးအောင်ဖြစ်ပါကြောင်း။ **မခေတ်ခေတ်ဖူးအောင်**

၁၀၀% အောင်ချက်အကောင်းဆုံး စွမ်းဆောင်ပေးနိုင်သော
Better Tomorrow
EPS-TOPIK
(ကိုရီးယားလုပ်ငန်းခွင်) သင်တန်းကျောင်း

- ကိုရီးယားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ချင်သူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုပေးနိုင်သော EPS သင်တန်းကျောင်း။
- ပညာအရည်အချင်းမလိုဘဲ လစာ(၁၀)သိန်းအထက် ရရှိနိုင်သော အခွင့်အရေးကို လက်လွှတ်မခံဘဲ ကိုရီးယားဆရာကိုယ်တိုင် သင်ကြားသော EPS-TOPIK နှင့် ဆက်သွယ်ပြီး သွားကြပါစို့။
- EPS နှင့် Speaking တန်းခွဲသစ်များ ၅-၂-၂၀၁၄ ရက် နောက်ဆုံးထား၍ လက်ခံပေးနေပါသည်။

Co-Operative With Korea Social Education Center of Myanmar.
အမှတ်(၃၀)၊ ပထမထပ်၊ ဦးထွန်းလင်းခြံလမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph:01-512804, 09-43029256

သူကိုဒီလိုလုပ်စေချင်

စောမင်း

ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေဘုရားလမ်းထောင့် ဆူးလေခုံးကျော်တံတားဘေးရှိ ရှေးဟောင်း မြန်မာ့မီးရထားရုံးချုပ် . . .

ဂင်းအဆောက်အအုံမှာ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော် ရန်ကုန်မြို့၏အလယ်ဗဟိုတွင် အထင်ကရ တည်ရှိပြီး တန်ဖိုးမဖြတ်နိုင်သော ပုံစံ၊ မြေသယံဇာတထဲမှ ကျောက်သားနီနီရဲရဲတို့ဖြင့် အထပ်ထပ်တည်ဆောက်ထားသော ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအဆောက်အအုံကြီးပင် ဖြစ်ပါသည်။

မြန်မာ့မီးရထား ရုံးချုပ်ကြီးသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပင် ဖြစ်သည်။ တန်ဖိုးကြီးမားသော ထိုအဆောက်အအုံကြီးအား အကြီးစားမွမ်းမံခြယ်သ ပြုပြင်လျက် မြန်မာ့မီးရထားသမိုင်းပြတိုက်ကြီးအဖြစ် ဖွင့်လှစ်လုပ်ကိုင်စေလိုပါသည်။ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ဟန် ရှိခဲ့သော ရွှေနိုင်ငံတော်သည် စိန်တို့ဖြင့် မွမ်းမံခြယ်သလိုက်သကဲ့သို့ အဖိုးအနဂ္ဃ ထိုက်တန်သွားပါမည်။ အရှေ့တောင်အာရှမည်သည့်နိုင်ငံမှ မရှိခဲ့ မရခဲ့သော သမိုင်း ယဉ်ကျေးမှုအမွေအနှစ် မြန်မာ့မီးရထားသမိုင်းပြတိုက်ကြီးအဖြစ် ပေါ်ထွန်းလာပါလိမ့်မည်။

ထိုအဆောက်အအုံ၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းအသီးသီးတို့သည် ဗိုလ်တထောင်ကုန်သည်လမ်း မီးရထားရုံးချုပ်အသစ်၌ နေပြည်တော်သို့ မပြောင်းရွှေ့မီကာလထိ ရုံးစိုက်တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။

မီးရထားရုံးချုပ်နှစ်ခုစလုံးသို့ ပြောင်းရွှေ့သွားစဉ်ကတည်းက ပါသွားခဲ့သော ရှေးခေတ်ဟောင်း ကျောက်မီးသွေးလောင်စာဖြင့် မောင်းနှင်ရသော AO1 စက်ခေါင်း၊ ပန်းချီဆရာကြီး ဦးသောင်းဟန် ရေးဆွဲပေးသော ပထမဆုံးမီးရထား ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာပုံ၊ ၆ပေ × ၄ပေတစ်ချပ်၊ ၈ပေ × ၈ပေ တစ်ချပ် ဆီဆေးပန်းချီကားကြီးများပါ မူလ ပထမ မြန်မာ့မီးရထားရုံးချုပ်၊ မဝေးသောကာလ၌ ဖြစ်ပေါ်လာမည်ဖြစ်သော မြန်မာ့မီးရထားသမိုင်းပြတိုက်ကြီးဆီသို့ ပြန်လည်ထားရှိစေလိုပါသည်။ AO1 ရှေးဟောင်းစက်ခေါင်းအား ယခင်မူလနေရာ၌ပင် ခြောက်ပေခန့်မြင့်၍ ပြန်လည်ထားရှိလိုက်ပါ။ ခပ်ဝေးဝေးမှပင် မြင်နိုင်လေ့လာနိုင်ကြပါမည်။

မြန်မာ့မီးရထားဖြစ်တည်ကတည်းက သံမှုလီသံလမ်းသံပေါင်တို့မှအစ ကျောက်မီးသွေးဖြင့် မောင်းနှင်ရသော တရှူးရှူးတရှဲရှဲစက် ခေါင်းကြီးအဆုံး ပြသထားရပါမည်။ ခေတ် အဆက်ဆက် မီးရထားဝန်ထမ်းတို့၏ အကျီ ယူနီဖောင်း၊ ကိရိယာတန်ဆာပလာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ပြက္ခဒိန်၊ စာစောင်၊ အထွေထွေ အသုံးအဆောင်ပစ္စည်းများ၊ လက်မှတ်၊ လက်မှတ်စစ်ကိရိယာများ၊ အချက်ပြမီးအိမ်နှင့် ရန်ကုန်ဘူတာကြီး နံပါတ် (၁) ပလက်ဖောင်းပေါ်မှ သုံးပေခန့်ရှိ ရှေးဟောင်းနာရီမည်းမည်းကြီးများအဆုံး ပြသထားရပါမည်။ ဂင်းအပြင် ၁၉၉၀ ခုနှစ်တွင် မြန်မာ့မီးရထားက တာဝန်ယူ၍ ပထမဆုံးတည်ဆောက်ခဲ့သော မဟာဗန္ဓုလခုံးကျော်တံတား၊ မြို့တွင်းရှိ စတုဂံခုံးကျော်တံတား စသည့် တံတား၏ ပုံစံငယ်များကို အချက်များနှင့်ပါ တစ်ပါတည်း ပြသထားနိုင်ပါသည်။ အသစ်တည်ဆောက်ဖောက်လုပ်ခဲ့သော ရထားလမ်းပိုင်းများ၊ ပုဂံဘူတာပုံစံငယ်နှင့် သမိုင်းဝင်ခေတ်ပုံများ၊ မန္တလေးကျုံးပေါ်မှဖြတ်၍ နန်းမြို့ရိုးကို ဖောက်ထွက်ကာ နန်းမြို့ထဲဝင်သွားပုံ ပုံစံငယ်များနှင့်ပါ ပြသထားနိုင်ပါသည်။

"မြန်မာ့မီးရထား သမိုင်းပြတိုက်"၏ အဆောက်အအုံပတ်လည်တွင် ကားပါကင်လုပ်နိုင်သော မြေနေရာရှိသေးသည်။ ပြတိုက်ထဲ ဝင်ရောက်လေ့လာမည့်သူများထံမှ နိုင်ငံခြားငွေနှင့် မြန်မာကျပ်ငွေများ ရရှိပါလိမ့်မည်။ ထိုငွေဖြင့်ပြင် ပြင်သစ်နိုင်ငံထုတ် အဆင့်မြင့် ဒီဇယ်စက်ခေါင်းများ၊ ဂျပန်နိုင်ငံထုတ် အထက်တန်းတွဲ၊ ရိုးရိုးတန်း လူစီးတွဲများ ဝယ်ယူနိုင်မည်မှာ မလွဲမသွေဖြစ်ပါသည်။

မဝေးတော့သောကာလတစ်ခုတွင် မြန်မာ့မီးရထား၏တာဝန်၊ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုဖြင့် "မြန်မာ့မီးရထား သမိုင်းပြတိုက်ကြီး" ပေါ်ပေါက်လာပါစေဟု ဆန္ဒပြု ရေးသားလိုက်ရပါသည်။ ။

ရန်ကုန်မြို့၏ အလယ်ဗဟိုတွင် အထင်ကရ တည်ရှိပြီး တန်ဖိုးမဖြတ်နိုင်သော ပုံစံ၊ မြေသယံဇာတထဲမှ ကျောက်သားနီနီရဲရဲတို့ဖြင့် အထပ်ထပ်တည်ဆောက်ထားသော ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းအဆောက်အအုံကြီး

မဏိပူရ်ယဉ်ကျေးမှုအကအဖွဲ့ မန္တလေးအမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေ

မန္တလေး ဇန်နဝါရီ ၂၂

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်မှ မဏိပူရ်ယဉ်ကျေးမှုအကအဖွဲ့သည် ဇန်နဝါရီ ၁၈ရက် ည ၇နာရီက မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ ဖျော်ဖြေတင်ဆက်ခဲ့သည်။

သီဟကိုကို(မန္တလေး)

သန်းခေါင်စာရင်းကောက်ယူခြင်းအကြို စာစီစာကုံးပြိုင်ပွဲကျင်းပ

ကော့ကရိတ် ဇန်နဝါရီ ၂၂

ကရင်ပြည်နယ် ကော့ကရိတ်မြို့ အထက(၁)၌ ၂၀၁၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအကြိုစာစီစာကုံးပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါအကြိုစာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၂၁ ဦး စုစုပေါင်း ၃၆ ဦး ဝင်ရောက်ဖြေဆိုကြသည်။ ယင်းပြိုင်ပွဲတွင် ကော့ကရိတ်မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ် ဆရာ၊ ဆရာမများပူးပေါင်းကာ ကြီးကြပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဖားသားလဖုန်းကျောင်း (၁၆)ကြိမ်မြောက် အာစရိယပူဇော်

ချမ်းအေးသာစံ ဇန်နဝါရီ ၂၂

(၁၆)ကြိမ်မြောက် ဖားသားလဖုန်းကျောင်း အထက(၁၄) ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် ညနေပိုင်းက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် လမ်း(၃၀)၊ (၈၂)လမ်းနှင့် (၈၃)လမ်းကြား ဖူကျင်ကွမ်ရင်ဘုရားကျောင်းခန်းမ၌ ကျင်းပရာ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြသည်။

(မောင်ပြည်သူ)

ကိုးဘဲ့ရှိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း အကာခံယူပါ။

ကိုးဘဲ့ရှိပ်သာ၌ (၁) မြေ ... (၂)ကျောင်း ... (၃)သိမ် ... (၄)ဘုရား ... (၅) ... (၆) ...

KBZ Bank Account No. 070 12 100 73 753

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

(1st Year Business Management)
(MYANMAR NOBLE COLLEGE)

နှင့်

[3rd Year (English) Y.U.F.L]

... Sedona Hotel (Grand Ballroom) ... Silver Tiger Co., Ltd ... Sedona Hotel ... The Aces ... Sedona Hotel ...

စိတ်ပညာဓိသာရ အကြိမ်(၂၁)မြောက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ဘီ၊ မြေကွက်အမှတ်-၄၄/ကရေိယာ(၁. ၈၁၀) ဧက၏ အစိတ်အပိုင်း ပေ(၂၅×၈၀)၊ မြေကွက်တည်နေရာအမှတ်(၄၈၇)၊ သီရိရတနာလမ်း၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်၊ ဦးငြိမ်းအမည်ပေါက် B မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက် ဦးငြိမ်းထံမှ ပိုင်ဆိုင်ကြောင်းစာချုပ် လက်ခံအမှန်-၁၃၀၈/၉၁(၅-၉-၉၁)၊ အင်းစိန်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၂၆/၉၄၊ တရားမဇာရီမှုအမှတ် ၁/၉၆၊ အရောင်းအဝယ်စာချုပ်-၅၉၄၀/၉၇(၁-၁၂-၉၇)တို့ဖြင့် ပိုင်ဆိုင်သူ ဦးနိုင်ဝင်း[၁၂/အစန(နိုင်)၀၁၀၆၄၂]က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မီး သတိပြု

ကံ့ကော်ရွှေပြည်

B.A ,H.G.P , R.L,D.I.L , DMA, D.B.A(USA), Ph.D(Law)(USA)

မတ်လ

အစဉ်အလာကြီးမားသော ကံ့ကော်ရွှေပြည် မှ

၂၀၁၄ - ၂၀၁၅ ပညာသင်နှစ် တန်းခွဲများ

GSC ကျောက်မျက်သင်တန်းကျောင်း

Since - 1994

(Gemmological Association, UK ၏ တစ်ခုတည်းသော မြန်မာကျောင်းခွဲ)

- FGA (London) Diploma သင်တန်း
- ကျောက်မျက်သင်တန်း (တစ်လသင်တန်း)
- ကျောက်မျက်သင်တန်း (တစ်လသင်တန်း)
- FGA Diploma ...

သင်တန်းအသစ်စမည့်နေ့ (27 - 1. 2014)

PH : 09 500 2581, 09420 034 983

Chinese New Year
19-1-2014 / 29-1-2014
Personalized T Shirts, Promotional T Shirts, Corporate Polo Shirt
GM999 Co.,Ltd.
2 FREE IN ONE
Tel: 01-544576
09-420057999

AC-Express
Saloon Hi-Ace
09-49589782
09-49589764
09-421013999
09-421014999

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား/သူများအတွက်...

The Examination Guide

တက္ကသိုလ်ဝင်တန်း

မေးခွန်း(၅)စုံနှင့် စံပြအဖြေများ

ဂုဏ်ထူးဆောင်ကျွန်းစာပေ

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃/သမိုင်း)၊ မြေကွက်အမှတ်-၁၂/က၂/၂ ၊ ဧရိယာ(၀. ၁၄၁)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ တစ်စိတ်တစ်ဒေသဖြစ်သော တောင်ဘက်ခြမ်း(၄၂ပေ/၃၈ပေ×၉၂ပေ/၈၅ပေ) အကျယ်အဝန်းရှိ မြေပိုင်မြေ(B)အိမ်ရာမြေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ မြသီရိလမ်းသွယ်၊ အမှတ်(၁၀)ဟုခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်ခင်အုန်း[၁၂/ပဘတ(နိုင်)၀၁၂၇၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက်မှ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်သီတာအုန်း(စဥ်-၆၃၀၇)
တရားလွှတ်တော်ရှေ့နေ
တိုက်(၃၂)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ ၂၃လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့.
ဖုန်း-၀၉-၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ကံဘဲ့၊ မြေကွက်အမှတ်(၁၈)၊ မြေကွက်တည်နေရာအမှတ်(၁)၊ မင်္ဂလာလမ်း၊ (၁၆)ရပ်ကွက် ရန်ကင်းမြို့နယ်၊(ဒေါ်သန်းသန်း CJ-၀၃၀၇၄၇) အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းသန်း(မိခင်)နှင့် ဦးမြ(ဖခင်) ကွယ်လွန်သဖြင့် ဦးမောင်မောင်သိုက်[၁၂/ရကန(နိုင်)၀၅၄၄၀၆]၊ ဒေါ်ယုယုကြည်[၁၂/ဗတထ(နိုင်)၀၁၇၁၈၆]၊ ဒေါ်ခင်နှင်းသက်[၁၂/ဥကတ(နိုင်)၀၅၃၃၀၅]၊ ဦးမောင်မောင်ဘို [၁၂/ရကန(နိုင်)၀၅၃၉၂၉]တို့က သား၊ သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Global 8 Co.,Ltd
Real Estate & Legal Services

မြို့နယ်စုံရှိ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်ငှားနှင့် ဥပဒေရေးရာအဖြာဖြာကို ဆောင်ရွက်လိုပါက

အမှတ်-၉၄/၉၆၊ ၆-လွှာ၊ ဆိပ်ကမ်းသာအောက်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း -၀၉-၂၅၀၇၄၄၃၃၆

စာပေမြင့်မှ လူမျိုးတင့်မည်

Shitzu နှင့် Chihuahua

ခွေးသားပေါက် လှလှလေးများ ရောင်းရန်ရှိသည်။
Ph: 09-420016831

တစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဒု-ဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း)

ကြည်း-၁၁၂၇၂ D.S.A အမှတ်စဉ်(၉)

ဖေဖေ မိသားစုနှင့်ခွဲခွာသွားတာ ၂၃-၁-၂၀၁၄ရက်တွင် တစ်နှစ်ပြည့်ပြီဖြစ်သော်လည်း အမြဲတမ်းလွမ်းဆွတ်သတိရလျက်ရှိကြပါတယ်။ ဖေဖေ့အတွက် ရည်စူး၍ ပြုပြုသမျှသော ကုသိုလ်ကောင်းမှုများအား အမျှပေးဝေပါတယ်။

ဖေဖေ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး - **ဒေါ်သန်းသန်း**
ချစ်သမီးကြီး - **ဦးစောလင်းနိုင်ဝင်း-ဒေါ်ထားထားနု(ငယ်တာတာ)**
ချစ်သမီးလတ် - **ဦးသိန်းသန်းထိုက်-ဒေါ်ဆွေဆွေနု(ငယ်တာတူး)**
ချစ်သမီးငယ် - **ဒေါ်ခင်မိုးဖြူ(မွှေးတုံး)**
ချစ်မြေးများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမောင်ဖြူ(ခ)ဦးကျော်ဝင်း

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၂၉)၊ မဟာဗန္ဓုလလမ်းနှင့် (၂၇)လမ်းထောင့်နေ ဒေါ်ဘေဘီ(ခ) ဒေါ်ကော်ရှုလရားဒေဝီ၏ခင်ပွန်း၊ ကိုဇော်လွင်ဦး-မဇင်မာမြင့်၊ ကိုဇော်ဝင်းနိုင်၊ မရူပကလျာ၊ မသန္တာဝင်းတို့၏ဖခင်၊ မအိမ့်ရတီလွင်ဦး၏အဘိုး(R.N Enterprises Ltd)၏ ဒါရိုက်တာသည် ၂၀-၁-၂၀၁၄ရက်(တနင်္လာနေ့) နံနက် ၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

(Super Coffeemix)ကုမ္ပဏီမိသားစုနှင့် ဝန်ထမ်းများ

ဦးကျော်သန်း (၇၆)နှစ်
(ကျန်းမာရေးမှူး-ငြိမ်း)
အောင်ဆန်းကျန်းမာရေးသင်တန်းကျောင်း (ဂန့်ဂေါ)

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နေ (ဦးဘဘေ - ဒေါ်လှရင်) တို့၏သား၊ (ဗိုလ်မှူးဗစိန်-ဒေါ်ခင်မှု)တို့၏သားသမက်၊အမှတ်(၈၀)၊ စပါယ်လမ်း၊ (၄၇) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်ခင်မြင့်(အထပြ-ငြိမ်း၊ ထ-၃၊ အင်းစိန်)၏ ခင်ပွန်း၊ ဂန့်ဂေါမြို့နေ (ဒေါ်ခင်ကြည်)၊ (ဦးအုန်းမောင်-ဒေါ်လုံးတင်)၊ (ဒေါ်ခင်သီ) တို့၏မောင်၊ ဒေါ်ခင်မှီ-(ဦးကိုကို အေး)၊ဒေါ်ခင်မြင့်- (ဦးသန်းဝင်း)၊ ဒေါ်ခင်တင့်၊ ဦးသန်းလှ-ဒေါ်ငြိမ်းငြိမ်းအေး၊ ဦးစိုးတင့် - ဒေါ်သန်းသန်းနွယ်၊ Dr. ဦးအောင်မြင့်(USA) - Dr.ဒေါ်အေးအေးမေ(USA)တို့၏ အစ်ကို၊ ဦးအောင်မြင့်ဦး-ဒေါ်သင်းသင်းဦး(S'pore)၊ မနှင်းနှင်းအေး(Snow White Beauty Salon) တို့၏ဖခင်၊ မောင်သုတထက်ဦး (S'pore)၏အဘိုး၊ တူ/တူမ ၁၀ယောက် တို့၏ဘကြီးသည် ၂၁-၁-၂၀၁၄ ရက် မွန်းလွဲ ၁၂း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၄(ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးတင်ဝင်း (၅၈)နှစ်
(ဒိုက်ဦး)

ဒိုက်ဦးမြို့၊ မင်းလမ်း၊ အမှတ်(၆၂-၆၄)နှင့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့ နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ ကျောင်းလမ်း၊ အမှတ်(၃၄) နေ(ဦးရန်ရှင်း-ဒေါ်ညွန့်မေ)တို့၏ သား၊ ဒေါ်ငွေငွေရီ၏ခင်ပွန်း၊ ဦးဝင်းခိုင်-ဒေါ်နွယ်နွယ်ဦး (ပန်းအိမြိုင်)၊ Dr.နေဝင်း-ဒေါ်သန္တာခင်၊ဒေါ်အေးအေးခိုင်(အထက-၂၊ ဒိုက်ဦး)၊ Dr. အောင်သန်းခိုင်-Dr. ခိုင်ခိုင်ဝင်း၊ ဦးထွန်းထွန်းဦး-ဒေါ်မျိုးမျိုးသန့်(ခေတ္တ-K.L)၊ Dr.ညီညီ- Dr. ဆွေဇင်ဦးတို့၏ အစ်ကိုကြီး၊ မောင်ဟန်သော်ထက်၏ ချစ်လှစွာသောဖခင် ဦးတင်ဝင်းသည် ၂၁-၁-၂၀၁၄(အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော်ဦးစန္ဒောဘာသ
မင်္ဂလာဇေယျကျောင်းတိုက်၊ ကလွီကျေးရွာ၊ချောင်းဆုံမြို့နယ်
အထက(၆) မော်လမြိုင်၊ ကန်တော့ခံဆရာကြီး ဦးစံတင်
သိက္ခာတော်(၃၅)ဝါ၊ သက်တော်(၉၇)နှစ်

မွန်ပြည်နယ်၊ချောင်းဆုံမြို့နယ်၊ကလွီကျေးရွာ၊မင်္ဂလာဇေယျကျောင်းတိုက်၏ ကျောင်းထိုင်ဆရာတော် ဦးစန္ဒောဘာသသည် (၁၃၇၅ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ရက်)၂၁-၁-၂၀၁၄ (အင်္ဂါနေ့)နံနက် ၁း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ သောဘိတ
သိက္ခာတော်(၃၂)ဝါ၊ သက်တော်(၅၂)နှစ်

မန္တလေးမြို့၊ မန္တလေးတောင်အရှေ့ဘက်၊ စိတ္တသုခကျောင်းတိုက် နယ်လှည့်သာသနာပြုဆရာတော်သည် (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်) ၂၀-၁-၂၀၁၄(တနင်္လာနေ့) နံနက် ၂း၃၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဒါယကာ၊ ဒါယိကာမများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးရွှေသန်း(ငြိမ်း)(၆၇)နှစ်

(ရဲမှူး -ငြိမ်း)ကြည်း -၁၄၃၆၀

ဗိုလ်မှူးသက်ဇော်ထက်-ဒေါက်တာခိုင်နွယ်ဝင်း(လ/ထ ကထိက၊မြန်မာစာဌာန၊ကျောက်ဆည်တက္ကသိုလ်)တို့၏ဖခင် ဗိုလ်မှူးရွှေသန်း(ငြိမ်း)သည် ၁၈-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ(ဌာနမှူး)နှင့်ဆရာ၊ဆရာမများ
မြန်မာစာဌာန၊ကျောက်ဆည်တက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဆန်းနိုင်
အသက်(၃၉)နှစ်
(မြို့နယ်တိုင်းရင်းဆေးမှူး၊ ထန်းတပင်မြို့နယ်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၈၄၅)နေ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး) ဥက္ကဋ္ဌ သမားတော်ကြီး ဦးသောင်းနိုင်၏ သားသည် ၁၈-၁-၂၀၁၄(စနေနေ့)ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ ဆရာဦးဆန်းနိုင် ကောင်းရာသုဂတိ ရောက်ပါစေ။

သမားတော် ဦးမြင့်သောင်း(မိခင်)
သမားတော် ဦးကျော်ဒွဏ်း(ဂွတ္တလစ်)
သမားတော် ဦးကြည်မောင်(သာကေတ)
သမားတော် ဦးတင်ဦး(သုံးခွ)
မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း
ရန်ကုန်တိုင်းဒေသကြီး

ဝမ်းနည်းကြေကွဲခြင်း

SolaRiseSys Company ၏ Systems Engineering Department တွင် တာဝန်ထမ်းဆောင်နေသည့် Systems Engineer ဒေါ်ခင်အေးအေးဇင်၏ အဘွားဒေါ်စောကြူ အသက်(၈၁)နှစ်သည် ၁၈-၁-၂၀၁၄ရက် နံနက် ၄း၃၀ နာရီတွင် ကျောက်တန်းမြို့နယ်၊ ဆင်ကန်လမ်းမ၊ ဆင်ကန်မြောက်၊ အမှတ် (၇၉၀) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

MDနှင့်တကွ SolaRiseSysကုမ္ပဏီမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးလှကျော်(ခ)ဦးအော်ကုလား
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၆၀)၊ မကြီးကြီးလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်နီနီဝင်း(JATငြိမ်း)-ဦးကိုကိုကျော်တို့၏ ဖခင် ဦးလှကျော်(ခ)ဦးအော်ကုလားသည် ၁၄-၁-၂၀၁၄(အင်္ဂါနေ့)နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၂-၈၆ ဓာတုဗေဒ(ကြည့်မြင်တိုင် နယ်မြေ)မှ သူငယ်ချင်းများ

ဦးဆန်းနိုင်
အသက်(၃၉)နှစ်
(မြို့နယ်တိုင်းရင်းဆေးမှူး) (ထန်းတပင်မြို့နယ်)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ တိုင်းရင်းဆေးသမားတော်ကြီး ဦးသောင်းနိုင် (မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းရင်းဆေးဆရာအသင်း ဥက္ကဋ္ဌ)-ဒေါ်ခင်သိန်းတို့၏ သား ဦးဆန်းနိုင်သည် ၁၈-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာခင်မောင်ထွန်း(ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)-ဒေါ်ဥမ္မာသန်း(ထက်လင်းတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမိသားစု)

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာကြည်မြင့်
အသက်(၅၂)နှစ်
(ညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန)

ပိတောက်အိမ်ရာ၊ တိုက်(၇၀၁)၊ အခန်း(၁၂)နေ[ဒေါ်ခင်ပပဝင်း(စိုက်ပျိုးရေး ဦးစီးဌာန)]၏ခင်ပွန်း၊ မဝင်းဖြူစင်(သတ္တမတန်း၊ အထက-၅၊ နေပြည်တော်)၏ဖခင် စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါက်တာကြည်မြင့်သည် ၁၈-၁-၂၀၁၄ရက် နံနက် ၉း၁၅နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြတ်သူ-ဒေါ်ကေခိုင်ရွှေ
မြတ်အိန္ဒြေGroup of Companies

ဦးအုန်းမောင် အသက်(၈၀)
(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း-ငြိမ်း)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ် ကွက်၊ လမ်းသစ်ရိပ်သာ၊ တိုက်(၄)၊ အခန်း(၁၅)နေ (ဦးကျော်သိန်း-ဒေါ်ကြွေ)တို့၏သား၊ ဒေါ်ခင်ခင်ဦး (ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း-ငြိမ်း)၏ ခင်ပွန်း၊ ဦးကျော်စိုးလှိုင်-ဒေါ်မြမြထွန်း (ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန)တို့၏ ချစ်လှစွာသောဖခင်၊ မဆုရတနာထွန်း (အထက-၂၊ လသာ)၊ မောင်ကောင်းဇေယျာလင်း (အလက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသော အဘိုးသည် ၂၀-၁-၂၀၁၄(တနင်္လာနေ့) ည ၁၁း၄၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၁-၁-၂၀၁၄ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၁-၂၀၁၄ (တနင်္ဂနွေ နေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်လှ
အသက်(၈၃)နှစ်

သူငယ်ချင်း ဒေါက်တာခင်ရွှေ(BVS)- ဒေါ်အိအိခင်တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကျင်လှ အသက်(၈၃)နှစ်သည် ၂-၁-၂၀၁၄(ကြာသပတေးနေ့)နံနက် ၄း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၅ Batch BVS သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးသာစိန်မောင်(စစ်တွေ)
အသက်(၅၆)နှစ်

ရခိုင်ကမ်းရိုးတန်း ကုန်ပို့သူများကော်မတီဝင် ဦးသာစိန်မောင်သည် ၁၇-၁-၂၀၁၄ရက် ညနေ ၃း၅၅နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယအထူးကုဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါသည်။

ရခိုင်ကမ်းရိုးတန်းကုန်ပို့သူများကော်မတီ(ရန်ကုန်မြို့)

အထူးဝမ်းနည်းကြေကွဲနှမြောတသခြင်း
ဦးမျိုးအောင်
တွဲဖက်အတွင်းရေးမှူး(၁) မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများ ဆိုင်ရာဝန်ဆောင်သူများအသင်း
အသက်(၅၂)နှစ်

မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများဆိုင်ရာဝန်ဆောင်သူများအသင်း တွဲဖက်အတွင်းရေးမှူး(၁) ဦးမျိုးအောင် အသက်(၅၂)နှစ်သည် ၁၉-၁-၂၀၁၄ရက် မွန်းလွဲ ၁း၂၀နာရီ တွင် ရန်ကုန်မြို့ S.S.C ဆေးရုံ၌ ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်သူများ အသင်းအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့်အတွက် လွန်စွာနှမြောတသဖြစ်ရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံအကောက်ခွန်လုပ်ငန်းများဆိုင်ရာဝန်ဆောင်သူများအသင်း

ဝမ်းနည်းကြေကွဲခြင်း
ဦးဆန်းနိုင်(မြို့နယ်တိုင်းရင်းဆေးမှူး)
ထန်းတပင်မြို့နယ် တိုင်းရင်းဆေးကုဌာန
အသက်(၃၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နေ ဒေါ်ခင်သီဂီစိုး၏ခင်ပွန်း၊ မသဲဆုအေး(အထက၊ ထန်းတပင်)၏ မွေးသဖခင် ဦးဆန်းနိုင်(မြို့နယ်တိုင်းရင်း ဆေးမှူး)သည် ၁၈-၁-၂၀၁၄(စနေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တိုင်းဒေသကြီး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ
တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး

ဝမ်းနည်းကြေကွဲခြင်း
ဦးဆန်းနိုင်(မြို့နယ်တိုင်းရင်းဆေးမှူး)
ထန်းတပင်မြို့နယ် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း
အသက်(၃၉)နှစ်

သမားတော်ကြီး ဆရာကြီး ဦးသောင်းနိုင်(ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း)၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နေ ဒေါ်ခင်သီဂီစိုး၏ ခင်ပွန်း၊ မသဲဆုအေး(အထက၊ ထန်းတပင်)၏ မွေးသဖခင် ဦးဆန်းနိုင်(မြို့နယ်တိုင်းရင်း ဆေးမှူး)သည် ၁၈-၁-၂၀၁၄(စနေနေ့)ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း

ဝမ်းနည်းကြေကွဲခြင်း

၁၉-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားသော(ချန်ပီယံကြက်တောင်အသင်း)မှ ဦးခင်မောင်လတ်(ခ)ကိုလတ်အား မိသားစုများနှင့်ထပ်တူ ကြက်တောင်သူငယ်ချင်းများမှ အထူးဝမ်းနည်း ကြေကွဲရပါကြောင်း။

ချန်ပီယံကြက်တောင်အသင်းမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးစိန်မောင်(ရွှေဘို)
အသက်(၇၉)နှစ်
လဝကမှူး(ငြိမ်း)

မန္တလေးမြို့နေ ဒေါ်ညိုညို၏ ခင်ပွန်း ဦးစိန်မောင်(ရွှေဘို)ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

(ဟာဂျီဦးသောင်းမြင့်)-ဟာဂျီမဒေါ်ခင်မေချစ် (ရန်ကုန်)

ဘုရား၊ရဟန်း၊ကျောင်း၊ဒါယိကာမကြီး
ဒေါ်ချိုချိုမာ (၅၁)နှစ်

ရန်ကုန်မြို့နေ [ဗိုလ်ကြီးထွန်းငွေ (ငြိမ်း)-ဒေါ်ကြင်ခိုင်]တို့၏ သမီး၊ ဗိုလ်မှူးကြီးသက်ဝေ(ငြိမ်း)-ဒေါ်တင်လေးလှ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ အေဝမ်းခြံလမ်း၊ အမှတ်(၁၄၈/BB)နေ ဦးတင်ကျော်ဝေ (2nd mate F.G)(UNITEAM) ၏ဇနီး၊ ဦးဟိန်းစိုး(ဒါရိုက်တာ)-(ဒေါ်သန်း နွဲ့)-ဒေါ်သဇင်အေး၊ ဒေါ်ညိုညိုဝင်း(စိုက်ပျိုးရေးဦးစီးဌာန)-ဦးနေလင်းထွန်း၊ ဒေါ်ချိုချိုဝင်း-ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)၊ ဦးပြည့်စုံ-ဒေါ်ရီ ရီမြင့်တို့၏ညီမ၊ ဦးမျိုးချစ်(မျိုးမြန်မာ ဘုရင့်နောင်)-ဒေါ်ခင်ဝင်းမြင့်၊ (ဦးရဲမင်း-ဒေါ်တင်မာဝေ)၊ ဦးစောမင်းထွန်းတို့၏ အစ်မ၊ မောင်တင်ဝေယံဦး (PTTEP. Co)၊ မောင်တင်လင်းဝေတို့၏မိခင်သည် ၂၂-၁-၂၀၁၄ရက် နံနက် ဝ၀း ၀၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၄(သောကြာ နေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ကိုကြည်လွင် (၄၄)နှစ်
B.Sc (Physics)
(အထက-၁၊ ဗိုလ်တထောင်) ကျောင်းသားဟောင်း

ရန်ကုန်မြို့ သာကေတမြို့နယ်၊ ၃/ရန်ပြေ၊ (၁၆)လမ်း(အနောက်)၊ အမှတ်(၅/ခ)နေ (ဦးမောင်ညွန့်)-ဒေါ်ဖွားကျင် တို့၏ သား၊ ဒေါ်အေးအေးမာ၊ ဦးမောင်မောင်ဦး-ဒေါ်သန်းသန်းငွေ၊ ဦးမျိုးလွင်၊ မမြင့်မြင့်ခိုင်တို့၏ ညီ/မောင်၊ (ကိုမျိုးကျော်)၊ ကိုကျော်ကျော်မြင့်-မမိုးမိုးဝင်း၊ မဥမ္မာညွန့်ထွေးတို့၏အစ်ကို၊ မောင်ဇင်ကိုကိုဇော်(တ-နှစ်၊ စီးပွားရေးတက္ကသိုလ်)၊ မအိမ့်ချစ်စု (Grade 6-A၊ အထက-၂၊ ဗိုလ်တထောင်)တို့၏ချစ်လှစွာသော ဦးလေးသည် ၂၁-၁-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန် သွားပါ၍ ၂၅-၁-၂၀၁၄ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြတ်သွင်(စစ်ကိုင်း)
အသက်(၈၃)နှစ်

ဗိုလ်မှူးကိုကိုအောင်-ဒေါ်အိအိခင်တို့၏မိခင်သည် ၁၉-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၅)မှ
ကျောင်းဆင်းဖက်သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဦးကေခေါ်(ခ)ဦးတော်မီ
အသက်(၆၈)နှစ်

မြစ်ကြီးနားတက္ကသိုလ်၊ ဓာတုဗေဒဌာနမှ သရုပ်ပြ ဒေါ်ခေါ်ယုံ၏ဖခင် ဦးကေခေါ်(ခ)ဦးတော်မီသည် ၂၀-၁-၂၀၁၄ရက် နံနက် ၆း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Dr.နီလာထွန်း(ပါမောက္ခ/ဌာနမှူး)နှင့်
ဆရာ/မများ၊ ဓာတုဗေဒဌာန
မြစ်ကြီးနားတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း
မိုဟာမက်ဟာရွန်(ခ)ဦးတင်လှ (ဂေါ်ပြား)
အသက်(၆၇)နှစ်

၁၀-၁-၂၀၁၄ (သောကြာနေ့)တွင် အလ္လာဟ်သျှင်မြတ်၏ အမိန့်တော်ခံယူသွားသည်ကို သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

L.Haj ဦးတင်ထွေး- L.Haj ဒေါ်နုနုမေ
သားကျော်ကြီး၊ သာပေါ်၊ ပေါက်ပေါက်
(စန္ဒာ-စာအုပ်နှင့်စာရေးကိရိယာ)
ပြင်ဦးလွင်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမောင်မောင်ကြီး
အသက်(၆၁)နှစ်
ပါမောက္ခ၊ဌာနမှူး(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်

ဆရာကြီးသည် ၂၀-၁-၂၀၁၄(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် အစားထိုးမရနိုင်သည့် သတ္တဗေဒပညာရှင်တစ်ယောက်ဆုံးရှုံးမှုအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သတ္တဗေဒမိသားစု
တောင်ငူတက္ကသိုလ်

ဒေါ်သီ(ခ)ဒေါ်ပိုးတီ(မြိတ်)
အသက်(၈၉)နှစ်

မြိတ်မြို့ နောက်လယ်ရပ်၊ (၁)လမ်းနေ (ဦးခိုင်ရာ-ဒေါ်ဟိန်း)တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးဘစန်)-ဒေါ်ကြူဝါတို့၏ အစ်မ၊ အမှတ်(၁၂၁)၊ ဘုန်းကြီးလမ်း၊ မြေညီထပ်၊ လမ်းမတော်နေ (ဦးနီ)၏ဇနီး၊ ဒေါ်ဟုရင်း(ခေတ္တ-H.K) ဒေါ်ဟုလိန်း၊ (ခေတ္တ-H.K) ဦးရှင်စုံ(ခေတ္တ-Japan)၊ (ဦးတင်ဝင်း)၊ ဦးအရှန်-Dr. ဒေါ်မြဝင်း (ခေတ္တ-ပြင်သစ်)၊ ဦးချစ်မောင်-ဒေါ်စန္ဒာဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ တူ/တူမ ခုနစ်ယောက်တို့၏အဒေါ်၊ မောင်ဝေယံချစ်မောင် (2nd M.B.U.M.1)၊ မောင်ကောင်းမင်းချစ်မောင် (Grade-X၊ ဒဂုံ-၁)တို့၏အဘွားသည် ၂၁-၁-၂၀၁၄ ရက် မွန်းလွဲ ၂း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊တံတား၊
တံတိုင်း ဒါယကာကြီး
ဦးကျော် (၇၈)နှစ်
လက်ကီးဆဲဗင်းအိမ်ဆောက်ပစ္စည်း
ရောင်းဝယ်ရေး(သန်လျင်)

ခရမ်းမြို့နယ်၊ ကမာမက်စ်ပြကျေးရွာနေ (ဦးဘိုးနှစ်-ဒေါ်ရွှေ)တို့၏ သား၊ (ဦးဖိုးစု-ဒေါ်ပု)တို့၏ သားသမက်၊ သန်လျင်မြို့ အမှုထမ်းရပ်ကွက်၊ မြတ်လေးလမ်း၊ အမှတ်(၂)နေ ဒေါ်ရင်စိန်၏ ခင်ပွန်း၊ မအေးသိန်း၊ ကိုဝင်းအေး-မမြင့်မြင့်မော်၊ မသန်းသန်းဆွေ(ဒု-ဦးစီးမှူး၊ တောင်ပိုင်းခရိုင်ပညာရေးမှူးရုံး)၊ ကိုတင့်လွင်၊ ကိုတင့်ဝေ၊ မအေးအေးသန်း၊ ကိုကျော်သက်-မခင်အေးမူ၊ မယဉ်ယဉ်အေး၊ မခိုင်ခိုင်သူတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးကျော်သည် ၂၁-၁-၂၀၁၄(အင်္ဂါနေ့) ၇း၃၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါ နေအိမ်မှ အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အေးမြင့် (၈၂)နှစ်

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ်(၃၆၆)နေ (ဦးဘရွှေ-ဒေါ်သန်းမေ)တို့၏သမီးကြီး၊ ဦးအေးမောင်၏ဇနီး၊ ဦးမျိုးမြင့်၊ (ဦးတင်ထွန်းအောင်-ဒေါ်ယဉ်ယဉ်နု)၊ (ဦးအောင်ကျော်မြင့်)-ဒေါ်အေးအေးအောင်၊ ဦးဟင်နရီ-မသန်းသန်းအေးတို့၏မိခင်၊ မကေခိုင်ကျော်၊ မအေးမို့မို့အောင်တို့၏အဘွားသည် ၂၂-၁- ၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၅နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၄(သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၄ (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးရွှေမင်း (၇၈)နှစ်
လ/ထဆိပ်ကမ်းမှူး(ငြိမ်း)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး(တောင်)ရပ်ကွက်၊ ပိန္နဲကုန်းလမ်း၊ အမှတ်(၉)နေ (ဦးသန်းတင်မောင်-ဒေါ်အမာပု)တို့၏ သား၊ ဒေါ်သန်းဝင်း၊ ဦးအေးကို၊ (ဦးစိုးတင့်)-ဒေါ်ခင်သန်းလွင်၊ ကိုနိုင်၊ ဦးကျော်မြင့်-ဒေါ်တင်တင်ငွေ [အထူး(၁) ဆောက်လုပ်ရေး-ငြိမ်း]၊ ဦးဇော်ဝင်းတို့၏မောင်/ညီ/အစ်ကို၊ ဒေါက်တာခင်သီတာ(ကထိက၊ သမိုင်းဌာန YU)၊ မောင်သူရိန်စိုး၊ မောင်သူရစိုး-မအေးအေးချို၊ မအေးအေးမိုး၊ မောင်ဖြိုးသူကျော်၊ မအေးမို့မို့ကျော်တို့၏ ဘကြီး၊ မောင်မြတ်သူကို (G-10၊ ကျောက်တံတား)၊ မောင်ကျော်မြတ်သာ (G-5၊ အထက-၄၊ မင်္ဂလာတောင်ညွန့်)တို့၏ အဘိုးသည် ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၄၅နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၄ (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဝင်းမောင် (၇၄)နှစ်
ကုန်သွယ်လယ်ယာ/ပရိုဂျက်(ငြိမ်း)
(ကျောက်ဖြူအသင်းဝင်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်၊ ရေကျော်၊ အိမ်ကြီးလမ်း၊ အမှတ် (၂၈)၊ ပထမထပ်နေ (ဦးတက်နီအောင်-ဒေါ်စိန်ဦး)တို့၏သား၊ ဒေါ်ခိုင်ခိုင်-(ဦးဘရင်)၊ ဒေါ်မြိုင်မြိုင်၊ ဒေါ်ထားခင်၊ ဒေါ်လှကြည်တို့၏မောင်၊ (ဦးမောင်ကြီး)၊ ဦးစိုးဝင်း-ဒေါ်ခင်စန်းမြင့်၊ (ဦးစိန်ဝင်း)-ဒေါ်ခင်မြင့်အေး၊ ဦးသန်းထွန်း-ဒေါ်အေးအေးတို့၏ညီ၊ တူ/တူမ ၁၆ယောက်တို့၏ ဦးလေး၊ မြေး ၁၆ ယောက်တို့၏အဘိုးသည် ၂၂-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၂း၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၄ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်နှင့် ကျောက်ဖြူအသင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဒါယကာကြီး
ဦးထွန်းရီ (၇၁)နှစ်
(ဆောက်လုပ်၊ ပုံဆွဲ၊ ဗိသုကာ၊ အင်ဂျင်နီယာ)

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်၊ (ဇ/မြောက်)ရပ်ကွက်၊ ပွဲ့ရှင်လမ်း၊ အမှတ် (ဆ/၂၇၈)နေ (ဦးရီဝင်းစံ-ဒေါ်စန်းကြည်)တို့၏သား၊ (ဦးအောင်သိန်း)-ဒေါ်မြကြည်တို့၏တူ၊ ဦးထွန်းမင်း-ဒေါ်ကြည်ကြည်စံ၊ ဦးကိန်း-ဒေါ်စိန်စိန်မြင့်၊ ဦးရန်ရှင်းအောင်-ဒေါ်သန်းအေး၊ ဦးကျော်မျိုးလွင်-ဒေါ်ဂျက်စီကာ၊ ဦးဝင်းထွဋ်အောင်-ဒေါ်မာလာထွန်းတို့၏အစ်ကို၊ ဒေါ်အေးအေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်ဇင်ထွန်း-ဒေါ်မြတ်မဥ္ဇူ၊ ဦးဖြိုးမောင်မောင်၊ ဒေါ်သန္တာလှိုင်၊ ဦးနေလင်းသူ-ဒေါ်ခိုင်သဇင်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်အောင်ဘုန်းမြတ်ထွန်း၊ မတာရာနေလင်းတို့၏ အဘိုးသည် ၂၁-၁-၂၀၁၄ (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တံတိုင်း ဒါယိကာမကြီး
ဒေါ်အေးကြွယ် (၁၀၄)နှစ်

မူဒုံမြို့နယ်၊ တော်ကူးစံပြကျေးရွာနေ (ဦးစံဝေ)၏ဇနီး၊ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်၊ ဧရာ (၆)လမ်းနေ (ဦးအောင်ညွန့်-ဒေါ်စိန်မြ)၊ ကြံတောကျေးရွာနေ ဦးသောစကာ(ခ)ဦးအောင်သိန်း-(ဒေါ်ပန်)၊ ဘုရားသုံးဆူမြို့နေ (ဦးမြအောင်-ဒေါ်ညွန့်)၊ ဦးမောင်အောင်-ဒေါ်ငွေးတင်၊ ဦးတင်အေး-ဒေါ်သိန်းတင်၊ ရန်ကုန်မြို့ တာမွေမြို့နယ်၊ စက်မှုလက်မှု(၂)လမ်းနေ ဦးကြည်အေး-ဒေါ်အုန်းတင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၄၅ယောက်၊ မြစ် ၇၀ယောက်၊ တီ ၁၁ယောက်တို့၏အဘွားသည် ၂၁-၁-၂၀၁၄ (အင်္ဂါနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တော်ကူးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၄(တနင်္ဂနွေနေ့)တွင် အမှတ်(၂၅)၊ မြသီတာလမ်း၊ တော်ကူးကျေးရွာနေ ဦးတင်အေး-ဒေါ်သိန်းတင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးဟုတ်ကြိုင်(ခ)ဦးဖိုးခွေး
အသက်(၇၀)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၁၂)၊ မြေညီထပ်နေ ဒေါ်ကျင်ရွှေ၏ခင်ပွန်း၊ ဦးစုစွမ်း-(ဒေါ်ကောက်ပို့)တို့၏မောင်၊ ကိုမျိုးလင်းဦး-မခင်မိုးနိုင်၊ မခင်စန္ဒာလွင်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၁၄(အင်္ဂါ နေ့) ည ၉း၄၀နာရီတွင် နှင်းဆီကုန်း နား၊ နှာခေါင်း၊လည်ချောင်းနှင့် အထွေထွေရောဂါကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်အမာဂျန်(ခ)ဒေါ်လှလှကြည်(ဗဟိုစည်) (၅၃)နှစ်

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၂၆၈)၊ ခြောက်လွှာနေ (ဦးမောင်စိန်-ဒေါ်မေကြိုင်)တို့၏ သမီးထွေး၊ (ဟာဂျီဦးတင်ရွှေ)-ဟာဂျီမဒေါ်သန်းရွှေ၊ (ဦးဝင်းတင်)-ဒေါ်နှင်းရီ၊ ဦးဖေသန်း-ဒေါ်သိန်းမေ၊ ဦးကိုကိုကြီး-ဒေါ်တင်တင်ရီတို့၏ချစ်လှစွာသောညီမသည် ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ ဇုဟိုရ်နမာဇ်အပြီး ရေဝေးစွန်နီကာဘရ်စတန်ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ညိုညိုစိန်(ခ)ရဟီမာဘီ (၅၃)နှစ်
(KMG သံထည်ပစ္စည်းရောင်းဝယ်ရေး)

(ဦးဆန်နီ-ဒေါ်သန်းတင်)တို့၏ သမီး၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၇၂)၊ လိပ်ကန်လမ်းနေ ဦးခင်မောင်ကြီး၏ဇနီး၊ စိုးမင်းထွန်း၊ အေးမင်းထွန်း၊ အေးသီရိထွန်းတို့၏မိခင်၊ ဦးနေအေး၊ ဒေါ်ဆန်းဆန်းနီ၊ ဒေါ်သန်းနီငွေးတို့၏ ညီမသည် ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၈း၄၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတင်ဦး (၈၆)နှစ်
ကျောင်းဆရာ(အငြိမ်းစား)
အထက(၃) သာကေတ

ရန်ကုန်မြို့လှိုင်မြို့နယ်၊ (၄)ရပ်ကွက် ဘုရင့်နောင်လမ်း၊ ရတနာသစ်အိမ်ရာ၊ တိုက်(ခ)၊ အခန်း(၇)နေ (ဦးဘိုးစိန်-ဒေါ်အေးစိန်)တို့၏သား ဒေါ်တင်နု၏ ခင်ပွန်း၊ (ဦးတင်လှိုင်)-ဒေါ်မြင့်မြင့်ညို၊ (ဦးစောသိန်း)-ဒေါ်မြင့်မြင့်စိန်၊ (ဦးမြသန်း)-ဒေါ်ကြည်ကြည်စိန်တို့၏အစ်ကို၊ ဦးသောင်းကျော်ဦး(EMP-Co., Ltd.)-ဒေါ်ဇင်မာကြွယ်၊ ဒေါ်ယဉ်ယဉ်ဦး (လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း)၊ ဒေါ်မြမြဦး (အထက-၄၊ တာမွေ)၊ ဒေါ်ညိုညိုဦး (Best Luck Co., Ltd.)၊ ဒေါ်စီစီဦး (ဒု-ဦးစီးမှူး၊ အရှေ့ပိုင်းခရိုင်ပညာရေးမှူးရုံး)၊ ဦးအောင်မျိုးဦး-ဒေါ်သင်းသန္တာရွှေ (ခေတ္တ-စင်ကာပူ)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၁၄(အင်္ဂါနေ့) ည ၇း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ခင်အုန်းရီ (၅၈)နှစ်
(ကျောက်တံခါးမြို့နယ်အသင်း၊ရန်ကုန်)

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်နေ (ဦးအောင်ဒိုး-ဒေါ်ညွန့်)တို့၏ သမီးထွေး၊ (ဦးစံရ-ဒေါ်ကျင်ရွှေ)တို့၏ သမီးချွေးမ၊ (ဦးပု)-ဒေါ်မြရီ၊ (ဦးအောင်ညွန့်)-ဒေါ်ကျင်ရွှေ၊ ဒေါ်ပု၊ (ဦးတိုးညွန့်)-ဒေါ်ပန်၊ ဦးတင်ဝင်း-ဒေါ်မြသိန်း၊ ဦးချစ်သိန်း-ဒေါ်လှနွဲ့၊ (ဦးသောင်းတင်)-ဒေါ်စန်းကြည်၊ ဦးခင်မောင်နိုင်-(ဒေါ်ခင်အုန်းမြင့်)တို့၏ ညီမ၊ ကိုအေးမင်း-မသီတာချို၊ ကိုကျော်ကျော်-မမိုးမိုးလွင်၊ မတိုးတိုးလွင်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မမိုးပွင့်ဖြူ မောင်အာကာဘုန်းမြတ်၊ မချစ်ခွန်းချိုတို့၏အဘွား၊ (ဦးဖုန်းလွင်)၏ချစ်လှစွာသောဇနီးသည် ၂၂-၁-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၄ ရက် မွန်းတည့် ၁၂နာရီတွင် ကြည်စုသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ်(၃၂၇)၊ (၁၉)ရပ်ကွက်၊ ပုလဲလမ်း၊ ဒဂုံမြို့နယ်(တောင်ပိုင်း) နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
နော်ဟယ်လင်းစိန်ဒွေး
(ဖီးဘော်ဘော်)
Piano Teacher
အသက်(၆၄)နှစ်

ရန်ကုန်မြို့ အလုံမြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၄၁၆)နေ (ဦးစောရွှေခိုင်-နော်ပိုးဖြူ)တို့၏သမီးကြီး၊ နော်ဘေဘီယန်စိန်ဒွေး၏အစ်မ၊ အင်းစိန်မြို့နယ်၊ နံ့သာမြိုင်(၃)လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အမှတ်(၂၃၄)နေ (ဦးစောစတီဗင်မင်း)၏ဇနီး၊ နော်ခွယ်ဖောမင်း (International School Yangon)-ကိုအေးနိုင်၊ နော်မူးဖော်မင်း (International School Yangon)၊ နော်ဝါးဖောမင်း၊ စောလောကပရူမင်း (Sedona Hotel)-နော်ဂေးအယ်ဘဲ့တို့၏ ချစ်လှစွာသောမိခင်၊ စောနီးလ်ထက်နိုင်၊ စောရိုင်ယန်သက်နိုင်၊ စောဒက်စမန်ထူးနိုင်၊ နော်ဂေးလဲဘဲ့မင်း၊ စောနေမူးသောမင်းတို့၏ ချစ်လှစွာသောအဘွားသည် ၂၂-၁-၂၀၁၄ရက် ညနေ ၃း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၅-၁-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ဗင်တန်အလုံးနှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ဝေဝေအုန်း(ပုသိမ်) (၆၁)နှစ်

ပုသိမ်မြို့နေ (ဦးခင်မောင်အုန်း-ဒေါ်အုန်း)တို့၏ သမီး၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ လင်းလွန်တောင်ရပ်ကွက်၊ အမှတ်(၆၂)သုံးလွှာ၊ ရွှေလောင်းလမ်းနေ (ဦးဇော်ဝင်း)၏ဇနီး၊ ဦးရဲမြင့် (အလုပ်သမားဝန်ကြီးဌာန၊ ညွှန်မှူး-ငြိမ်း)-ဒေါ်ဆွေဆွေဝင်း(အလပြ၊ ၃၊ဒဂုံ-ငြိမ်း)၊ ဒေါ်ဆွေဆွေအုန်း (ပြည်တွင်းအခွန်-ငြိမ်း)၏ညီမ၊ ဦးရဲရင့်-ဒေါ်လှဲ့လှဲ့အုန်းတို့၏အစ်မ၊ မအိအိဇော်ဝင်း(ကျိုက်ထိုဟိုတယ်၊ ရန်ကုန်ရုံးချုပ်)၊ မသီရိဇော်ဝင်း (ကမ္ဘောဇဘဏ်၊ ကျွန်းတောဘဏ်ခွဲ)တို့၏မိခင်သည် ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ နန္ဒိမာ
စစ်ကိုင်းတိုင်းဒေသကြီး သံဃာ့ဝန်ဆောင်နာယက
အင်းတော်မြို့နယ်၊ ပင်သခြေရွာကျောင်း ပဓာနနာယက
သိက္ခာတော်(၄၁)ဝါ၊ သက်တော်(၆၁)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့နယ်၊ ပင်သခြေရွာကျောင်း ပဓာနနာယက၊ တိုင်းဒေသကြီး သံဃာ့ဝန်ဆောင် လဇ္ဇီပေတလ သီလဝန္တ သိက္ခာကာမ ဂရုဓမ္မဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ နန္ဒိမာ မထေရ်မြတ်သည် (၁၃၇၅ ခုနှစ်၊ ပြည်သိုလပြည့်ကျော် ၆ရက်) ၂၁-၁-၂၀၁၄(အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (ပြာသိုလပြည့်ကျော် ၁၂ ရက်) ၂၇-၁-၂၀၁၄ (တနင်္လာနေ့)တွင် နိဗ္ဗာန်ကျောင်းတင်အခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။(အန္တိမစျာပနရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာတော်များနှင့်
ပင်သခြေရွာ ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မဟုံ(ကျူကဒတ်) (၈၇)နှစ်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ ကျူကဒတ်စံပြကျေးရွာနေ ဦးဆပ်ပေါင်-ဒေါ်ဖွားကြီးတို့၏သမီး၊ (ဦးလှတင်)၏ဇနီး၊ (ဦးအောင်မြင့်)၊ ဦးအောင်တင့် (အမှုဆောင်၊ ဘူမိရူပဗေဒအရာရှိ၊ MQGE)-ဒေါ်မြကြည်၊ ဦးမောင်ငွေး-ဒေါ်တင်တင်နွယ်၊ ဦးအောင်မျိုးလွင်-ဒေါ်စုစုကြည်၊ (ဦးသိန်းဝင်း)-ဒေါ်သီသီလွင် (ပန်းသဇင်ထိုက် ပုလဲနှင့်ရတနာဆိုင်၊ ဗိုလ်ချုပ်ဈေး)၊ ဦးသက်နိုင်ထွန်း-ဒေါ်နွယ်နီအေးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၄ယောက်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်မဟုံသည် ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၁၅နာရီတွင် ရန်ကုန်မြို့ ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ [အခန်း ၁၀၀၁၊ မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ ဦးဖိုးကျားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးသက်နိုင်ထွန်း-ဒေါ်နွယ်နီအေး နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါက်တာဒေါ်ခင်စောမြင့် (Linda San) (၇၄)နှစ်
M.B.,B.S.(Rgn.) D.C.H (Glasgow)
ကလေးအထူးကုဆရာဝန်ကြီး(ငြိမ်း)

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ပြည်လမ်း၊ ခုနစ်မိုင်၊ ကုန်းမြင့်ရိပ်သာ၊ အမှတ်(၃၂/က)နေ (ဦးကံစန်-ဒေါ်ကျင်ရီ)တို့၏သမီးကြီး၊ (ဦးကျော်နိုင်-ဒေါ်ကျင်စိန်)တို့၏ သမီးချွေးမ၊ (ဒေါက်တာဦးခင်မောင်ဦး)၏ဇနီး၊ ဒေါ်ခင်လှမြင့်(ဝမ့်ဝမ့်မုန့်မျိုးစုံ)၊ ဦးခင်မောင်ယု(ညွှန်/မှူး-ငြိမ်း၊ဆည်မြောင်း)-ဒေါ်အေးအေးလင်း၊ (ဦးတင်မောင်ယု)-ဒေါ်ကြည်ကြည်မြင့်တို့၏အစ်မ၊ ဒေါက်တာဦးဉာဏ်လင်း (Melbourne Hospital, Australia)-ဒေါ်ချောစုဝေတို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာသီဟန်လင်း၊ မယုဝါအေးတို့၏ကြီးကြီးသည် ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) ဩစတြေးလျ ဒေသစံတော်ချိန် နံနက် ၂း၂၀နာရီတွင် Melbourne မြို့၌ ကွယ်လွန်သွားပြီဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးတင်မောင်လတ် (၆၇)နှစ်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ပြည်သူ့လွှတ်တော်ရုံး

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီ (၂၂)လမ်း၊ အမှတ်(၄၀)နေ (ဦးကြာညွန့်-ဒေါ်ခင်မြင့်မြင့်)တို့၏ သားကြီး၊ (ဦးခင်မောင်လတ်)၊ (ဦးခင်မောင်ဝင်း)၊ ဦးခင်မောင်အေး(မြို့နယ်အုပ်ချုပ်ရေးမှူး၊ မန်တုံ)၊ ဦးအောင်ထွန်း၊ (ဦးစီးအရာရှိစုံစမ်းရေး၊ စစစ ဟားခါး)၊ ဦးအုန်းမြင့်ဟန်-ဒေါ်အိအိခိုင်အလက-၄၊ တောင်ဥက္ကလာပ)၊ ဦးမျိုးသိမ်-ဒေါ်သီသီနွယ် (ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံး)၊ ဦးမောင်မောင်လွင်တို့၏ အစ်ကိုကြီး ဦးတင်မောင်လတ်သည် ၂၂-၁-၂၀၁၄ရက် နံနက် ၄နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးသန်း (၅၆)နှစ်
ထားဝယ်(မောင်းမကန်)
ရွှေဇင်ယော်ဟိန်း Jetty

ရန်ကုန်မြို့ အမှတ်(၁၇)၊ အောင်ချမ်းသာ(၄)လမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်နေ (ဦးအိုမဲ-ဒေါ်အေးညွန့်)တို့၏သမီး၊ ဦးတင်စိုး၏ဇနီး၊ မစန္ဒာဦး၊ ကိုနေဇော်ဦး(ခ)ညီညီ-မယဉ်ယဉ်ဆင့်၊ မောင်ကျော်မျိုးဦး(ခ)နီနီ၊ မမာလာစိုးတို့၏ချစ်လှစွာသောမိခင်သည် ၂၂-၁-၂၀၁၄ရက် ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်ရက်နှင့် အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စန်းစန်းရီ (၅၄)နှစ်
အိုးအိမ်(ငြိမ်း) B.Sc(Zoo)
Diploma in Japanese

ရန်ကုန်မြို့ (က/၂၆)၊ သုမင်္ဂလာလမ်း၊ ဇဝန၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးပါလေး)-ဒေါ်နှင်းရီတို့၏သမီး၊ (ဦးအေးမောင်)-ဒေါ်ကျင်မွေး (တပ်မြေရွှေပန်းထိမ်)တို့၏သမီးချွေးမ၊ ဦးအောင်ကြိုင် (ပတ္တမြားသီဂီရွှေပန်းထိမ်)၏ ချစ်လှစွာသောဇနီး၊ မထက်ရည်မွန်လင်း၊ (MBA 17th Batch)၊ မောင်ခန့်ကျော်စွာ (Final Part 1၊ဆေး-၁)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ဒေါက်တာအောင်လင်း-သီရိသုဓမ္မသီဂီဒေါ်မိမိစိန်၊ ဦးကျော်လွင်-ဒေါ်နွဲ့နွဲ့ဝင်း(ခေတ္တ-USA)၊ ဦးထင်လင်း-ဒေါ်ညွန့်ညွန့်သန်း(ခေတ္တ-USA)၊ RON ဒေါ်ဖြူဖြူဝင်း(ခေတ္တ-USA)တို့၏ညီမ၊ ဦးကြည်ဆန်း-ဒေါ်ဥမ္မာတို့၏အစ်မ၊ တူ/တူမငါးယောက်တို့၏အဒေါ်သည် ၂၂-၁-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၂း၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အာရှပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms. Karin Finkelston ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံအစိုးရနှင့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့တို့အကြား ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှု၊ လျှပ်စစ်၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားသတင်းဌာနများမှ ထုတ်လွှင့်နေသည့် မောင်တောဒေသရှိ ကလေးနှင့် အမျိုးသမီးများကို သတ်ဖြတ်သည်ဆိုသည့် သတင်းများ လုံးဝမဟုတ်မှန်

မောင်တော ဇန်နဝါရီ ၂၂

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးကျော်သိန်း၊ ပြည်နယ်စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဦးမောင်စံရွှေနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးမှူး (OCHA) မှ Barbara Babista၊ UNHCR ဌာနေကိုယ်စားလှယ် Roka Kodo၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဘူးသီးတောင်မြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဘော်ရှီးအာမက်၊ မောင်တောမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးအောင်မျိုးမင်းတို့သည် ယနေ့ညနေ ၃ နာရီတွင် ခရေမြိုင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

နိုင်ငံတာဝန်ကို ထမ်းဆောင်ခဲ့ကြသည့် သက်ပြည့်ပင်စင်ခံစားနေကြသော အငြိမ်းစားများအတွက် တန်ဖိုးနည်းမိုဘိုင်းဖုန်းများ ရောင်းချပေးမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပြည်သူများသို့ လစဉ်တန်ဖိုးနည်း မိုဘိုင်းဖုန်း ၃၅၀၀၀၀ ကို ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ၌ ၂၀၁၄ခုနှစ် ဇန်နဝါရီလမှစတင်၍ နိုင်ငံတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီး သက်ပြည့်ပင်စင်ခံစားနေသည့် အငြိမ်းစားများအတွက် တန်ဖိုးနည်းမိုဘိုင်းဖုန်းများကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ အစီအစဉ်နှင့် သီးသန့်ခွဲတမ်းထည့်ပြီး မဲစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းဖုန်းများ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဆက်လက်ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

၁။ ၂၀၁၃ ခုနှစ်၊ ဧပြီလမှစတင်၍ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် လစဉ်တန်ဖိုးနည်း မိုဘိုင်းဖုန်း သုံးသိန်းငါးသောင်းကို ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် ပြည်သူများ အလွယ်တကူ အဆင်ပြေချောမွေ့စွာ ဆက်သွယ်အသုံးပြုနိုင်ရေးအတွက် ခွဲဝေဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ယခုအခါ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် ရောင်းချပြီးသော တန်ဖိုးနည်းမိုဘိုင်းဖုန်း (၃.၂)သန်းအပါအဝင် စုစုပေါင်းမိုဘိုင်းဖုန်း (၇) သန်းကျော် ရောင်းချခဲ့ပြီးဖြစ်ပါသည်။ တစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးပေးခဲ့ပြီးဖြစ်သည့် ဖုန်းအရေအတွက်ပေါင်းနှင့် မိမိနိုင်ငံရှိ အိမ်ထောင်စုပေါင်း(၈.၇)သန်းကျော်အား အချိုးချတွက်ကြည့်မည်ဆိုလျှင် အိမ်ထောင်စု (၁.၂၄) စုလျှင် မိုဘိုင်းဖုန်း(၁)လုံးနှုန်း ရရှိသွားနိုင်မည်ဖြစ်သော်လည်း လက်ရှိအခြေအနေတွင် အိမ်ထောင်စုတိုင်း ဖုန်းသုံးစွဲရန် လိုအပ်နေသေးကြောင်း စိစစ်တွေ့ရှိနေရပါသဖြင့် အိမ်ထောင်စုတိုင်းအတွက် မိုဘိုင်းဖုန်း ပိုမိုသုံးစွဲခွင့်ရရှိရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၄ရက်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ အစီအစဉ်ဖြင့် တယ်လီဖုန်းခေါ်ဆိုခ ၃၀၀ကျပ်ကြိုတင်ပေးသွင်းထားသော CDMA 800MHz /GSM/ WCDMA မိုဘိုင်းဖုန်း(၃၅၀၀၀၀)ကို SIM Card တစ်ခုအတွက် (၁၅၀၀)ကျပ်နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသည့်အခါ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အများပြည်သူတို့အတွက် **ပုံမှန်ရောင်းချပေးနေသည့် အစီအစဉ်တွင် နိုင်ငံတာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ခံစားနေသည့် အငြိမ်းစားများအတွက် သီးသန့်ထည့်သွင်းဖြန့်ဖြူးရောင်းချပေး**သွားမည်ဖြစ်ပါသည်။

၃။ ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလတွင် မိုဘိုင်းဖုန်းများကို ဆက်လက်ဖြန့်ဖြူးရောင်းချရာ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ လက်ရှိ တပ်ဆင်ပေးထားသော လိုင်းအင်အားနှင့် အမှန်တကယ်သုံးစွဲနေသော အခြေအနေများအပေါ် မူတည်၍ ပြည်သူများအဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ တစ်ဖက်ပါအတိုင်း အချိုးကျခွဲဝေပြီးပေးရန် လျာထားတွက်ချက်ထားပါသည်။

၄။ ပြည်သူများ သက်သာသောနှုန်းထားဖြင့် အမှန်တကယ်အသုံးပြုနိုင်ရန်ရည်ရွယ်၍ ဖြန့်ဖြူးရောင်းချခြင်းဖြစ်သည့်အတွက် ဖုန်းကတ်ဝယ်ယူထားသည့်နေ့မှစ၍ (၁၅)ရက်အတွင်း တယ်လီဖုန်း SIM Card တွင် မူလထည့်သွင်းပေးထားသည့် တယ်လီဖုန်းခေါ်ဆိုခ (၃၀၀)ကျပ် မကုန်မီ တယ်လီဖုန်းသုံးစွဲသူသည် အနည်းဆုံး (၅၀၀၀)ကျပ်တန် ကြိုတင်ငွေဖြည့်ကတ်ဖြင့် ငွေဖြည့်သုံးစွဲရပါမည်။ SIM Card ကို အခြားသူတစ်ဦးဦးသို့ လက်ဆင့်ကမ်းရောင်းချခြင်းမှ ကာကွယ်နိုင်ရန်အတွက် (၁၅)ရက်အတွင်း အသုံးပြုခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ပါသည်။

၅။ ဤတန်ဖိုးနည်းမိုဘိုင်းဖုန်းများသည် လစဉ်ကြိုတင်ငွေဖြည့်ကတ်ဖြင့် ပြောဆိုခကျပ်(၂၅၀၀)ကို အနည်းဆုံး သုံးစွဲရမည်ဖြစ်ပါသည်။ နှစ်လပြည့်သော်လည်း ကြိုတင်ငွေဖြည့်ကတ်မှ (၅၀၀၀)ကျပ်ကို အပြည့်မသုံးစွဲပါက ကျပ်(၅၀၀၀)ပြည့်သည်အထိ အလိုအလျောက်ဖြတ်တောက်သွားပါမည်။ ဖြည့်သွင်းထားသောငွေ ကုန်ဆုံးပြီးနောက် (၁၅)ရက်အတွင်း ငွေထပ်မံ၍ ဖြည့်သွင်းခြင်းမရှိပါက အဆိုပါဖုန်းကတ်သည် အလိုအလျောက် လိုင်းပိတ်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ တန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်းများ ဖြန့်ဖြူးရောင်းချမည့်အစီအစဉ်

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	အများပြည်သူ			ပင်စင်စား	စုစုပေါင်း
		CDMA 800	GSM	WCDMA	WCDMA	
၁။	နေပြည်တော်ကောင်စီနယ်မြေ	၁၂၀၀၀	၈၀၀၀	၇၀၀၀	၂၂၀၀	၂၉၂၀၀
၂။	ကချင်ပြည်နယ်	၄၀၀၀	၉၀၀	၁၀၀	၁၃၀၀	၆၃၀၀
၃။	ကယားပြည်နယ်			၂၀၀	၄၀၀	၆၀၀
၄။	ကရင်ပြည်နယ်		၅၂၀၀	၈၀၀	၉၀၀	၆၉၀၀
၅။	ချင်းပြည်နယ်			၃၀၀	၇၀၀	၁၀၀၀
၆။	စစ်ကိုင်းတိုင်းဒေသကြီး	၁၂၀၀၀	၅၅၀၀	၅၀၀	၃၆၀၀	၂၁၆၀၀
၇။	တနင်္သာရီတိုင်းဒေသကြီး		၆၁၀၀	၉၀၀	၇၀၀	၇၇၀၀
၈။	ပဲခူးတိုင်းဒေသကြီး(အရှေ့)	၁၆၀၀၀	၅၅၀၀	၅၀၀	၃၆၀၀	၂၅၆၀၀
၉။	ပဲခူးတိုင်းဒေသကြီး(အနောက်)		၆၄၀၀	၆၀၀	၁၆၀၀	၈၆၀၀
၁၀။	မကွေးတိုင်းဒေသကြီး		၁၄၅၀၀	၁၅၀၀	၃၃၀၀	၁၉၃၀၀
၁၁။	မန္တလေးတိုင်းဒေသကြီး	၂၄၀၀၀	၁၂၀၀၀	၁၀၀၀၀	၅၃၀၀	၅၁၃၀၀
၁၂။	မွန်ပြည်နယ်		၉၄၀၀	၆၀၀	၂၀၀၀	၁၂၀၀၀
၁၃။	ရခိုင်ပြည်နယ်	၂၀၀၀၀	၄၆၀၀	၄၀၀	၁၇၀၀	၂၆၇၀၀
၁၄။	ရန်ကုန်တိုင်းဒေသကြီး	၅၀၀၀၀	၇၅၀၀	၁၅၅၀၀	၁၅၀၀၀	၈၈၀၀၀
၁၅။	ရှမ်းပြည်နယ်(မြောက်ပိုင်း)		၄၉၀၀	၁၁၀၀	၁၀၀၀	၇၀၀၀
၁၆။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)		၃၇၀၀	၈၀၀	၅၀၀	၅၀၀၀
၁၇။	ရှမ်းပြည်နယ်(တောင်ပိုင်း)	၄၀၀၀	၃၆၀၀	၄၀၀	၁၆၀၀	၉၆၀၀
၁၈။	ဧရာဝတီတိုင်းဒေသကြီး	၈၀၀၀	၁၀၃၀၀	၇၀၀	၄၆၀၀	၂၃၆၀၀
	စုစုပေါင်း	၁၅၀၀၀၀	၁၀၈၁၀၀	၄၁၉၀၀	၅၀၀၀၀	၃၅၀၀၀၀

သမိုင်းဘာသာသိကောင်းစရာ

[illegible]

စာမျက်နှာ (၂) သို့ »»

»»» စာမျက်နှာ (၁) မှ

(NATO)
(ANZUS)
(SEATO)
(CENTO)

မြန်မာ စာစီစာကုံးအထူးတန်းများ
ဦးဟန်သာ အင်္ဂလိပ်စာ
အရေးနှင့်သဒ္ဒါတန်းများ
Ph: 01-8604440, 8604441, 8604442

ဖခင်အမည်မှန်

အလက(၁) ဗဟန်း၊ အဌမတန်း(A)မှ မောင်ကောင်းထက်စံ၊ အမက(၁၂)၊ ဗဟန်း စတုတ္ထတန်းမှ မခိုင်ခိုင်သန့်နှင့် ဒုတိယတန်းမှ မောင်မင်းသစ်ထူးတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး ဖြစ်ပါကြောင်း။

သွေး သည် အ သက်

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၆)လမ်း၊အမှတ်(၆၄၀)နေ ဦးထွန်းမြင့်[၁၂/လမန(နိုင်)၀၄၁၄၀၃]မှအောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၅၂၀)နေ ဒေါ်ထား ထားလွင်[၇/ပမန(နိုင်)၀၃၇၃၃၉]ကို ၁၉- ၁-၂၀၁၃ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-VI ၁၄၆၇၄ဖြင့်အထွေထွေကိုယ်စားလှယ်လွှဲစာကိုပေးအပ်ခဲ့ပါသည်။သို့သော် ဒေါ်ထားထားလွင်သည် ကိုယ်စားလှယ်လွှဲစာအတိုင်း တာဝန်ယူဆောင်ရွက်ခြင်း မပြုဘဲ ပျက်ကွက်နေပါသဖြင့် ယနေ့ကြော်ငြာပါသည့် နေ့မှစ၍ အထွေထွေကိုယ်စားလှယ်စာကို ပြန်လည် ရုပ်သိမ်းလိုက်ပါကြောင်း ကိုယ်စားလှယ်စာရသူ ဒေါ်ထားထားလွင်နှင့် အများသိစေရန် ကြေညာ အပ်ပါသည်။

ဦးထွန်းမြင့်[၁၂/လမန(နိုင်)၀၄၁၄၀၃]

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၉၁၅/က၊ မြေကွက်တည်နေရာအမှတ်(၉၁၅/က)၊ ကျော်သူ(၁၇)လမ်း၊ (၉)ရပ်ကွက်၊ တ/ဥ(ဒေါ်စောတင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စောတင်နှင့်ခင်ပွန်း ဦးစိုး ကွယ်လွန်သဖြင့် ဒေါ်အေးရွှေ[၁၂/ဥကတ(နိုင်)၀၂၉၆၄၃]၊ ဦးစိုးလွင်[၁၂/ဥကတ(နိုင်)၀၂၂၇၅၂]၊ ဒေါ်လှကြွေ[၁၂/ဥကတ(နိုင်)၀၂၈၆၇၁]၊ ဦးစိန်မင်း[၁၂/သခန(နိုင်)၀၈၉၉၆၅]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၉၀၀(၂၆-၁၁-၁၃)ဖြင့် အထွေထွေ ကိုယ်စားလှယ် ဦးစိုးလွင်[၁၂/ဥကတ(နိုင်)၀၂၂၇၂၅]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၂၃၅(၄-၁၂-၁၃) ကိုတင်ပြ၍ မြေပုံးကူးလျှောက်ထားလာရာ ခိုင်လုံသောအထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊လူနေရပ်ကွက်အမှတ်(၄၀)၊မြေကွက်အမှတ် (၁၁၇)၊အကျယ်အဝန်း(၄၀×၆၀)ပေအကျယ်ရှိ ဦးစိန်တင်အမည်ဖြင့် တည်ရှိသောနှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၀)ရပ်ကွက်၊ ဝန်းသိုလမ်း၊အိမ်အမှတ်(၁၁၇)ဟုခေါ်တွင်သည့် အိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ဦးစိန်တင် ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်စိန်[၁၂/ရကန(နိုင်)၀၅၂၄၀၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာ
LL.B, D.B.L, D.I.L, D.I.R, C.B.D.S (MOFA)
အထက်တန်းရှေ့နေ(စဥ်-၃၃၁၆၇)
“ရွှေနန်းစံ” ဥပဒေအကြံပေးစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှုနှင့် အိမ်၊ခြံမြေ အကျိုးဆောင်လုပ်ငန်း အမှတ်(၃၅၆)၊ပထမထပ်၊ကမ္ဘာအေးစေတီလမ်း၊(၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
Ph: 09-73146551,09-73173987,09-420003874,09-420003873,09-420003872

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ် (၆၉-အေ)၊ အခန်း(၅၃)၊ ရန်ကုန်အင်းစိန်လမ်း၊ လှိုင်မြို့နယ်နေ ဒေါ်မင်းမင်းအေး[၁၁/သတန(နိုင်)၀၀၀၄၉၉] အမည်ပေါက် ပိုင်ဆိုင်သော တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် တို့ကို အရပ်ကတိစာချုပ်ဖြင့် စရန်ငွေပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက် လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ အဆိုပါနေ့ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဖြူဖြူထွန်း
[၇/ထတပ(နိုင်)၀၄၆၇၄၃]
ဖုန်း-၀၉-၅၀၉၉၂၉၂၊ ၀၉-၅၄၁၉၃၁၀

ကွာရှင်းပြီးစီးကြောင်းကြေညာခြင်း

ကျွန်တော် ဦးသန်းထွဋ်[၁၂/အစန(နိုင်)၀၅၈၆၀၇]နှင့် ဒေါ်ခင်ဘုန်းမြင့်[၉/ကပတ(နိုင်)၀၀၄၇၅၂]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၉-၁၂-၂၀၁၃ရက်မှစ၍ အသိ သက်သေများ ရှေ့မှောက်တွင် ကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးသန်းထွဋ်[၁၂/အစန(နိုင်)၀၅၈၆၀၇]

(23-1) History.indd 2 1/22/2014 1:07:45 AM

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ (က) မည်သည့်စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေဖြင့် အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည်-
(၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊
(၂) ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊
(၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း။
(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်ခြင်း ပြုသည့်အခါ အဆိုပါ စည်းကြပ်နှစ်နှင့် သက်ဆိုင်သော ဝင်ငွေနှစ်အတွင်း စည်းကြပ်ထိုက်သည့် စုစုပေါင်း ဝင်ငွေရရှိသူ အားလုံးအား ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် သတ်မှတ်သည့် နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။"

၃။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ တွင်-
(က) ပုဒ်မခွဲ (က) တွင်ပါရှိသော "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍" ဆိုသည့် စကားရပ်ကို "မည်သည့်စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။
(ခ) ပုဒ်မ ၆ ၏ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ဝင်ငွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ကျိုးကြောင်းရှင်းလင်းတင်ပြချက်

စဉ်	ဥပဒေ/ နည်းဥပဒေနှင့် စည်းမျဉ်း	တည်ဆဲဥပဒေအရမူလစကားရပ်	ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် စကားရပ်	ကျိုးကြောင်း ဖော်ပြချက်
၁။	ဥပဒေပုဒ်မ ၄ ဝင်ငွေခွန်ကျသင့်စေခြင်း	**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-** (က) အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ပြုနိုင်သည်- (၁) ဝင်ငွေခွန်စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊ (၂) ဝင်ငွေ အမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊ (၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း	မည်သည့်စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့်- (က) အောက်ပါဝင်ငွေနှင့် ဝင်ငွေခွန်နှုန်းများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ပြုနိုင်သည်- (၁) ဝင်ငွေခွန် စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေ၊ (၂) ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်းများ၊ (၃) နိုင်ငံခြားငွေဖြင့် ဝင်ငွေရရှိမှုအပေါ် စည်းကြပ်ထိုက်သည့် ဝင်ငွေနှင့် ဝင်ငွေအမျိုးအစားတစ်ခုစီအတွက် ဝင်ငွေခွန်နှုန်း	၂၀၁၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အခွန်နှုန်းများနှင့် အခွန် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ/ရငွေ ပမာဏကို ပြင်ဆင်ရန် ဆောင်ရွက်ခဲ့ခြင်းအား ယခု ပြည်ထောင်စုလွှတ်တော်မှသာ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် ပြင်ဆင်ခြင်း ဖြစ်ပါသည်။
		(ခ) ပုဒ်မခွဲ (က) အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင်- (၁) စတင် အကျိုးသက်ရောက်စေရမည့် နေ့ရက်သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။ (၂) အဆိုပါ စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက်သို့မဟုတ် စည်းကြပ်နှစ်နှင့် သက်ဆိုင်သည့် ဝင်ငွေနှစ်အတွင်းရရှိသော စည်းကြပ်ထိုက်သည့် စုစုပေါင်းဝင်ငွေရရှိသူအားလုံးအား ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် သတ်မှတ်သည့် နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။	(ခ) ပုဒ်မခွဲ(က)အရ သတ်မှတ်ခြင်း ပြုသည့်အခါ အဆိုပါ စည်းကြပ်နှစ်နှင့် သက်ဆိုင်သော ဝင်ငွေနှစ်အတွင်း စည်းကြပ်ထိုက်သည့်စုစုပေါင်း ဝင်ငွေရရှိသူအားလုံးအား ရရှိသည့် ဝင်ငွေအမျိုးအစား တစ်ခုစီအတွက် သတ်မှတ်သည့်နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်စေရမည်။	။
၂။	ဥပဒေပုဒ်မ ၆ သက်သာခွင့်များ	(က) **ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍** အောက်ပါခွင့်ပြုငွေတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ပြုနိုင်သည်- (၁) ပုဂ္ဂိုလ်စုအတွက် အခြေခံခွင့်ပြုငွေ၊ (၂) တစ်ဦးချင်းပုဂ္ဂိုလ်အတွက် အခြေခံခွင့်ပြုငွေနှင့် အခွန်ထမ်း၏အိမ်ထောင်ဖက်နှင့် သားသမီးများအတွက် ခွင့်ပြုငွေ။	ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ တွင်- (က) ပုဒ်မခွဲ (က) တွင်ပါရှိသော "ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍" ဆိုသည့် စကားရပ်ကို "မည်သည့် စည်းကြပ်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေဖြင့်" ဟူသော စကားရပ်ဖြင့် အစားထိုးရမည်။	သက်သာခွင့်များကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းမည့် အခွန်အကောက်ဆိုင်ရာ ဥပဒေဖြင့် သတ်မှတ် ပြဋ္ဌာန်းနိုင်ရန်အတွက် ပြင်ဆင်ရခြင်းဖြစ်ပါသည်။
		(ခ) ပုဒ်မခွဲ (က)အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက် သို့မဟုတ် စည်းကြပ်နှစ်ကို သတ်မှတ်ပေးရမည်။	(ခ) ပုဒ်မ ၆ ၏ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။	။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ်၊ လ ရက်
(ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ"ဟု ခေါ်တွင်စေရမည်။

၂။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆။ မည်သည့်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့်-
(က) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကိုဖြစ်စေ၊ ရှိရင်းဇယားများကိုဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ ပြုနိုင်သည်၊
(ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ပမာဏကို သတ်မှတ်နိုင်သည်။"

၃။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၈ မှ ပုဒ်မခွဲ (ခ)ကို ပယ်ဖျက်ရမည်။

၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၇။ မည်သည့်နှစ်အတွက်မဆို ကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် နိုင်ငံခြားငွေပါဝင်ပါက ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။"

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ကျိုးကြောင်းရှင်းလင်းတင်ပြချက်

မူကြမ်း ပုဒ်မ	တည်ဆဲဥပဒေပြဋ္ဌာန်းချက်			ပြင်ဆင်ပြဋ္ဌာန်းချက်	ကျိုးကြောင်းရှင်းလင်း တင်ပြချက်
	ပုဒ်မ	ပုဒ်မခွဲ	တည်ဆဲပြဋ္ဌာန်းချက်		
၃	၆		ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်- (က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကို ဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းကို ပြုနိုင်သည်၊ (ခ) ပုဒ်မခွဲ(က)အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက်ကိုဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကိုဖြစ်စေ၊ စည်းကြပ်နှစ်ကိုဖြစ်စေ သတ်မှတ်ပေးရမည်။	မည်သည့်နှစ်အတွက်မဆို ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေဖြင့်- (က) ဤဥပဒေ၏ နောက်ဆက်တွဲဇယားပါ ဖော်ပြချက်များကိုဖြစ်စေ၊ ရှိရင်း ဇယားများကို ဖြစ်စေ၊ အခွန်နှုန်းများကိုဖြစ်စေ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းကို ပြုနိုင်သည်၊ (ခ) အခွန် မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေပမာဏကို သတ်မှတ်နိုင်သည်။	၂၀၁၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အခွန်နှုန်းများနှင့် အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ/ရငွေ ပမာဏကို ပြင်ဆင်ရန် ဆောင်ရွက်ခဲ့ခြင်းအား ယခု ပြည်ထောင်စုလွှတ်တော်မှသာ သတ်မှတ်ပြဋ္ဌာန်းနိုင်ရန်အတွက် ပြင်ဆင်ခြင်းဖြစ်ပါသည်။
၄	၈		ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍- (ခ) အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေ ပမာဏကိုသတ်မှတ်နိုင်သည်၊	ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၈ မှ ပုဒ်မခွဲ (ခ) ကိုပယ်ဖျက်ရမည်။	အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ/ရငွေပမာဏ သတ်မှတ်ခြင်းအား ပုဒ်မ ၆ တွင် ဖြည့်စွက်လိုက်သဖြင့် ပုဒ်မ ၈ တွင် ပယ်ဖျက်ခြင်းဖြစ်ပါသည်။
၅	၂၇		ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍- (က) ကုန်စည်တစ်မျိုးမျိုးကို ရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ် ဆောင်ရွက်ခြင်းအတွက် နိုင်ငံခြားငွေရရှိလျှင် ယင်းနိုင်ငံခြားငွေအပေါ် ကျသင့်စေရမည့် အခွန်နှုန်းကို သတ်မှတ်နိုင်သည်။ (ခ) နယ်စပ်ကုန်သွယ်မှုတွင် ပြည်ပမှ တင်သွင်းသည့် ကုန်စည်များကုန်းပေါ်ရောက်တန်ဖိုးအပေါ် သွင်းကုန်တင်သွင်းစဉ်က ကျပ်ငွေဖြင့် ပေးချေခဲ့လျှင် ကျပ်ငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့် ပေးချေခဲ့လျှင် ယင်းနိုင်ငံခြားငွေဖြင့် လည်းကောင်း ကျသင့်စေရမည့် အခွန်နှုန်းကို သတ်မှတ်နိုင်သည်။ (ဂ) ပုဒ်မခွဲ(က)နှင့်(ခ)တို့အရ အမိန့်ကြော်ငြာစာထုတ်ပြန်ရာတွင် စတင်အကျိုးသက်ရောက်စေရမည့် နေ့ရက်ကိုဖြစ်စေ၊ ဘဏ္ဍာရေးနှစ်ကိုဖြစ်စေ၊ စည်းကြပ်နှစ်ကိုဖြစ်စေ သတ်မှတ်ပေးရမည်။	"၂၇။ မည်သည့်စည်းကြပ်နှစ်အတွက်မဆို ကုန်စည် တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဝန်ဆောင်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ဖြစ်စေ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် နိုင်ငံခြားငွေပါဝင်ပါက ပြည်ထောင်စု၏အခွန်အကောက်ဆိုင်ရာ ဥပဒေဖြင့် အခွန်ကျသင့်စေရန် သတ်မှတ်နိုင်သည်။"	နိုင်ငံခြားငွေဖြင့် အခွန်ကျသင့်စေခြင်းနှင့် ပတ်သက်၍ မူသဘောအရ ပြည်ထောင်စုလွှတ်တော်မှ ဆွေးနွေးအတည်ပြုပေးနိုင်ရန်နှင့် အခွန်နှုန်းများကိုလည်း သတ်မှတ်ပေးနိုင်ရန် ပြင်ဆင်ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ် လ ရက်
(ခုနှစ် လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေတွင် ပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

တံဆိပ်ခေါင်းအက်ဥပဒေတွင် ပြင်ဆင်သင့်သော ပုဒ်မများတင်ပြခြင်း

စဉ်	ဥပဒေ/ နည်းဥပဒေနှင့် စည်းမျဉ်း	တည်ဆဲဥပဒေအရ မူလစကားရပ်	ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်း သင့်သည့် စကားရပ်	ကျိုးကြောင်းဖော်ပြချက်
	မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေ ပုဒ်မ ၉	“9. (b) amend or enhance all or any of the amounts or values, description of instruments and proper stamp duties mentioned in this Act including Schedule 1 annexed thereto.”	ပယ်ဖျက်ရန်	၂၀၁၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေး ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စု အစိုးရ၏ သဘောတူညီချက်ဖြင့် တံဆိပ်ခေါင်းခွန် နှုန်းထားများကို ပြင်ဆင်ခြင်း၊ တိုးမြှင့်ခြင်းတို့ ဆောင်ရွက်ရန် ပြဋ္ဌာန်းခဲ့ခြင်းကို ပြည်ထောင်စု လွှတ်တော်အနေဖြင့်သာ ဆောင်ရွက် နိုင်ရန်အတွက် ပြန်လည်ပြင်ဆင်ခြင်း ဖြစ်ပါသည်။

ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း
(၂၀ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)
၁၃၇၅ ခုနှစ် လ ရက်
(ခုနှစ် လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရုံးခွန်အက်ဥပဒေတွင် ပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“35. The Union Government may, from time to time, by notification in the Gazette, reduce or remit all or any of the fees mentioned in the first and Second Schedules to this act annexed, and may like manner cancel or vary such order.”

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

ရုံးခွန်အက်ဥပဒေတွင် ပြင်ဆင်သင့်သော ပုဒ်မများတင်ပြခြင်း

စဉ်	ဥပဒေ/ နည်းဥပဒေနှင့် စည်းမျဉ်း	တည်ဆဲဥပဒေအရ မူလစကားရပ်	ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်း သင့်သည့် စကားရပ်	ကျိုးကြောင်းဖော်ပြချက်
	မြန်မာနိုင်ငံ ရုံးခွန် အက်ဥပဒေ ပုဒ်မ ၃၅	“35. Ministry of Finance and Revenue of the Union Government may, with the approval of the Union Government, by notification: (a) Reduce or remit all or any of the fees mentioned in the First and Second Schedules of this Act. (b) Amend or enhance all or any of the amounts or value, numbers or proper fees mentioned in this Act including those in Schedules annexed there to.”	“35. The Union Government may, from time to time, by notification in the Gazette,reduce or remit all or any of the fees mentioned in the First and Second Schedules to this Act annexed, and may like manner cancle or vary such order.”	၁။ ယခင်ပြည်ထောင်စု အစိုးရ၏ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရုံးခွန်အက်ဥပဒေ ဇယား ၁ နှင့် ၂ ပါ ထိုက်သင့်သည့် ရုံးခွန်အားလုံးကိုဖြစ်စေ၊ ရုံးခွန်တစ်ရပ်ရပ်ကိုဖြစ်စေ လျှော့ပေါ့ခွင့် (သို့)ကင်းလွတ်ခွင့်ပေးခြင်း(သို့) ပြင်ဆင်ခြင်း (သို့)ဖြည့်စွက်ခြင်းများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂။ ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆ အရ နောက်ဆက်တွဲဇယား ၁၊ ပြည်ထောင်စု ဥပဒေပြုစာရင်းတွင် တံဆိပ်ခေါင်း အက်ဥပဒေပါဝင်ခြင်းကြောင့် ရုံးခွန်အက်ဥပဒေအား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းလုပ်ပိုင်ခွင့်များကို ပြည်ထောင်စုလွှတ်တော်မှ ပြုလုပ်ဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ပါသည်။

နိုင်ငံဘက်စုံ တည်ဆောက်ဖို့ မှန်မှန်ကန်ကန် အခွန်ပေးစို့



အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၄ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် “သီဟသုဓမ္မသိင်္ဂီ” ဘွဲ့တံဆိပ်အား ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အမှတ်(၁၉)၊ ကမ္ဘောဇရိပ်သာလမ်းနေ ဒေါ်မာမာအား ချီးမြှင့်ခံရသည့်အတွက် မိသားစု နှင့်ထပ်တူ အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

ဦးဘမောင်နှင့် ဇနီး (Diamond Flower Jewellery)
အမှတ်(၁၅၄-၁၅၆)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်
ဦးစိုးသောင်းနှင့် ဇနီး
အမှတ်(၇၇)၊ (၂၉)လမ်း၊ ပန်းဘဲတန်းမြို့နယ်

ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ကျေးဇူးကြီးလှ မိနှင့်ဖကို မွေးထုတ်ပေးပြီး မြန်မာပြည်အနှံ့ စာသင်ကျောင်းများတွင် ငွေကြေးများလှူဒါန်းပေး၍ နာမည်ကျော် စာရေးဆရာကြီးများမှ မိဘမေတ္တာ ဂုဏ်ရည် ပူဇော်ဟောပြောပွဲများ ကျင်းပကာ ပြည်တွင်းပြည်ပ သာသနာပြု ပြန့်ပွားရေးနှင့် အနယ်နယ်အရပ်ရပ်မှ နာရေးလုပ်ငန်းများတွင် ငွေကြေးနှင့် မော်တော်ယာဉ်များ လှူဒါန်းပေးပါသော အောင်စည်းဖိမ်ကျောက်မျက်ကုမ္ပဏီ၏ ဒါရိုက်တာ သုဓမ္မသိင်္ဂီ ဒေါ်နန်းတိုးတိုးရွှေ၏ခင်ပွန်း အောင်စည်းဖိမ်ကျောက်မျက်ကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီး၏ ပညာရေးဖောင်းဒေးရှင်းဥက္ကဋ္ဌဖြစ်သူ ဦးအောင်ကြီးအား နိုင်ငံတော်မှ အမိန့်ကြေညာစာ ၁/၂၀၁၄ နေ့စွဲဖြင့် “သုဓမ္မမဏိဇောတဓရဘွဲ့”ချီးမြှင့်ခြင်းအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ဦးကျော်လွင်-ဒေါ်ယဉ်ယဉ်ဦး (Sin Gaung Taung Gems Co.,Ltd)
ဦးအားတာ-ဒေါ်သီတာအောင် (Tar Family Gems Co.,Ltd.)
ဦးအောင်ဇော်ဟိန်း-ဒေါ်ခိုင်မမထွန်း (Chan Thar Gems Co.,Ltd) (CTGC)
ဦးအောင်နိုင်လင်း-ဒေါ်လီရှင်းလန့် (Pwint Hla Gems Trading)

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၆)ဘဏ်မြောက်

သာကေတဘဏ်ခွဲ ကို

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် တွင်

၂၀.၁.၂၀၁၄ (တနင်္လာနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

သာကေတဘဏ်ခွဲ

အမှတ်(၁၆၅)၊ မြေညီထပ်၊ ဇင်မလမ်း၊ ၂/မြောက်ရပ်ကွက်၊

သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - (၀၁) ၉၁၉၀၅၃၁/ ၃၂/ ၃၃/ ၃၄

ဖက်စ် - (၀၁) ၉၁၉၀၅၃၅/ ၃၆/ ၃၇

www.kbzbank.com

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၇)ဘဏ်မြောက်

ဒိုက်ဦးဘဏ်ခွဲ ကို

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့ တွင်

၂၃.၁.၂၀၁၄ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

ဒိုက်ဦးဘဏ်ခွဲ

အမှတ်(၄၁၁/ခ)၊ မြို့ဝင်လမ်း၊ အမှတ်(၅)သံတံတားရပ်ကွက်၊

ဒိုက်ဦးမြို့၊ ပဲခူးတိုင်းဒေသကြီး။

ဖုန်း – (၀၅၂) ၄၀၅၅၅/၅၆/၅၇/၅၈/၅၉

ဖက်စ် – (၀၅၂) ၄၀၅၆၀/၆၁/၆၂

www.kbzbank.com

မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့
Myanmar Board of Engineers
ကြေညာချက်

Professional Engineers(P.E.) မှတ်ပုံတင်ရန် လျှောက်ထားမှုများကို မြန်မာနိုင်ငံအင်ဂျင်နီယာစိစစ်ရေးဘုတ်အဖွဲ့ MBE အနေဖြင့် ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၃၁ရက်အထိ တိုးမြှင့်လက်ခံဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

အဆိုပါ ၂၀၁၄ခုနှစ် ဇန်နဝါရီလ ၃၁ရက် နောက်ပိုင်း Professional Engineers P.E. လျှောက်ထားမှုများကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ မှတ်ပုံတင်လက်မှတ် စိစစ်ရေးလုပ်ငန်းကော်မတီမှ လက်ခံအရေးယူ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

Myanmar Board of Engineers

တစ်ဦးတည်း ဖြစ်ပါကြောင်း အဖ ဦးအုံးလွင်၏သား ဦးသန့်ဇင်[၁၀/မလမ(နိုင်)၁၉၄၄၃၂] ကိုင်ဆောင်သူနှင့် ဦးသန့်ဇင်ဦးမှာ တစ်ဦးတည်း ဖြစ်ပါသည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ
ဦးစိုးညွန့်-ဒေါ်သိန်းသိန်းမြင့်တို့၏သားငယ်၊ မောင်နိုင်လင်းစိုး၏ညီ၊ မပိုင်ပိုင်စိုးညွန့်၏အစ်ကို

မောင်ကျော်သူစိုး
B.Sc (Physics),Sport Editor(Skynet Media)

နှင့်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ
ဦးမြင့်သောင်း-ဒေါ်စန်းစန်းမြင့်တို့၏ သမီးလတ်၊ ဒေါ်အေးအေးသန်း၏ တူမ၊
မခိုင်သဇင်မြင့်သောင်း၏ညီမ၊ မအိန္ဒြေမြင့်သောင်း၏အစ်မ

မမေသဥ္ဇာမြင့်သောင်း B.Tech(Civil)

တို့သည် ၁၈-၁-၂၀၁၄ရက်တွင် နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်သူစိုး-မမေသဥ္ဇာမြင့်သောင်း

Golden Sky
Professional Training Centre
Condominium Estimate Courses

ဆရာရှင်မင်း (B.A)

တန့်ကြည့်တောင်ဝိပဿနာရိပ်သာ (ရန်ကုန်)
(၁၁)ကြိမ်မြောက် ပရိဝါသ်ဓမ္မသဘင်ကျင်းပမည်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော်ကြီး ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၁)ကြိမ်မြောက် ပရိဝါသ်ဓမ္မသဘင်ကို ၁၃၇၅ခုနှစ်၊တပို့တွဲလဆန်း ၁ ရက်(သောကြာနေ့)မှ တပို့တွဲလပြည့်ကျော် ၅ရက်(ဗုဒ္ဓဟူးနေ့) ၃၁-၁-၂၀၁၄ ရက်မှ ၁၉-၂-၂၀၁၄ရက်ထိ ရက်ပေါင်း(၂၀)တိုင်တိုင် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၃)လမ်းမကြီး၊ ကုန်းတလပေါင် စံပြကျေးရွာအနီးရှိ တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်)၌ ပြုလုပ်ကျင်းပမည် ဖြစ်ပါသည်။

ဤဓမ္မသဘင်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင်ဆရာတော် ဘဒ္ဒန္တသောမဗုဒ္ဓိ အပါအဝင် ကြီးကြပ်သံဃာ (၅)ပါးနှင့် ပရိဝါသ်ဆောက်တည်သောသံဃာ(၂၄)ပါး ပေါင်း(၂၉)ပါး ပါဝင်ကြပါသည်။ ထိုဆရာတော် သံဃာတော်အရှင်မြတ်များအတွက် ပစ္စည်း(၄)ပါးနှင့် အခြားပစ္စည်းများကို လှူဒါန်းနိုင်ကြပါသည်။

ပရိဝါသ်ဆောက်တည်ရန် လက်ခံထားသော သံဃာတော်(၂၄)ပါးတို့သည် (၁၃၇၅ ခုနှစ်၊ ပြာသိုလကွယ်) ၃၀-၁-၂၀၁၄ ရက်(ကြာသပတေးနေ့) ညနေအရောက် ရိပ်သာသို့ရောက်ရှိကြရန် ပင့်လျှောက်ပါသည်။

ယင်းပရိဝါသ်ဆောက်တည်ပွဲပြီးဆုံးသည့် ၁၉-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် တန့်ကြည့်တောင်ဝိပဿနာရိပ်သာ(ရန်ကုန်)ရေကြာအိုင်သိမ်ကျောင်းတော်ကြီး၌ သိမ်ဆင်းသံဃာအပါး(၄၀)အား လောင်းလှူကြမည်ဖြစ်၍ ကြွရောက်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ပရိဝါသ်တည်ဆောက်ခြင်းကိစ္စနှင့်ပတ်သက်၍ ရိပ်သာ ဖုန်း-၆၃၈၀၈၈နှင့် လက်ကိုင်ဖုန်း-၀၉-၇၃၀၉၁၀၇၇သို့ ဆက်သွယ်နိုင်ပါသည်။

ကပ္ပိယကာရကအဖွဲ့

Computer Software Engineer ကောင်းတစ်ယောက်ဖြစ်နိုင်ဖို့အတွက်
Programming Fundamental
.NET
Programming Language, Programming Concept and Process, Way of Thinking, Techniques
Programming Language, Techniques (array, control structure (if,while, do....while,for) method) real-world examples
Problem Solving Skills နှင့် Logical Thinking Skills, Case-Study, Flow Chart, Pseudo Code
Gusto
IT Professional Institute
289(A), Pyay Road(Near MyayNiGone Bus-Stop), Sanchaung Township, Yangon.
Ph: 09 730 31 302, 01- 503715, 01-504632

အားမီးလုံးများသည်။
CRANE
518474,095094914,0943164788

ဖောင်းကြွပျောက်ဆုံးကြောင်း

ယာဉ်အမှတ်-၅ဂ/၃၇၆၈ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား၊ ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

KING STAR
20000Ks
Internet
Office 2010
D.T.P
Graphic Design
A+ Hardware
Video Editing
AutoCAD 2D,3D

ဝက်ခြံ၊ တင်းတိပ် ကင်းစင်၍ အသားအရေ ဖြူဖွေးချောမွေ့စေရန်
မြန်မာ့သဘာဝအသားလှရည်
ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ထောက်ခံချက်အမှတ် (1309 PC 0020)

Myanmar Metropolitan College Grand Opening
&
SR International Education Exhibition 2014
US - UK - AUSTRALIAN - SINGAPORE - MALAYSIA
IGCSE Result
Singapore, Australia
ABE / HND / LCCI Level III / IADCS UK (Top up)
100% Scholarship 95% Japan University
University of Newcastle (Australia) Bachelor of Engineering Singapore
B.Tech / B.E Engineer Background
B.C.Sc Master of IT
January လ 25 ရက်နေ့တွင်
SR International Education Exhibition 2014 ပြပွဲကြီးကို
Myanmar Metropolitan College ၏ Grand Opening နေ့တွင်
MMC
25th January, Saturday
9:30 am to 1:30 pm
MMC City Campus
SR WORLDWIDE EDUCATION
STUDY ABROAD SPECIALIST SERVICES
MMC City Campus | 47/48, Bahosi Building, Lanmataw Township 11131, Yangon, Myanmar
Call us : 01-210765, 09-5428848, 09-5438848
www.sr-education.com, www.facebook.com/srworldwideeducation

Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold

စိန်ရွှေရတနာဆိုင်

ဤဆိုင်မှ ဝယ်ယူသော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏၉၀% လဲလျှင်ကာလတန်ဖိုး၏၉၅% ပြန်ပေးပါသည်။

စိန်ထည်ရွှေထည်များကိုပန်းထိမ်ကြေးဖြင့် ဖောက်သည်ပေးပါသည်။

အမှတ်(၇၅)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းဈေးအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -

NELC
"Don't Worry, Just Speak!!!"
Nelson English Language Centre
Native Speaker ဆရာများနှင့် Local ဆရာ/မများဖြင့် သင်ကြားပေးပါသည်။
Pre-School (Age 3 to 5)
★ Intro, Level - 1, 2, 3
★ Listening /Speaking 1,2
★ IELTS (Foundation)
Opening in January

ဗဟိုမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များ အထူး
ရောင်းပေးဝယ်ပေးသည်
09-250637311
09-250637322

ရှေ့နေ (LL.B.)

ဖုန်း 01-394727, 01-399426, 09-73009994, 095152521

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၅)
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်တက္ကသိုလ်(ULB)ဝင်းအတွင်း နိုင်ငံခြားသားပညာရှင်များ နေအိမ်(၂) ခန်းတွဲ၊ (၄)ထပ်၊ နိုင်ငံခြားသား(၈)ဦး နေအိမ်(၃)လုံး (၈၀'×၃၀')R.C ဆောက်လုပ်ခြင်းအတွက် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၁။	ဘိလပ်မြေ	၄၇၅	တန်
၂။	မြစ်ကျောက်စရစ်	၃၀၀	ကျင်း
၃။	သဲ	၄၀၀	ကျင်း
၄။	လက်အုတ်	၃၀၀၀၀၀	လုံး
၅။	သံချောင်း(ဆိုဒ်စုံ)	၉၀	တန်
၆။	အခြားသား(ဆိုဒ်စုံ)	၈၅	တန်
၇။	ပျဉ်းကတိုး(ဆိုဒ်စုံ)	၁၉	တန်
၈။	ငါးထပ်သား(၈'×၄')	၅၀၀	ချပ်
၉။	ကျွန်းတံခါး(မှန်ပုံ၊ မှန်ဆံအပြည့်)	၂၆၀၀	စ/ပေ
၁၀။	အလူမီနီယံပြတင်း	၅၀၀၀	စ/ပေ
၁၁။	အနောက်တိုင်းသုံးအိမ်သာအိုး	၄၈	လုံး
၁၂။	သံပန်း(လှေကား+ဝရန်တာ)	၁၃၂၃	စ/ပေ

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၂၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၂၉ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး၊
အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့.(၅)
အမှတ်(၁၄)၊ သံသုမာလမ်းနှင့် သေနတ်ပစ်ကွင်းလမ်းထောင့်၊
တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၁-၅၆၄၄၀၇
တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့.

ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့အာမခံလုပ်ငန်း
အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ကိုယ်စားလှယ်သင်တန်း
လျှောက်လွှာခေါ်ယူခြင်း

၁။ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် အာမခံကိုယ်စားလှယ်သင်တန်း(၁/၂၀၁၄)အား ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၊ အမှတ်(၆၂၇/၆၃၅)၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ဖွင့်လှစ်ပါမည်။

၂။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီးသူ မြန်မာနိုင်ငံသားများ တက်ရောက်ခွင့်ရှိရာ လျှောက်လွှာပုံစံကို မြန်မာ့အာမခံလုပ်ငန်း(ရုံးချုပ်)၊ စတုတ္ထထပ်ရှိ အာမခံကိုယ်စားလှယ် ရွေးချယ်စိစစ်ခန့်ထားရေးအဖွဲ့ (အထက်ပါလိပ်စာ)တွင် ဝယ်ယူ၍ ၂၈-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်း လျှောက်ထားသူကိုယ်တိုင် လာရောက်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်တစ်ခုခုမှ ရရှိထားသည့် ဘွဲ့လက်မှတ် (မူရင်း/မိတ္တူ)
(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ)၊
(ဂ) ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၂) ပုံ [လွန်ခဲ့သော (၆)လအတွင်း ရိုက်ကူးထားသောပုံ]
(ဃ) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်မူရင်း၊

၃။ သင်တန်းသားဦးရေ (၉၀)ဦး တက်ရောက်ခွင့် ရရှိမည်ဖြစ်ပြီး သတ်မှတ်ထားသည့် သင်တန်းကြေးများကို သင်တန်းချိန်အတွင်း ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ သင်တန်းကာလမှာ ၃-၂-၂၀၁၄ရက်မှ ၁၅-၂-၂၀၁၄ရက်အထိဖြစ်ပြီး တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိဖြစ်ကာ စုစုပေါင်းသင်တန်းတက်ရောက်ချိန် (၇၅) ရာခိုင်နှုန်းပြည့်မီခြင်းမရှိက စာမေးပွဲဖြေဆိုခွင့် ရရှိမည်မဟုတ်ပါ။

၅။ သင်တန်းတက်ရောက် အောင်မြင်ပြီးပါက ရရှိသည့်အဆင့်အလိုက် အာမခံလုပ်ငန်း ကိုယ်စားလှယ် လုပ်ကိုင်ခွင့် ခန့်အပ်လွှာနှင့် ကိုယ်စားလှယ်မှတ်ပုံတင်ကတ်ပြားပေးအပ်မည်ဖြစ်ပြီး ကိုယ်စားလှယ်လုပ်ကိုင်ခွင့် သက်တမ်း(၁)နှစ်တိတိ ရရှိမည်ဖြစ်ပါသည်။

မှတ်ချက်။ (၁) နိုင်ငံတော်အစိုးရ ဝန်ထမ်းများ၊ ပုဂ္ဂလိက အာမခံကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ လျှောက်ထားခွင့်မရှိပါ။
(၂) အကြောင်းအမျိုးမျိုးကြောင့် ကိုယ်စားလှယ် သက်တမ်းတိုးရန် ပျက်ကွက်နေသော ကိုယ်စားလှယ်များ ယခုသင်တန်းသို့ တက်ရောက်သက်တမ်းတိုးလိုက သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ရမည်ဖြစ်သည်။

(အာမခံကိုယ်စားလှယ် စိစစ်ရွေးချယ်ခန့်ထားရေးအဖွဲ့.)

(၂)ညအိပ် (၃)ရက် တရားစခန်း ဖွင့်မည်

ဧည့်သည်ဖုန်း - ၀၉-၅၅၅၂၂၉၁
ကိုအောင်သိန်း - ၀၉-၇၃၃၀၀၄၆၃၃

ရွှေစက်တော်

Family Fun Fair ဖိတ်ကြားလွှာ
တောဘီမိုင်း Member ဝင်များရှင့်
နှစ်စဉ်ကျင်းပမြဲဖြစ်သည့် Family Funfair ပျော်ပွဲရွှင်ပွဲအား MCC ခန်းမ၊ မင်းဓမ္မလမ်းတွင် ၂၀၁၄ ဇန်နဝါရီ (၂၆) ရက်နေ့တွင် ညဘက်သို့ကြိုက်စွာ ကျင်းပမည်ဖြစ်ပါသောကြောင့် လာရောက်ဆင်နွှဲကြပါရန် ဖိတ်ကြားအပ်ပါသည်။
တောဘီမိုင်းမိသားစု

Family Fun Fair Member အား အသိပေးဖိတ်ကြားလွှာ
နှစ်စဉ် ဒီဇင်ဘာလတွင် ကျင်းပမြဲဖြစ်သော Family Fun Fair ပျော်ပွဲရွှင်ပွဲအား Sea Game ရှိပါသဖြင့် (၂၀၁၄ ၏ ဇန်နဝါရီလ ၂၆) ရက်နေ့တွင် MCC ခန်းမ၌ ညဘက်သို့ကြိုက်စွာ ကျင်းပမည် ဖြစ်ပါကြောင်း၊ Family Fun Fair Member များအား အသိပေး ဖိတ်ကြားအပ်ပါသည်။

မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော အလှကုန်ပစ္စည်းများ အရောင်းမြှင့်တင်ရန်အတွက် အရောင်းမြှင့်တင်ရေး Promotion Girl များနှင့် စနစ်တကျ ဝန်ဆောင်မှု ပေးနေသော Service Company များနှင့် ပူးပေါင်း ဆောင်ရွက်လိုပါသည်။ ယခု ကြော်ငြာပါသည့်ရက်မှ (၁)ပတ်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့များရှိ
ဗဟို စာတိုက်ကြီးများတွင် စာလက်ခံ ကောင်တာများအား
(၁၈-၁-၂၀၁၄) နေ့မှ စတင်ဖွင့်လှစ်ထားရှိပါသည်

ROYAL Express
တော်ဝင်အမြန်ချောစာပို့